


ဇင်သန့်
ကူးစက်တတ်သည်
PANDEMIC
ROBIN COOK

mgyoe.com SAMPLE BOOK

# ROBIN COOK
# PANDEMIC

ကူးစက်တတ်သည်

စင်သန့်



mgyoe.com

mgyoe.com

SAMPLE BOOK

ပထမ အကြိမ်၊ ၂၀၂၀၊ စက်တင်ဘာ

| | |
|---|---|
| မျက်နှာဖုံး | ပန်းချီ တင်ထွဏ်း |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၅၀၀၀ ကျပ် |
| မျက်နှာဖုံးနှင့် အတွင်း ပုံနှိပ်သူ | ဒေါ်ခင်စီ (၀၂၄၈)၊ ပြည်ဦးဘော ပုံနှိပ်တိုက် ၁၅၈၊ ၃၇ လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးနေဝင်း (၀၂၆၄၅)၊ ဘ၀တက္ကသိုလ် စာပေ ၁၄၉၊ ၃၇ လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်။ |

mgyoe.com

mgyoe.com SAMPLE BOOK

ဇင်သန့်

# ကူးစက်တတ်သည်

Pandemic

**Robin Cook**

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# နိဒါန်း

**အပိုင်း ၁**

ဧပြီလ ၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ ညနေ ၁း၄၅ နာရီ၊

အသက် ၂၈ နှစ် ရှိပြီ ဖြစ်သော ဒေးဗစ် ချောင်သည် ပြည်နယ်ကူးလမ်း အမှတ် ၈၀ ခရုပတ်ခွေ ထွက်ပေါက်မှ နယူးဂျာစီ ၆၆၁ လမ်းပေါ်သို့ ထွက်ကာ ဒိုဗာ ဆိုသည့် မြို့ငယ်ကလေးဆီသို့ လာခဲ့သည်။ ထိုမြို့ကလေးမှာ နယူးဂျာစီ ပြည်နယ်၏ အနောက်မြောက်ဘက်ရှိ ကျေးလက် မြို့ကလေး တစ်မြို့ ဖြစ်သည်။ ယခု လမ်းကို ပြီးခဲ့သည့် ငါးနှစ် အတွင်း အခေါက်ပေါင်း ရာထောင်မက သွားနေခဲ့ရသဖြင့် သူ ကျွမ်းနေပြီလည်း ဖြစ်သည်။ ဗုဒ္ဓဟူး နေ့လယ် ယာဉ် ကြောကလည်း သိပ်မကျပ်သဖြင့် လာရသည်မှာလည်း တစ်နာရီသာသာနှင့် ရောက်သည်။ သူက သွားနေကျအတိုင်း ဂျော့ ဝါရှင်တန် တံတား ကျော်သည် နှင့် ပြည်နယ်ကူးလမ်းမှ လာခဲ့ခြင်း ဖြစ်သည်။ သူသည် မန်ဟတ်တန် အထက် ပိုင်းရှိ ကိုလံဘီယာ တက္ကသိုလ် ဆေးဘက်ဆိုင်ရာ ဌာနမှ လာခဲ့ခြင်း ဖြစ်၏။ သူသည် ဇီဇနှင့် ဇီဝဆိုင်ရာ ဘာသာရပ်များဖြင့် ပါရဂူ ဘွဲ့ယူရန် ကိုလံဘီယာ တက္ကသိုလ် ဇီဝ စနစ် ဌာနတွင် ကျောင်းတက်နေသူလည်း ဖြစ်သည်။

ဒေးဗစ် တစ်ယောက်တည်း ကားဖြင့် လာခြင်း ဖြစ်သည်။ ဒိုဗာမြို့တွင် တော့ ထိုသို့လျှင် သူတစ်ယောက်တည်း ကားဖြင့် သွားလာနေကျ။ ဤသည် မှာလည်း ဖခင် ဖြစ်သူ ဝေချောင်ကြောင့် လာရခြင်း ဖြစ်သည်။ ကြားရသည့် အတိုင်းသာ မှန်မည် ဆိုလျှင် ဖခင်ကြောင့် ဒေးဗစ် မျက်နှာ ပူစရာ ဖြစ်ရသည်။ ဝေသည် အခြား တရုတ် စီးပွားရေး လုပ်ငန်းရှင်များကဲ့သို့ပင် ခေတ်သစ် တရုတ် နိုင်ငံ၏ စီးပွား အခွင့်အလမ်းများကို ရယူ ခံစားနိုင်ခဲ့သည်။ သို့သော် ယခု



mgyoe.com

mgyoe.com SAMPLE BOOK

သူ ဘီလျံနာ ဖြစ်လာတော့ တရုတ်ပြည် ပြင်ပကို ထွက်ချင်နေသည်။ သူက အမေရိကန် နိုင်ငံ၏ အစိုးရက ဝင်မရှုပ်သော စီးပွားရေး လုပ်ငန်း ဝန်းကျင် မျိုးကို ကြိုက်နေသည်။ ဒေးဗစ် အတွက်တော့ ထိုသည်မှာ ထူးခြားစွာ တိုး တက်လာသည့် အမိ နိုင်ငံ အပေါ် သစ္စာမဲ့ရာ ကျသည်ဟု မြင်သည်။

ဒေးဗစ်၏ မူလ နာမည်က ဒါကျန်။ သို့သော် လွန်ခဲ့သည့် ကိုးနှစ်က အမေရိကန် ပြည်ထောင်စု အမ် အိုင် တီ (မက်ဆာချူးဆက် နည်းပညာ တက္ကသိုလ်) တွင် အဏုဇီဝ ဘာသာရပ် သင်ယူရန် ဖခင်က လွှတ်သဖြင့် အနောက် နိုင်ငံများ၏ နာမည် တစ်ခု လိုအပ်ခဲ့သည်။ ချောင် ဒါကျန် ဆိုသော နာမည်က အဆင်မပြေ။ တရုတ် လူမျိုးတို့ ထုံးစံမှာ မိသားစု နာမည်ကို ရှေ့က ထားသည်။ အမေရိကန် နာမည် တစ်ခု ရွေးသည်။ သို့မှသာ လူမျိုး ခွဲခြားမှု ပြင်းထန်သော အမေရိကန် လူ့အဖွဲ့အစည်းတွင် အများ ကြားတွင် ထင်ရှားမနေဘဲ မသိမသာ ရှိနေမည် ဖြစ်သည်။

ထိုအတွက် ဂူဂဲတွင် အမေရိကန်တွင် ခေတ်စားသည့် လူငယ် နာမည် များကို လိုက်ရှာသည်။ ဒေးဗစ် ဆိုသည့် နာမည်မှာ မူလ နာမည် ဒါကျန် ကဲ့သို့ အသံ နှစ်သံတည်း ဖြစ်၍ ရွေးလိုက်သည်။ နာမည် အသစ်နှင့် အသား ကျအောင် အချိန် အတော်လေး ယူလိုက်ရသေးသည်။ ယခုတော့ ထိုနာမည်ကို သူ သဘော ကျနေလေပြီ။ တရုတ်ပြည်ကို ပြန်မည် ဆိုလျှင်တော့ ဒါကျန် နာမည်ကို ပြန်ပြောင်းမည်ဟု သူ တွက်ထားသည်။ နောက်နှစ်နှစ် အကြာ ပါရဂူ ဘွဲ့ရပြီးသည်နှင့် တရုတ်ပြည်သို့ ပြန်ကာ ဖခင်၏ ဇီဝ နည်းပညာ ဆေးဝါး ကုမ္ပဏီကို ဦးစီး လုပ်ကိုင်သွားမည်ဟုလည်း သူ မှန်းထားသည်။

ဖခင်က သူ၏ လုပ်ငန်း အဝဝကို တရုတ်ပြည်မှ အပြင်သို့ ထုတ်ယူရန် ကြိုးစားနေရာ ထိုအတိုင်း အောင်မြင်သွားမည်ကိုသာ ဒေးဗစ် စိုးရိမ်နေသည်။

ဒေးဗစ် ကားကို အရှိန် လျှော့လိုက်သည်။ သူက ကားကို အမြန် မောင်း တတ်သည်။ အထူးသဖြင့် ပြီးခဲ့သည့် မွေးနေ့တုန်းက အဖေ လက်ဆောင် ဝယ် ပေးသော အနက်ရောင် လက်ဇပ် အယ်လစီ ၅၀၀ အမျိုးအစား ကားအသစ် ကြောင့် ဖြစ်သည်။ ထိုကားကို ဒေးဗစ် ကြိုက်သည်။ သို့သော် သိပ်မကျေနပ် သေး။ သူ့သူငယ်ချင်း ဘွဲ့လွန် တရုတ် ကျောင်းသား တစ်ယောက် စီးသည့် လမ်ဘိုဂီနီ အမျိုးအစား ကားကို လိုချင်ကြောင်း အဖေ့ကို ပြောခဲ့သော်လည်း ထုံးစံအတိုင်း ဖခင်က သူ့အလိုကို မလိုက်ခဲ့။ တက္ကသိုလ် တက်ရန် အမေရိကန် သို့ လွှတ်တုန်းကလည်း ထိုနည်း အတိုင်းပင်။ အဖေ ကိုယ်တိုင် ဇီဝ နည်း



mgyoe.com

mgyoe.com SAMPLE BOOK

ပညာ ဘာသာရပ်ဖြင့် ဘွဲ့ရခဲ့သော ရှန်ဟိုင်း တက္ကသိုလ်တွင်သာ တက်လိုပါသည်ဟု မိမိ ပြောခဲ့သေးသည်။ သို့သော် ဖခင်က ဒေးဗစ်၏ ဆန္ဒကို ဂရုမစိုက်။ အကြောင်းအရာတိုင်းတွင် မိမိ၏ အမြင်မှာ သူနှင့် မတူသည်ကို ဖခင်သိမှ သိပါလေစ။ ဤသို့လျှင် ဖခင်သည် သမားရိုးကျ အတိုင်း သူ စီမံသည့်အတိုင်းသာ နာခံစေလိုသည်။

အင်န်ဂျေ (နယူးဂျာစီ) ဖဖ၁ လမ်းပေါ်ကို ရောက်တော့ ဒေးဗစ် အရှိန်ကို ပိုလျှော့လိုက်သည်။ နယူးဂျာစီ ပြည်နယ်တွင် ကား အမြန် မောင်းမှုဖြင့် ဒဏ်ရိုက် ခံရသည်မှာလည်း များခဲ့ပြီ။ ဖခင်က ကားပြန်သိမ်းမည်ဟု ခြိမ်းခြောက်ခံရသည် အထိပင်။ ကား ပြန်သိမ်းမည်ကိုတော့ သူ အကြောက်ဆုံး။ ကားရှိမှ သူ လွတ်လပ်သည်။ ယခုဆိုလျှင် စိမ်းစိုသော လယ်ကွင်းကလေးများနှင့် သစ်ခြောက်ပင် တောအုပ်ကလေးများ ဝန်းရံနေသည့် ကျေးလက်လမ်းပေါ်တွင် သူ ရောက်နေသည်။

ရှေ့ မိုင် အနည်းငယ်တွင် ဖခင်၏ ပင်မ လုပ်ငန်း အစပျိုးထားသည်များကို တွေ့နေရသည်။ ဒိုဗာ ချိုင့်ဝှမ်း ဆေးရုံမှာ ခေတ်မီ ပုဂ္ဂလိကပိုင် ဆေးရုံတစ်ခု ဖြစ်ပြီး အသစ် ပြန်လည် မွမ်းမံ တည်ဆောက်နေသည်မှာ ပြီးစီးတော့မည် ဖြစ်သည်။ ယခင်ကမူ ယင်းမှာ အိုဟောင်းနေသည့် ဒေသန္တရ ဆေးပေးခန်းအဆင့်လောက်သာ ရှိခဲ့သည်။ ထိုဆေးရုံ ဒေဝါလီ ခံရကာ ပြန်ရောင်းသည်ကို ဒေးဗစ်၏ ဖခင်က ဝယ်ထားလိုက်ခြင်း ဖြစ်သည်။ ထိုသို့ ဝယ်ပြီးသည်နှင့်ငွေပုံအောလိုက်ရာ ပတ်ဝန်းကျင် မြို့များ တအံ့တသြနှင့် သဘောကျကုန်ကြရတော့သည်။

ဒေးဗစ်မှာ ပြီးလုမတတ် ဖြစ်နေသော ဆေးရုံကို ပတ်မောင်းလာသည်။ ဆေးရုံထဲတွင် ခေတ်မီ ဆန်းသစ်သော ခွဲစိတ်ခန်းများ ဖွဲ့နေသည်။ အခြားအစိတ်အပိုင်းများလည်း ခေတ်မီသည်များသာ ဖြစ်၏။ ယင်းကို ကင်ဆာ ကုသရေး၊ ဗီဇ ကုထုံး၊ ဖန်ပြွန် သန္ဓေ အောင်ခြင်း၊ အစားထိုး ကုသရေး စသည်တို့လုပ်ပေးကာ ငွေကြေး အောင်မြင်မည့် လုပ်ငန်း တစ်ခု ဖြစ်ကြောင်းကိုလည်း ဒေးဗစ် သိနေသည်။ ထိုလုပ်ငန်းများကို CRISP/CAP9 ခေါ်သည့် နည်းပညာသစ်ကို အသုံးချမည်လည်း ဖြစ်သည်။

ဒိုဗာ ချိုင့်ဝှမ်း ဆေးရုံ၏ ဘေးတွင် အခြားသော ခေတ်မီ အဆောက်အအုံများ ရှိသည်။ ယင်းမှာလည်း သူ့ဖခင်၏ ဂျင်းရက် ကုမ္ပဏီ ဖြစ်သည်။ ထိုကုမ္ပဏီမှာ ရှန်ဟိုင်းတွင် ရှိနေသော အမည်တူ ကုမ္ပဏီနှင့် တစ်ပုံစံတည်း



mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်သည်။ ဤကုမ္ပဏီတွင် တရုတ် ဇီဝ နည်းပညာရှင်များ အများစု လုပ်ကိုင်နေပြီး သူတို့ကိုလည်း ဒေးဗစ်၏ ဖခင်ကပင် ခေါ်လာခြင်း ဖြစ်သည်။ ထိုအထဲတွင် တရုတ် နိုင်ငံ တက္ကသိုလ်များမှ ဇီဝ နည်းပညာ တတ်ကျွမ်းသူများ ပါဝင်သည်။ ကျယ်ဝန်းလှသည့် ထိုအဆောက်အအုံများ ပရိဝုဏ် ပတ်လည်ကို သံကြိုး ကွင်းဆက်များ၊ ထိရှနိုင်သည့် ခတ်ကြိုးများဖြင့် မြင့်မားသော ခြံစည်းရိုးများ ကာရံထားသည်။ ခြံ၏ ရှေ့ပေါက် နောက်ပေါက် လုံခြုံရေး တဲများမှာ ပတ်ဝန်းကျင် တောဘက်သို့ မျက်နှာပြုနေသည်။ လုံခြုံရေး တဲများမှာ အမြဲစိမ်း သစ်ပင်များ ကွယ်နေသဖြင့် ရုတ်တရက် မမြင်ရပေ။

ပုံမှန်အားဖြင့်တော့ ဒေးဗစ်မှာ လုံခြုံရေး ဂိတ်ဆီသို့ တန်းမောင်းသွားပြီး တာဝန်မှူးက ဂိတ်တား မောင်းတံ မြှင့်ပေးသည်ကို စောင့်နေရုံပင်။ ယခုတော့ မိမိ ကားမှာ အသစ် ဖြစ်နေရာ ဂိတ်ပေါက်ဝတွင် ရပ်ပြီး ကားမှန်ကို ချလိုက်ရသည်။

အစောင့် တစ်ယောက်က ချက်ချင်း ခရီးဦးကြိုပြုကာ မန်ဒရင် (တရုတ်) ဘာသာဖြင့် ဂျင်းရက် ကုမ္ပဏီသို့ ပြန်လာသည်ကို ကြိုဆိုကြောင်း ပြောသည်။

'ဆရာ ပင်မ အဆောင်ကို သွားမှာလား ခင်ဗျာ'

အစောင့်က မေးတော့ ဒေးဗစ်က 'ဟော့အေး၊ ငါ မွေးမြူရေးခြံကို သွားမလို့၊ ဖြေဖျော်ရေး ရှိလို့'

အစောင့်က ရယ်ကာ ဂိတ်တား မောင်းတံကို မ တင်ပေးလိုက်သည်။

ဒေးဗစ်သည် ဂိတ်ပေါက်ကို ဖြတ်ကာ အဆင့်ဆင့် အထပ်များ ရှိသော ကားထားသည့် နေရာသို့ ကျော်၍ ပင်မဆောင်ကို လက်ယာဘက်မှ ပတ်လျက် သစ်ပင်များ ရှိရာသို့ မောင်းလာခဲ့သည်။ ကားကို ဟိုချိုး သည်ကွေ့ မောင်းလိုက်ရာ မကြာမီ ကားရပ်သည့် အခြား ကွက်လပ် တစ်ခု ပေါ်လာသည်။ ထိုနေရာ၏ ဟိုမှာဘက်ဆီတွင် အင်္ဂလိပ် စာလုံး 'တီ' ပုံသဏ္ဌာန် အဆောင် သုံးဆောင် ရှိသည့် သုံးထပ် အဆောက်အအုံ တစ်ခု ရှိသည်။ ထိုအဆောက်အအုံ၏ မျက်နှာစာရှိ ဆိုင်းဘုတ်မှာ *မွေးမြူရေး စခန်း* ဟူ၏။ သို့သော် ထိုအတိုင်း မည်သူကမျှ မခေါ်၊ မွေးမြူရေးခြံဟုသာ ခေါ်ကြသည်။

ဒေးဗစ် အနည်းငယ် နောက်ကျနေပြီ ဖြစ်၍ ကားကို မြန်မြန် နေရာ ရှာထိုးကာ အဆောက်အအုံ မျက်နှာစာဆီသို့ အပြေးကလေး လှမ်းလာခဲ့သည်။ ငါးမိနစ်ခန့် ကြာတော့ အလယ်ဆောင်ကို သူ ရောက်သွားပြီး အဝတ်သန့်များ၊ နှာခေါင်းစည်း၊ ခွဲစိတ်ခန်းသုံး ခေါင်းဆောင်းများ လဲလိုက်သည်။ ပြီးတော့



mgyoe.com

mgyoe.com SAMPLE BOOK

သင်းကွပ်ခန်းဘက်သို့ လာခဲ့သည်။ ထိုအခန်းမှာ ဆေးရုံများရှိ ကူးစက် လူနာ သီးသန့် ခွဲထားသည့် ကွာရန်တင်း အခန်းကဲ့သို့ လေက အပြင်သို့သာ ထွက်သည်။

အဝတ်အစား အပြည့်အစုံ လဲပြီးသော အခါ နည်းပညာ ကျွမ်းကျင် ဝန်ထမ်းက ဝတ်ဆင်ထားသည်များ ပြည့်စုံ လုံခြုံမှု ရှိ မရှိ စစ်ဆေးသည်။ ပြီးတော့ ဆင်နားရွက် တံခါးကို တွန်းဖွင့်ကာ သင်းကွပ်သည့် နေရာသို့ ဝင်လိုက်သည်။ ထိုနေရာတွင် ဖန်ပြွန် သန္ဓေ ဝက်များကို သင်းကွပ်ပြီး ထားရှိသည်။ ထိုဝက်များ၏ ဗီဇ စံနှုန်းများကို CRISPR/CAS9 ဖြင့် ပြုပြင်မွမ်းမံနိုင်သည်။ မွေးမြူရေး ခြံ၏ အခြား အပိုင်းများတွင် ဆိတ်၊ သိုး၊ နွား၊ မျောက်၊ ခွေး၊ အိမ်ကြွက်၊ မြေကြွက် စသည်ဖြင့် အစုံ ရှိသည်။ မွေးမြူရေးခြံသည် တိရစ္ဆာန်မှ ထုတ်လုပ်သည့် ဆေးဝါးများ ထုတ်လုပ်ရန် ဖြစ်သည်။ ဓာတု ဆေးဝါးများ မဟုတ်ကြ။

ဖွေ့ဖွေးနေသည့် စင်္ကြံ အတိုင်း ဆင်းသွားရာ *သားစပ်ခန်း* ဟု ရေးထားသည့် အခန်းကို ရောက်တော့ ဒေးဗစ် အခန်းထဲသို့ တွန်းဖွင့် ဝင်သွားသည်။ လေးထောင့်စပ်စပ် အခန်း အလယ်တွင်မူ မုန်ယိုနေသော ဝက်ဖြူကြီး တစ်ကောင် ရှိနေသည်။ အရပ် မြင့်မြင့်နှင့် ခေါင်းဆောင် တိရစ္ဆာန် ဆရာဝန်ဟု ထင်ရသူ တစ်ဦး၏ ပတ်လည်တွင် သူ့လက်ထောက် တိရစ္ဆာန် ဆရာဝန်များ ဝိုင်းနေကြသည်။ ဝိုင်းကြည့်နေသူများမှာလည်း လူနှစ်ဆယ်ခန့် ရှိသည်။

ထိုအထဲမှ နှစ်ယောက်ကိုတော့ ဒေးဗစ် မှတ်မိသည်။ သူတို့ အားလုံးမှာ မျက်နှာကို အုပ်ကာထားသည်များနှင့် ခေါင်းစွပ်များကြောင့် မည်သူမည်ဝါမှန်း မသိနိုင်ချေ။ သူ မှတ်မိသူ နှစ်ယောက်မှာ သူ့ဖခင် ဝေချောင်နှင့် ဖခင်၏ လူယုံတော် ကန်ဒေး ရိုင်တို့ ဖြစ်သည်။ ဖခင်ကိုတော့ မှတ်မိရန် မခက်လှ။ ဖခင်မှာ ထင်းထင်းကြီး။ အရပ်က ခြောက်ပေ ငါးလက်မ ဖြစ်သည်။ ဒေးဗစ်ကလည်း သူ့ထက် သိပ်မနိမ့်လှ။ ခြောက်ပေ သုံးလက်မ ရှိသည်။ သို့သော် ဖခင်ကတော့ ပို၍ ကျားကျားလျားလျား ရှိသည်။ ယခု အသက်အရွယ် အထိ ပခုံးက ကျယ်ကျယ်၊ ခါးက သွယ်သွယ်နှင့်။

၁၉၇၀ ပြည့်လွန်နှစ်များက ဝေချောင် ကျောင်းသား ဘဝ ရှိနေစဉ် သူ အင်မတန် အားကျခဲ့သူမှာ အာနိုး ဆွာဇနေဂ္ဂါ ဖြစ်သည်။ သို့ဖြင့် သူလည်း ကာယအလှ အလေးမသမား ဖြစ်လာခဲ့တော့သည်။ အစတုန်းက အရှုး ထသည်မျှသာ ဖြစ်သော်လည်း နောက်တော့ တစ်သက်လုံး ကစားဖြစ်သွားတော့



mgyoe.com

mgyoe.com SAMPLE BOOK

သည်။ ယခု အသက် ခြောက်ဆယ်ကျော်သည့်တိုင် သူ အလေး မနေဆဲပင်။ ငယ်ငယ်တုန်းကလိုတော့ ပြင်းပြင်းထန်ထန် မဟုတ်။

ကန်ဒေးကို မှတ်မိသည်ကတော့ ထိုသည်နှင့် ဆန့်ကျင်ဘက် ဖြစ်သည်။ သူ့ကိုတော့ ပိန်ပိန်သေးသေးမို့ မှတ်မိခြင်း ဖြစ်၏။ သူ ဝတ်ထားသည့် ဆေးခန်း ဝတ်စုံမှာ အင်္ကျီချိတ်တွင် ချိတ်ကာ နေလှန်းထားသကဲ့သို့ ဘတ်လျား ကျနေသည်။ သူ့မျက်လုံးများကလည်း စူးရဲ ပြူးကျယ်ကာ သားကောင် ရှာသည့် စွန်ရဲ မျက်လုံးများ ပမာတည်း။

ဒေးဗစ်က မိမိ ရောက်နေကြောင်း ဖခင် သိစေရန် ဖခင် ရှိရာသို့ တိုးသွားလိုက်သည်။ မိမိ ရောက်နေမှန်း ဖခင် သိတော့ သိသွားသည်၊ သို့သော် သူ ပြောထားသည့် အချိန်ထက် အရောက် နောက်ကျသဖြင့် ဖခင် ကျေနပ်ပုံတော့ မရ။ ထိုသို့ ဖြစ်ရန်လည်း ဒေးဗစ် တမင် လုပ်ခြင်း ဖြစ်သည်။ သူ့စိတ်ထဲတွင်လည်း စိတ်လက် မကြည်သာမှုကြောင့် ဖြစ်သည်။

တိရစ္ဆာန် ဆရာဝန် အကြီးအကဲမှာ နဖူးထိပ်တွင် မီးခွက် စည်းထားသည်။ သူက ကိုယ်ကို ပြန်မတ်ကာ ကိုင်ထားသည့် ဆေးထိုးအပ်ဖြင့် ဝေအားအသင့် ဖြစ်ပြီ ဖြစ်ကြောင်း အချက်ပြလိုက်သည်။

ဝေက လည်ချောင်းကို ရှင်းကာ ပထမ မန်ဒရင် ဘာသာဖြင့် ပြောနေပြီး နောက်တော့ အများ နားလည်စေရန် အင်္ဂလိပ် ဘာသာဖြင့် ပြောင်းကာ ပြောသည်။ 'အားလုံးကို ကြိုဆိုပါတယ်၊ ကျုပ်တို့ဟာ တစ်ဖွဲ့လုံးကို ကိုယ်စားပြုနေတာပါ၊ CRISPR/CAS9 မော်လီကျူးလား ဇီဝဗေဒ ပညာရှင်တွေလည်း ပါတာပေါ့လေ၊ ဆဲလ်ပညာရှင်တွေ၊ ဗီဇပညာရှင်တွေ၊ တိရစ္ဆာန် ဆရာဝန်တွေ အကုန် ပါတယ်၊ အခု ကျုပ်တို့ဟာ ဒီနေရာမှာ လူသားရဲ့ ခြေလှမ်းကလေး တစ်လှမ်းကနေ လူသား တစ်ရပ်လုံး အတွက် မဟာ ခြေလှမ်းကြီး ဖြစ်လာတာကို မြင်ကြရမယ်'

အမေရိကန် ပြည်ထောင်စု လပေါ်သို့ ခြေချနိုင်သည်ကို ဥပမာ ပေးတော့ လူတွေ မရယ်ချင် ရယ်ချင် ရယ်လိုက်ကြသေးသည်။ 'အားလုံး သိကြတဲ့ အတိုင်း ဂျင်းရက် ကုမ္ပဏီမှာ ငွေ သိပ်လိုနေတယ်၊ အမေရိကန်မှာ လုပ်နေတဲ့ ကျုပ်တို့ရဲ့ လုပ်ငန်း အတွက် လိုအပ်တဲ့ ငွေကြေး အစီအစဉ်ကိုလည်း ရှိကျင်းပင်ရယ်၊ ပေါ်လစ်ဗျူရို အဖွဲ့ရယ်၊ တရုတ် ပြည်သူ့ဘဏ်တို့က ကြားဖြတ် နှောင့်ယှက်နေကြတယ်၊ ငွေကြေး စီးဆင်းမှုကို ကန့်သတ်နေကြတယ်၊ ကျုပ်တို့ အခု ဒီမှာ လုပ်နေတာတွေသာ အောင်မြင်သွားမယ် ဆိုရင် ဒီပြဿနာ



mgyoe.com

mgyoe.com SAMPLE BOOK

တွေကို ကျော်လွှားပြီး အကျိုးအမြတ်တွေလည်း ပေါ်လာကြမှာ၊ အားလုံး သိကြတဲ့ အတိုင်း ဒီနေ့ ကျုပ်တို့ဟာ ဖန်တီး သန္ဓေသားလောင်း ဆယ်ခု စမ်းသပ်ထားတယ်၊ အဲဒီ အထဲက တစ်ခု အောင်မြင်ရင် ကျုပ်တို့ လုပ်ငန်း အောင်မြင်ပြီ၊ နောက်တစ်ပတ် ဆိုရင် ဒုတိယ တစ်မျိုး စမ်းသပ်မယ်၊ အဲဒါ ဆိုရင် ပန်းစုံ မျိုးစပ်ဝက်နှင့် ဗီဇစပ်ဝက် ဘယ်ဟာ ပိုကောင်းလဲ ဆိုတာ သိရမယ်၊ ပန်းစုံ မော်လီကျူး ဆိုတဲ့ နည်းပညာသစ်ကြောင့် ကျုပ်တို့ ရွေးချယ်တတ်သွားပြီ၊ အခု ဒီနေ့ ဒီလို ဖြစ်လာအောင် ကြိုးပမ်း လုပ်ဆောင်ကြတဲ့ အတွက် အားလုံးကို ကျေးဇူးပါ၊ ဒါဟာ အင်မျူန်း စနစ်နှင့် ပြုပြင်ထားတဲ့ ပထမဆုံး ဝက်ပါ၊ မကြာခင်မှာ အဲဒါမျိုး ရာနှင့် ထောင်နှင့် ချီပြီး လုပ်ယူနိုင်မယ်လို့ ကျုပ် ယုံကြည်တယ်'

ဝေက နီဂိုးချုပ် ပြောပြီးနောက် သားစပ်ခန်းကို သွားကြည့်သည်။ ကန်ဒေးကတော့ နေရာတွင်ပင် ကျန်ခဲ့သည်။ ဒေးဗစ်က သူ့အနားသို့ တိုးကပ်သွားသည်။ ဝေ ရှိနေတုန်းမို့ ဒေးဗစ်က ကန်ဒေးကို အသာ ဈေးကြည့်သည်။ မိမိတို့ နှစ်ယောက် စကား ပြောနေသည်ကို ဖခင် မမြင်စေချင်။ ကန်ဒေးမှာ ကိုယ်အလေးချိန် ပေါင်ရှစ်ဆယ် ကျော်မည်ဟု ဒေးဗစ် မထင်။ ၃၆ ကီလိုသာသာလေး ရှိမည် ထင်၏။ ကန်ဒေး ထိုသို့ ပိန်သေးသေးလေး ဖြစ်နေသည်မှာ သူ ငယ်ငယ်က မြောက် ကိုးရီးယားတွင် အငတ်ငတ် အပြတ်ပြတ် ကြီးပြင်းလာခဲ့ရသောကြောင့် ဖြစ်မည်ဟု ဒေးဗစ် ထင်သည်။ လွန်ခဲ့သည့် ၃၈ နှစ်က သူ တရုတ်ပြည်သို့ ထွက်ပြေးလာခဲ့သည့်တိုင် ငယ်ငယ်က အာဟာရ ချို့တဲ့မှု အရှိန်ကြောင့် ထင်၏၊ ကိုယ်အလေးချိန် တက်မလာခဲ့။

ဒေးဗစ် ကန်ဒေးကို သိခဲ့သည်မှာ အတော် ကြာခဲ့ပြီ။ တရုတ် ကွန်မြူနစ်ပါတီက သူ့အား ဝေ၏ ဇီဝ နည်းပညာ ကုမ္ပဏီတွင် အလုပ် လုပ်ရန် လွှတ်လိုက်ကတည်းက ဖြစ်သည်။ သူ အတော်လည်း ကြိုးကြိုးစားစား အပင်ပန်းခံလည်း လုပ်ခဲ့သည်။ ဇီဝဗေဒ ပညာနှင့် ဇီဝ နည်းပညာများကိုပင် သူ လေ့လာသင်ယူခဲ့သည်။ မိသားစု မရှိ၍လည်း ဝေ၏ အိမ်တွင် အခန်းကျဉ်းလေး တစ်ခန်းတွင် သူ နေသည်။ သူ့ကို စပိုင် တစ်ယောက်မှန်းလည်း ဝေက သိထားသည်။ အနေ နီးသဖြင့် ဒေးဗစ်နှင့် ကန်ဒေးတို့မှာ ရင်းနှီး ခင်မင်သွားကြပြီး နှစ်ယောက်သား မလွဲမရှောင်သာ အမေရိကန်ကို ရောက်တော့ ပိုမို ရင်းနှီးလာသည်။ နယူးဂျာစီ ပြည်နယ်တွင် ဝေ၏ လုပ်ငန်းများ မအောင်မြင်ပါစေနှင့်ဟု သူတို့ နှစ်ယောက်စလုံး ဆုတောင်းကြသည်။



mgyoe.com

mgyoe.com SAMPLE BOOK

သို့မှသာ သူတို့ တရုတ်ပြည်သို့ ပြန်ရမည် မဟုတ်လား။

ကိုးရီးယား လူမျိုး ကန်ဒေးကို မှီလျက် ဒေးဗစ်က အသံ ခပ်အုပ်အုပ်ဖြင့် 'မင်း ငါ ပြောထားတဲ့ အတိုင်း လုပ်ရဲ့လား'

'အင်း' ကန်ဒေးက ပြန်ပြောသည်။ သူက နှုတ်နည်းသူ ဖြစ်၏။

'တစ်ခါတည်း လုပ်တာလား၊ အကြိမ်ကြိမ် လုပ်တာလား' ဒေးဗစ်က မေးပြန်သည်။ ကန်ဒေးမှာ ဝေ၏ လူယုံ ဖြစ်ရကား ခြံ တစ်ဝင်းလုံးကို မည်သည့် နေရာမဆို သွားခွင့် ရှိနေသည်။ သည်ကို ရောက်တော့လည်း သူက ဝေ နေထိုင်သည့် အိမ်နှင့် အနီးဆုံးတွင် နေသည်။ သူက ဝေ၏ အပါးတော်မြဲ ကဲ့သို့ ဖြစ်နေ၏။

'အစ်ကို ပြောတဲ့ အတိုင်း သုံးကြိမ် လုပ်တယ်လေ၊ အဲဒါကို သောက်ရေထဲမှာ ထည့်ထားတယ်၊ ဖြစ်မလား' ကန်ဒေးက ပြောနေသည်။

'ဖြစ် မဖြစ်တော့ မပြောတတ်သေးဘူး၊ ဒါဟာ ငါတို့ အားလုံးရဲ့ အစပျိုး လုပ်ငန်းပဲ၊ ဒါပေမဲ့ အဲဒါဟာ မွေး (ကာချာ) ထားတဲ့ တစ်ရှူးတွေထဲက လူသား ကျောက်ကပ် ဆဲလ်တွေ အတွက်တော့ အဆိပ်တွေပဲ၊ ဒါကြောင့် ငါ စမ်းသပ်ကြည့်ရဦးမယ်၊ အဆင်တော့ ပြေမယ်လို့ ထင်တာပဲ၊ တော်တော့်ကို အဆင်ပြေနိုင်တယ်'

**အပိုင်း ၂**

**ခုနစ်လ ကြာသော်၊**

**နိုဝင်ဘာလ ၅ ရက်၊ တနင်္လာနေ့၊ နံနက် ၉း၁၀၊**

'နေပါဦး၊ ခဏလောက်' ကာရီးက အော်ပြောနေသည်။ ဘရုတ်ကလင်း မြို့နယ်၊ ၄၅ လမ်း၊ ဆန်းဆက် ပတ် မြေအောက် ဘူတာရုံသို့ သူမ ဝင်လာရာ အာရ်ရထားက ဆိုက်နေပြီ ဖြစ်သည်။ ရထားမှာ မစောစဖူး စောရောက်နေသည်။ ကာရီးသည် သူမ၏ ဂူချီ ကျောပိုးအိတ်ကို မြဲမြဲကိုင်ကာ အပြေး လာသည်။ ပြေးရသည်ကတော့ မလွယ်။ အဝတ်အစားတွေကလည်း သူမ စိတ်ကြိုက် ဝတ်လာသည်။ အတန်ငယ် လေးသော ဒေါက်မြင့် ဖိနပ်ကလည်း ပါသေး။ ထိုသည်



mgyoe.com

mgyoe.com SAMPLE BOOK

များကို သူမ၏ သက်လုံက မလိုက်နိုင်။ အပြေးကတော့ မကြာသေးမီက အထိ သူမ ကျွမ်းသည်။ ထိုသို့ မပြေးနိုင်သည်မှာ တစ်နှစ် ကျော်ခဲ့ပြီ။ သူမ ပြေးနေ ရင်း အားနေသည့် လက်တစ်ဖက်ဖြင့် ဂါတ်ဗိုလ် မြင်ပြီး တံခါး ဖွင့်ထားပေး အောင် ဝှေ့ယမ်းပြနေသည်။

သူမ အားကုန် ထုတ်ကာ ပြေးလာပြီး ရထားပေါ်ကို ခုန်တက်လိုက် နိုင်သော်လည်း မောဟိုက်နေတော့သည်။ ရင်တွေလည်း တဒိန်းဒိန်း ခုန်နေရာ စိုးရိမ်စိတ်ပင် ဝင်သွားမိသည်။ ခဏ ကြာလျှင် ရင်ငြိမ်သွားလိမ့်မည်ဟု သူမ ယုံကြည်သည်။ တကယ်လည်း ငြိမ်သွားသည်။ ယခုတလော အပြေး လမ်း လျှောက်စက်ဖြင့် တစ်နေ့ မိနစ် နှစ်ဆယ် ကစားသည်။ အတော်လေး တိုးတက် လာ၏။ ပြီးခဲ့သည့် လေးလလောက်က မိမိ သည်အချိန်တွင် သည်အခြေအနေ မျိုး ရှိမည်ဟု ဟောကိန်း ထုတ်လျှင်မူ ထိုလူ ရူးနေပြီဟု မိမိ ထင်လိုက်မည်။ မည်သို့ ဖြစ်စေ ဝမ်းတော့သာသည်။ ပြေးနိုင်သည် ဆိုကတည်းက အသစ် ပြန်လည် မွေးဖွားသကဲ့သို့ ရှိသည်။

ကာရိုး မြေအောက် ရထားပေါ် ခုန်တက်ပြီးသည်နှင့် ရထား တံခါး လည်း ပိတ်သွားတော့သည်။ ရထားလည်း မန်ဟတ်တန် မြို့နယ်ဘက်သို့ စတင် ထွက်လာသည်။ ကာရိုးက ထောင်လိုက် သံတိုင် တစ်ခုကို လှမ်းဆွဲ ကာ မိမိကိုယ်ကို ထိန်းရင်း ထိုင်ခုံလွတ် ရှိလိုရှိငြား လှည့်ပတ်ကြည့်လိုက်၏။ ရထားမှာ ဘေး ရိဂ်ျရှိ စတင် ထွက်လာသည့် ၅၄ လမ်း ဘူတာမှ ခြောက် ဘူတာမြောက်သာ ရှိသေးသည့်ပြင် နံနက် ၉း၁၁ နာရီသာ ရှိသေးသဖြင့် ထိုင်ခုံ လွတ်တွေ အများကြီး ရှိနေသည်။ သူမက မြေအောက် ရထား စီးနေကျမို့ ပို ကောင်းသည့် ထိုင်ခုံ နေရာကို ရွေးတတ်သည်။ ရထားပေါ်တွင် စိတ်တိုင်း မကျသည်ကလေးများတော့ ရှိတတ်သည်။ သူမနှင့် ဆယ်ပေခန့် အကွာမှ နေရာ ကောင်း တစ်ခုံကို တွေ့လိုက်သည်။

ရထား အရှိန် ငြိမ်သွားသည်နှင့် ကာရိုး သူမ ကြည့်ထားသည့် နေရာသို့ လျှောက်သွားသည်။ ကပ်လျက် ထိုင်ခုံများတွင် လူ မရှိ။ အနီးဆုံး ရှိသည့် ခရီးသည် ဆို၍ ခပ်လှမ်းလှမ်းမှ အသက် ကြီးကြီး စုံတွဲ တစ်တွဲ၊ သားနားစွာ ဝတ်စားထားသည့် အမေရိကန် လူမည်း ယောကျ်ား တစ်ယောက်နှင့် မိမိ အသက်အရွယ်လောက် ၂၈ ခန့် ရှိမည့် ခပ်ချောချော လူဖြူမ တစ်ယောက်တို့ ဖြစ်သည်။ ကိုယ်လုံး ခပ်သွယ်သွယ် အမျိုးသမီးမှာ ရိုးသော်လည်း ခေတ်ဆန် ဆန် ဝတ်စားထားသဖြင့် ကာရိုး လေးစားမိသည်။ ထိုအမျိုးသမီး၏ ဆံပင်



mgyoe.com

mgyoe.com SAMPLE BOOK

ပုံစံကလည်း ကာရီးနှင့် သိပ်မကွာလှ။ အညိုရင့် အောက်ပြောင်ရှင်းကို အပေါ်မှ နီကြောင် ဆံပင်များ ဖြေချထားသည်။ မိမိတို့ ဆံသဆိုင် တစ်ဆိုင်တည်းကို သွားမိခဲ့ကြသည်လားဟုပင် ကာရီး တွေးလိုက်မိသေးသည်။

ကာရီး ထိုင်မိသည်နှင့် ထိုအမျိုးသမီးနှင့် မျက်လုံးချင်း ဆုံသွားပြီး အပြန်အလှန် ပြုံးပြမိကြသည်။ ဤသည်မှာ ကာရီး သဘောကျသော နယူးယောက်၏ စရိုက် တစ်ခုပင်တည်း။ မိမိ ကြီးပြင်းခဲ့ရာ နယူးဂျာစီလို တောမဆန်။ နယူးဂျာစီမှာတော့ လူတွေ ကိုယ့်ဘာသာကိုယ် ဘာသိဘာသာ နေကြသည်။ ကလေး ဘဝတွင် ဘာမျှ အသစ်အဆန်း မရှိ၊ ပျော်စရာ မရှိ။

မိမိ စီးရမည့် ခရီးက ဝေးသည်မို့ ကာရီး နေသားတကျ ဖြစ်အောင် ထိုင်လိုက်သည်။ ပြီးတော့ ကျောပိုးအိတ်ထဲမှ အိုင်ဖုန်းကို ထုတ်ကာ ဟယ်လင်နှင့် နောက်ဆုံး အပြန်အလှန် ပြောခဲ့သည့် စာသားများကို ဖျက်ပစ်လိုက်သည်။ ဟယ်လင် ဆိုသည်က မိမိ၏ ကျန်းမာရေး ပြဿနာများ ပျောက်ကင်းပြီ ဆိုသည်နှင့် မိမိ လက်ထပ်ယူမည့် မိန်းမ။ ခက်သည်က ကျန်းမာရေး အခြေအနေ ကောင်းမည် ရှိသေး နှစ်ယောက် ဆက်ဆံရေးက အဆင်မပြေ ဖြစ်ကာ နောက်တော့ ပိုဆိုးလာသည်။ ထို့ကြောင့် ကာရီး ထိုမိန်းမနှင့် အတူ တွဲကာ နေထိုင်သည့် ဘရွတ်ကလင်း မြို့နယ် ဘိုရီဘတ်ရှိ တိုက်ခန်းမှ ဆင်းကာ ဆန်းဆက်ပတ်ရှိ မိမိပိုင် စတူဒီယိုသို့ ပြောင်းလာခဲ့သည်။

အဖြစ်အပျက်က မြန်ဆန်လွန်းသည်။ လွန်ခဲ့သည့် သုံးလလောက်က ကာရီး ခွဲစိတ် ကုသခံရန် ဆေးရုံ တက်နေတုန်း ဟယ်လင်သည် သူမ၏ ကျောင်းတုန်းက ငယ်ရည်းစား ဂျွန် ကာဗာကို အိမ်ပေါ် ခေါ်တင်ထားသည်။ ကာဗာကလည်း နယူးယောက်တွင် နေစရာ မရှိ။ ဟယ်လင်ကလည်း ကာရီး သေသွားမည် အထင်နှင့် ပူဆွေးမှုကို ဖြေသိမ့်ပေးမည့် အဖော် လိုနေသည်။ သည်တွင် မမျှော်လင့်သည်များ ဖြစ်ကုန်တော့သည်။

တစ်ယောက်ကို တစ်ယောက် ဖြေသိမ့် အားပေးရင်း သူတို့ နှစ်ယောက် နီးစပ်သွားကြသည်။ သို့ဖြင့် ဟယ်လင်နှင့် ဂျွန်တို့ ငယ်ငယ်က သံယောဇဉ်တွေ အသစ် ပြန်လည် လန်းဆန်းလာတော့သည်။ ကာရီး အသက် မသေဟု သိရသော အခါ ဟယ်လင်က မိမိတို့ သုံးယောက် အတူ နေရေးကို ကာရီး နားလည်ပေးမည်ဟု ထင်ခဲ့သည်။

ပထမတော့ အချစ် ဆုံးရှုံးသွားသည်က တစ်ကြောင်း၊ ဆေးရုံ တက်ပြီးသည့်နောက် မိမိ မကြာမီ သေရတော့မည်ကို သိနေသည်က တစ်ကြောင်း



mgyoe.com

mgyoe.com SAMPLE BOOK

တို့ကြောင့် ကာရီး အတော်ပင် စိတ်ဆင်းရဲသွားခဲ့သည်။ သို့သော် နောက်တော့ သမားရိုးကျ မဟုတ်သော အစီအစဉ် တစ်ခုကို သဘောကျမိသွားသည်။ ထိုသည်မှာ မိမိ အကျိုး အတွက်တော့ မဟုတ်။ အသက် ၁၃ နှစ် အရွယ်တွင် သူမ၏ မူမမှန် ဖိုမ စိတ်ကို သတိပြုမိကာ ဆင်ခြင်ကြည့်သည်။ နောက်ပိုင်း နှစ်များကျတော့ ထိုစိတ်က ပိုမို ထင်ရှား ပေါ်လွင်လာသည်။

မိမိတို့ နှစ်ယောက် စီဘီတွင် အပြန်အလှန် ပြောဆို ရေးသားခဲ့သည်များကို ပြန်ဖတ်သော်လည်း ရှိခဲ့သည့် သံယောဇဉ်တွေက သူမ၏ စိတ်ကို ပြောင်းလဲအောင် မစွမ်းနိုင်တော့ချေ။ ကျန်ခဲ့သည့် ခြောက်လလောက်က မိမိနှင့် ဟယ်လင်တို့ အတူ ထိုးခဲ့သည့် မင်ကြောင်များကိုလည်း ပြန်ကြည့်မိသည်။ ထိုအရုပ်များမှာ သူမ၏ ညာဘက် လက်ဖျံတွင် ထိုးထားသည်မို့ ယင်းတို့ကိုတော့ ဥပေက္ခာပြု၍ မရနိုင်။ အရုပ်များမှာ ပဟေဠိရုပ်များ ဖြစ်သည်။ ယင်းတို့၏ အောက်တွင် သက်တံရောင် အရောင်များ ပါရှိသည်။ ဟယ်လင်၏ ပဟေဠိရုပ်ပေါ်တွင် ကာရီး နာမည် ထိုးထားပြီး ကာရီး၏ အရုပ်ပေါ်တွင် ဟယ်လင်၏ နာမည် ထိုးထားသည်။

ထိုမင်ကြောင်ရုပ်များကို ကာရီး အမြဲ သဘောကျသည်။ ထိုအရုပ်များအတွက် ယခုထက်တိုင် သူမ ဂုဏ်ယူနေသေးသည်။ သို့သော် သူမက အဖြစ်ဟောင်းတွေကို မေ့ပစ်ရန် မန်ဟတ်တန် မြို့လယ်ရှိ မိမိတို့ ထိုးခဲ့သည့် မင်ကြောင်ဆိုင်ကို ပြန်သွားကာ မင်ကြောင်များကို ပြန်ဖျက်ခိုင်းမည် ဖြစ်သည်။ ထိုအတွက် မည်သို့ လုပ်ရမည်ကို ကာရီး မသိ။ မင်ကြောင်ဆရာကတော့ တစ်ခုခု လုပ်တတ်မည် ထင်၏။ ထိုသို့ သွားရာတွင် သူမ မလုပ်ဘဲ ပစ်ထားသော သူမ၏ ကြော်ငြာ လုပ်ရန် အတွက်လည်း လုပ်စရာ ရှိသည်။ ထိုသည်မှာ နောက်လတွင်ပင် လုပ်ဖြစ်မည် မဟုတ်သေး။ ထိုအတိုင်းလည်း မိမိနှင့် မိမိ၏ ဆရာဝန် သဘောတူထားခဲ့သည်ပင်။

ရထားမှာ ဘရွတ်ကလင်းကို ဖြတ်၍ မြောက်ဘက်သို့ ရောက်လာသည်တွင် ဘူတာတိုင်း၌ အဆင်း ခရီးသည်က နည်းပြီး အတက် ခရီးသည်က များနေသည်။ မန်ဟတ်တန် လိုဏ်ခေါင်းသို့ ရောက်ချိန်လောက်တွင် ရထားပေါ်၌ လူ အတော် ကျပ်လာသည်။ ထိုသည်တွင် ကာရီး၏ ရောဂါ လက္ခဏာ ပြတော့သည်။ တုန်၍ ချမ်းလာသည်။ အာတိတ် ရေခဲပြင်မှ လေများ မြေအောက်ရထားတွဲထဲသို့ ဝင်လာသည့်အလား။ ရုတ်တရက်ကြီး ဖြစ်လာသဖြင့် ကာရီး ပတ်ဝန်းကျင်တွင် မိမိကဲ့သို့ ဖြစ်သူများ ရှိ မရှိ လိုက်ကြည့်လိုက်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

သည်တော့မှ ယခု အဖြစ်မှာ မိမိ ခန္ဓာကိုယ်ထဲမှသာ ဖြစ်ကြောင်း သိလိုက်ရသည်။

ပထမဆုံး အသိက မိမိ သွေးခုန်နှုန်းကို စမ်းသပ်ရန် ဖြစ်သည်။ သွေးခုန်နှုန်းမှာ ပုံမှန် ဖြစ်နေသောကြောင့် စိတ်သက်သာရာ ရသွားသည်။ ဝေဒနာ ပြန်ပေါ်လာလေမည်လားဟု အသက်ကို ခေတ္တမျှ အောင့်ထားကြည့်လိုက်သည်။ ပေါ်မလာ။ ချက်ချင်းတော့ ပေါ်မလာသေး။ သို့သော် အားအင်တွေ ကုန်ခန်းလာသည်။ မတ်တတ် ရပ်ကြည့်၍ ရမည် မထင်။

မိုဘိုင်းဖုန်းကို ကိုင်ထားလျက်က ဖုန်းတွင် အချက်ပြမှု ပေါ် မပေါ် ကြည့်လိုက်တော့ ပေါ်နေသည်။ နယူးဂျာစီရှိ မိမိ၏ ဆရာဝန်ထံ ဖုန်းဆက်ကြည့်ရန် ကြံလိုက်သေးသည်။ သို့သော် ဆရာဝန်မအား မိမိ ဘာပြောရမည်ကို တွေးကာ မဆက်နိုင်သေး။ ရက်တရက်ကြီး အားနည်းသွားရုံဖြင့် ဆရာဝန်အား ဖုန်းဆက် အကြောင်းကြား၍ မသင့်သေး။ အားနည်းသည်က ပြန်ကောင်း မလာလျှင်၊ သို့မဟုတ် ပြန်ချမ်းလာသည် ဆိုလျှင် သူ့ထံ ဖုန်း ပြန်ဆက်ရန်သာ ဆရာဝန်က ပြောမည် ဖြစ်သည်။ မိမိ ဘာကြောင့် ဖြစ်သည်ကို စူးစမ်းရင်း စောင့်နေဦးမည်ဟု ဆုံးဖြတ်လိုက်သည်။ သူမ ပတ်ဝန်းကျင် လူများကို လိုက်ကြည့်လိုက်သည်။ မိမိကို မည်သူကမျှ သတိမထားမိကြ။ အားလုံး ကျပ်ညပ်တိုးကျိတ်သာ နေကြရသည်။

ရထား မန်ဟတ်တန်ကို ဆိုက်တော့ ကာရီး အနည်းငယ် သက်သာသွားသည်။ အားနည်းမှုကတော့ ရှိနေဆဲ။ ပိုတော့ ဆိုးမလာ။ ချမ်းတော့ ချမ်းနေသေးသော်လည်း ပထမတုန်းကလောက်တော့ မဆိုးလှ။ အဖျား အနည်းငယ် ရှိနေသည်ကိုတော့ သိလိုက်သည်။ ကနဲလမ်း ဘူတာတွင် ရထား ဆိုက်တော့ ဆင်းမည် ကြံသော်လည်း မတ်တတ် ထမရပ်ရဲ ဖြစ်နေသည်။ လဲကျသွားမည် ဆိုလျှင် ရှက်စရာကြီး။ ပရင့်စ်လမ်း ဘူတာ ဆိုက်တော့လည်း ထိုအတိုင်းပင်။ ထို့နောက် အခြေအနေ ပိုဆိုးလာသည်။ အသက် မရှူနိုင် ဖြစ်လာသည်။ ယင်းမှာ ချက်ချင်း ပိုဆိုးလာ၏။ ယူနီယံ စကွဲယား ဘူတာ ဆိုက်တော့ ခရီးသည် အတက် အဆင်း များလှသည်။ ကာရီး ဘာလုပ်ရမည် မသိ ဖြစ်နေ၏။ လေမရ ဖြစ်နေသည်။ ခြေထောက်များလည်း လေးလံလာသည်။

ရထား တံခါး ပွင့်သွားသည်တွင် လက်ထဲမှ ဖုန်းလည်း လွတ်ကျသွားသည်။ ချက်ချင်း ဆိုသလိုပင် မိမိကို အကဲခတ်နေသူ မသပ်မရပ်နှင့် လူတစ်ယောက်က ဖုန်းကို ကောက်ယူသွားသည်။ ဖုန်းရသည်နှင့် ထိုလူ ရထားပေါ်က



mgyoe.com

mgyoe.com SAMPLE BOOK

ဆင်းမည့် လူအုပ်ထဲ ရောပါ ဆင်းသွားတော့သည်။ ကာရီး အော်ဟစ် အကူ အညီ တောင်းရန် ကြိုးစားသော်လည်း အသက် မရှူနိုင်သဖြင့် အသံက ထွက် မလာ။ နှုတ်ခမ်းထောင့်ဆီတွင် အမြှုပ်ကလေးများလည်း ထွက်လာနေ၏။

လေးလံသော ခြေထောက်များဖြင့် ရှိသမျှ အားကို ထုတ်ကာ ထိုင်ခုံမှ ထရပ်လိုက်သည်တွင် သူမ လဲကျကာ မိမိ၏ ထိုင်ခုံနှင့် နီးကပ်စွာ ရပ်နေသူ များ ခြေထောက်များ အနီး ပုံကျသွားတော့သည်။

လူတွေက သူမ အတွက် ရှောင်ကွင်း နောက်ဆုတ်ပေးကြသည်။ သို့သော် ရှောင်ပေးစရာ နေရာကလည်း သိပ်မရှိ။ သူမ လဲကျသည်ကို လူတစ်ယောက် က ဖမ်းဆွဲလိုက်သေးသည်။ သို့သော် မမိလိုက်။ ကာရီးမှာ အရုပ်ကြိုးပြတ် ကျသွားသောကြောင့် ဖြစ်သည်။

နောက်ဆုံးတွင် လူတစ်ယောက်၏ ခြေထောက်ပေါ် ခေါင်းတင်လျက် သား သတိ လစ်သွားတော့သည်။

သူမ၏ ဖုန်း ပါသွားသကဲ့သို့ပင် ယခု ကျောပိုးအိတ်လည်း ပါသွားလေ ပြီ။ ယူသွားသူကို အချို့ ခရီးသည်များက ဖမ်းဆွဲရန် ကြိုးစားသော်လည်း ထို လူက ရထား တံခါး မပိတ်မီကလေး ခုန်ဆင်းသွားသဖြင့် မမိလိုက်ကြ။ သည် တော့ ခရီးသည်များလည်း အသားများ ပြာနှမ်းကာ တွန့်လိမ် ကွေးကောက် နေသော ကာရီးထံ အာရုံစိုက်လာကြသည်။ သူမ အတော်ပင် နေမကောင်း ဖြစ်ကာ အသက် မရှူနိုင် ဖြစ်နေသည်ကို သူတို့ သဘောပေါက်ကြသည်။ ထို့ ကြောင့် ဖုန်း အသီးသီးဖြင့် နိုင်းဝမ်းဝမ်းသို့ ဝိုင်းဆက်ကြသည်။

ရထား ဆက်လက် ထွက်ခွာသည်နှင့် အသိ ကြွယ်သော ခရီးသည် တစ် ယောက်က ဂါတ်ဗိုလ်ကို အကြောင်းကြားပေးသည်။ ထို့နောက် ဂါတ်ဗိုလ် အမျိုးသမီးက လူတွေကြား တိုးဝှေ့ကာ ကာရီးထံ ရောက်လာပြီး ရထား အင်ဂျင်နီယာထံ ဆက်သွယ် အကြောင်းကြားလိုက်သည်။

ကာရီးထံသို့ ဂါတ်ဗိုလ် ရောက်လာချိန်တွင် အသံချဲ့စက်မှ ရထားပေါ်၌ နေမကောင်း ဖြစ်သည့် ခရီးသည် တစ်ယောက် ပါလာသဖြင့် ရှေ့ဘူတာတွင် အချိန် အကန့်အသတ် မရှိ ရထား ရပ်မည် ဖြစ်ကြောင်း သတင်း ပေးသည်။ ခရီးသည်များထံမှ ညည်းသံ သဲ့သဲ့ ထွက်လာသည်။

နေမကောင်းသည့် လူတစ်ယောက်ကြောင့် နေကောင်းသည့် လူပေါင်း များစွာ ဒုက္ခ ရောက်ရသည့် သည်အဖြစ်မျိုး နယူးယောက် မြေအောက် ရထား တွင် မကြာခဏ ဖြစ်နေတတ်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

ကာရိုး၏ အခြေအနေကို ဂါတ်ဗိုလ် သဘောပေါက်လိုက်သည်။ သူမ ဘာလုပ်ရမည် မသိလည်း ဖြစ်သွားသည်။ ဂါတ်ဗိုလ်မှာ ရှေးဦး သူနာပြုစု နည်းလည်း မသင်ခဲ့ရ။ ကာရိုးမှာ သွေးခုန်နေသေးသည်။ အသက်လည်း ရှုနေ သေးသည်။ အခြား ခရီးသည်များထဲတွင်လည်း ဆေးပညာ တတ်ကျွမ်းသူ ပါပုံ မရ။ ထိုစဉ် ထိပ်ဆုံးတွဲမှ ရထား အင်ဂျင်နီယာက ရထားထိန်းချုပ်ရေး ဌာနမှ တစ်ဆင့် အရေးပေါ် ဌာသို့ အကြောင်းကြားခိုင်းလိုက်ရာ အရေးပေါ် ဆေး အဖွဲ့ (အီးအမ်တီ) တစ်ဖွဲ့ လွှတ်လိုက်ပြီ ဖြစ်ကြောင်း သိလိုက်ရသည်။

ရထား ၂၃ လမ်း ဘူတာတွင် ရပ်တော့ နှာခေါင်းစည်းတွေနှင့် အီး အမ်တီ အဖွဲ့ကို မိနစ် နှစ်ဆယ်ခန့် စောင့်ရသည်။ သူတို့ ရောက်လာတော့ ခရီးသည် အတော်များများလည်း ဆင်းသွားကြပြီ။ အရေးပေါ် ဆေးအဖွဲ့သား များ ကာရိုးထံသို့ သွားမည့် လမ်းကို ရှင်းသည်။ သူတို့ တွေ့လိုက်ရသည်က ပြာနှမ်းနေသည့် လူနာ။ နှလုံးခုန်သံနှင့် သွေးပေါင်မှာ တိုင်း၍ မရလောက် အောင် နည်းနေသည်။ အသက်က ရှုသည် ဆိုရုံမျှ။ ထို့နောက် လူနာ နှာခေါင်း ကို အောက်စီဂျင် ပိုက်တပ်လိုက်ပြီး တွန်းလှည်း ခုတင်ပေါ်သို့ မ တင်ကြ သည်။ ပြီးတော့ တွန်းလှည်းကို လမ်းပေါ်တွင် စောင့်နေသည့် သူနာတင်ကား ဆီသို့ တွန်းသွားကြ၏။

ကားမှာ ဥသြသံ ပေးကာ ကွေ့ကာ ဝိုက်ကာဖြင့် မြို့ကို ဖြတ်မောင်းပြီး ဘယ်လီဗူး ဆေးရုံ အရေးပေါ် ကယ်ဆယ်ရေး ဌာန (အီးအာရ်) ကို ရောက် တော့ လူနာကို ကားပေါ်မှ ချပြီး သူနာပြု တစ်ယောက်က စမ်းသပ်ကြည့် တော့ နှလုံး မခုန်တော့ကြောင်း တွေ့ရသည်။ အရေးပေါ် ဆေးအဖွဲ့သား တစ်ယောက်က တွန်းလှည်း ခုတင် တစ်လုံး ပြေးဆွဲကာ လူနာကို တင်ပြီး အရေးပေါ် ဌာန အတွင်းပိုင်းသို့ အပြေး တွန်းသွားကြသည်။ အရေးပေါ် အခန်း တစ်ခန်း ရောက်တော့ တာဝန်ခံ ဆရာဝန်၊ သူနာပြု တစ်ယောက်နှင့် လက် ထောက် ဆရာဝန်၊ မေ့ဆေး ဆရာဝန်တို့ အရေးပေါ် ပြုစု ကုသမှု လုပ်ကြ သည်။ သို့သော် လူနာ၏ အဆုတ်က အလုပ် မလုပ်တော့ချေ။

နှလုံးကလည်း မခုန်၊ အဆုတ်ကလည်း မရှုသဖြင့် ကာရိုးကို ဆေးရုံ ဆိုက်ရောက် သေဆုံးသူ အဖြစ် သတ်မှတ်ကာ အဝတ်ဖြူစ လွှမ်းပေးလိုက် တော့သည်။

အရေးပေါ် ဌာန စာရေးက နယူးယောက်မြို့ ရင်ခွဲရုံသို့ ဖုန်းဆက် အကြောင်းကြားသော အခါ ကာရိုးကို မည်သူ မည်ဝါ အထောက်အထား

mgyoe.com

mgyoe.com SAMPLE BOOK

မတွေ့ရသဖြင့် ဂျိန်း ဒိုး ဟူသော အစားထိုး အမည်သာ ပေးလိုက်သည်။ လူနာတွင် အဖော်လည်း မပါဟုလည်း အသိပေးလိုက်သည်။

ထိုအချိန်တွင် ကာရီး၏ တွန်းလှည်း ခုတင်မှာ အခန်းထောင့် တစ်နေရာတွင် မခမ်းမနားဖြင့် ထိုးကာ သေမှုစစ် (ရင်ခွဲ) ဆရာဝန်၏ ကားကို စောင့်နေရတော့သည်။ လွှမ်းထားသော အဝတ်ဖြူ အောက်တွင်မူ သူမမှာ လှလှပပ ဝတ်ဆင်ထားလျက် အသက်ရှူပိုက်နှင့် ဆက်ခဲ့သည့် ပလတ်စတစ်ပိုက် တစ်ချောင်းကတော့ ပါးစပ်မှာ တန်းလန်း ရှိနေဆဲ။



mgyoe.com

mgyoe.com
SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ၁

ထိုနေ့ နံနက်၊
နိုဝင်ဘာလ ၅ ရက်၊ တနင်္လာနေ့၊ နံနက် ၁၀း၃၀၊

နံနက် ၁၀ နာရီခွဲလောက်တွင် နယူးယောက်မြို့ သေမှုစစ် ဆရာဝန်ချုပ်ရုံး (အိုစီအမ်အီး) ရှိ ရင်ခွဲ ခုတင် ရှစ်လုံးစလုံးတွင် ရင်ခွဲ စစ်ဆေးနေကြသည်။ စနေ၊ တနင်္ဂနွေတွင် အလောင်း ဆယ်လောင်း ရောက်လာပြီး ယင်းတို့ကို ရောဂါ ရှာဖွေရန် မလိုသဖြင့် တနင်္လာနေ့ မနက်ကျမှ ရင်ခွဲရန် ထားခဲ့ခြင်း ဖြစ်သည်။ ထိုအလောင်း ဆယ်လောင်း အပြင် တနင်္ဂနွေ ညနေနှင့် တနင်္လာနေ့ မနက် အကြား နောက်ထပ် အလောင်း ခြောက်လောင်းလည်း ထပ်ရောက်လာသေးသည်။ ထိပ်ဆုံးမှ ခုတင် အမှတ် ၁ ကို အသုံး များသည်။ ထိုခုတင်ကို ဒေါက်တာ ဂျက် စတေပဲလ်တန်လည်း အသုံး များသည်။

သူက ရင်ခွဲရုံသို့ အစော ရောက်လာသူမို့ သူ့စိတ်ကြိုက် ခုတင်ကိုလည်း ရွေးခွင့် ရနေသည်။ သူက သူနှင့် အမြဲ တွဲဖက် လုပ်ကိုင်သည့် ရင်ခွဲရုံ ကျွမ်းကျင် ဗင်နီ အမန်ဒိုလာအား ထိုခုတင်ကို အရ ယူထားရန်လည်း အမြဲ မှာထားသည်။ ထိပ်ဆုံး ခုတင် ဖြစ်သည့် အတွက် ခုတင် အားလုံးတွင် အလုပ် လုပ်ကြသည့် အခါ အခန်း အလယ်မှ ရှုပ်ရှုပ်ယှက်ယှက်တွေနှင့်လည်း ဝေးနေသည်။ ခုတင် အားလုံးတွင် အလုပ် လုပ်သည့် အချိန်လောက်တွင် သူက တတိယ အလောင်းကို စခွဲနေပြီ ဖြစ်သည်။ ကျန်ခုတင်များက ပထမ အလောင်းကိုသာ ကိုင်ကြရသေးသည်။

'ဟုတ်ပြီ' ဂျက်က ကုန်းထားသော ကိုယ်ကို ဆန့်လိုက်ရင်းက ရေရွတ်လိုက်သည်။ သူက သွေးတွေ စိုကာ ပိပြားနေသော အလောင်း၏ ညာဘက် အခြမ်းမှ ဆံပင်များကို ပြောင်သွားအောင် ရိတ်လိုက်သည်။ ပေါ်လာစေလို


mgyoe.com

mgyoe.com SAMPLE BOOK

သည့် ဒဏ်ရာကို ပုံမပျက်အောင်လည်း ဂရုစိုက်ရသည်။ နီညိုရာက မည်းလာနေပြီ ဖြစ်သော ဒဏ်ရာမှာ သေသူ အမျိုးသမီး၏ ညာဘက် နားရွက် အပေါ် တစ်လက်မ နှစ်လက်မခန့် အကွာတွင် ဖြစ်ပြီး ပတ်လည်တွင်လည်း ပွန်းပဲ့ထားသည့် အရာများ ရှိနေသည်။ အလောင်းမှာ ပက်လက် ဖြစ်သည်။ ခေါင်းက တုံးတစ်တုံးပေါ် တင်ထားသည့်မို့ ဟိုဘက် သည်ဘက် လှည့်၍ ရသည်။ ထို အမျိုးသမီး အလောင်းမှာ အဝတ်အစား မရှိဘဲ ဖြူဆွတ်နေသဖြင့် ပြတိုက်မှ ဖယောင်းရုပ်နှင့် မှားလောက်သည်။

'ဒဏ်ရာ အဝက အဝိုင်းလား၊ ဘဲဥပုံလား'

ဂျက်က စာချသည့် ပုံစံမျိုး ပြောတတ်သည်။ နားထောင်မည့်သူ မရှိသော်မှ သူက ထိုအတိုင်း ပြောနေတတ်သည်။ ဗင်နီနှင့် တွဲအလုပ် လုပ်နေသည့်အခါ ထိုအတိုင်း ပြောလေ့ ရှိသည်။ ထိုသည်ကို ဗင်နီက လိုက်၍ ကြည့်ရသည်။

သည်မနက်တော့ နားထောင်မည့် ပရိသတ်က ရှိနေသည်။ လက်ထောက် ရဲစုံထောက် လျူ ဆော်ဒန်နို ရောက်နေသည်။ သူက ဂျက်နှင့် ဂျက်၏ ဇနီး လော်ရီတို့၏ မိတ်ဆွေဟောင်း။ လျူသည် ရင်ခွဲသည့် အခါ သူ လိုက်နေသည့် အမှုနှင့် ပတ်သက်သည့် မှုခင်းဆိုင်ရာ တွေ့ရှိချက်များကို လာကြည့်လေ့ ရှိသည်။ ရင်ခွဲ စစ်ဆေးခြင်းဖြင့် အမှုနှင့် ပတ်သက်သည့် အချက်အလက် အထောက်အထားများ သူ ရရှိသွားတတ်သည်။ အမှုအခင်းနှင့် ပတ်သက်သည့် ရင်ခွဲ စစ်ဆေးမှု မလုပ်ရသည်မှာ လနှင့် ချီ၍ ကြာခဲ့ပြီ။ သည်နေ့တော့ သုံးလောင်း ရောက်နေသည်။

'ကျုပ်ကတော့ အဝိုင်းလို့ ထင်တယ်'

လျူက ဆိုသည်။ သူသည် ဂျက်နှင့် မျက်နှာချင်းဆိုင် အလောင်း၏ ဘယ်ဘက်တွင် ရပ်နေ၏။ ဗင်နီကလည်း သူ့ဘက် အခြမ်းတွင်ပင်။ ဂျက်၏ ဘေးတွင် ရင်ခွဲရုံ ကျွမ်းကျင် ဝန်ထမ်း နောက်တစ်ယောက် ကာလော့စ် ဆန်းချက် ဖြစ်သည်။ သူက သေမှုစစ် ဆရာဝန်ချုပ် ရုံးတွင် လူသစ် ဖြစ်ကာ အလုပ်များကို လေ့လာခါစ ဖြစ်သည်။ လုပ်သက် ရင့်နေပြီ ဖြစ်သော ဗင်နီမှာ သူနှင့် အနီးကပ် တွဲလုပ်ရသည့် ဝန်ထမ်းသစ်ကို သင်ပြပေးရသည်။ ဂျက်ကတော့ ထိုသည်များကို ဂရုစိုက် မနေနိုင်။ လူသစ်ကြောင့်လည်း မိမိ၏ အလုပ် နှောင့်နှေးခြင်း မရှိ။ အချိန် ဖြုန်းသည်မျိုး၊ မကျွမ်းမကျင် လုပ်သည်မျိုးကိုတော့ သူ မကြိုက်။



mgyoe.com

mgyoe.com SAMPLE BOOK

လောလောဆယ်တော့ ကာလော့စ် အပေါ် သဘော မတွေ့စရာ မရှိသေး။ သူ ဤလုပ်ငန်းကို သိပ်စိတ်မဝင်စား ဆိုရုံလောက်ထက် ပို မသိ။

'ဟုတ်တယ်၊ ဗင်နီကရော' ဂျက်က မေးလိုက်သည်။

'အပိုင်း' ဟု ဆိုကာ ဗင်နီ မျက်လုံးကို ကလယ် ကလယ် လုပ်ပြသည်။ ဂျက်နှင့် ဗင်နီမှာ နှစ်ပေါင်း များစွာ၊ အကြိမ်ပေါင်းလည်း များစွာ အတူ တွဲလုပ်ခဲ့ရသဖြင့် တစ်ယောက် သဘော တစ်ယောက်လည်း သိနေကြသည်။ ဂျက်၏ လေသံကို ကြားရုံဖြင့် သင်ကြားရေး မိန့်ခွန်း ခြွေတော့မည်မှန်း ဗင်နီ သိလိုက်သည်။ သို့ဆိုလျှင် ခွဲစိတ်မှုက အတော် ကြာမည့် သဘော။ ထိုအခါ တတိယ အလောင်း ခွဲပြီးလျှင် ရနေကျ ကော်ဖီသောက် နားချိန်လည်း ရတော့မည် မဟုတ်။ ဗင်နီက ကော်ဖီ စွဲနေသူ။ သူ နောက်ဆုံး သောက်လာရသည်က ခုနစ်နာရီ ထိုးပြီးခါစက ဖြစ်သည်။

'မစ္စတာ ဆန်းချက်ရော' ဗင်နီ စိတ် တခြား ရောက်နေသည်ကို ဂရုမစိုက်ဘဲ ဂျက်က မေးလိုက်သည်။

'ခင်ဗျာ' ကာလော့စ်က ထူးသည်။

ဂျက်က ပလတ်စတစ် မျက်နှာဖုံး အကာကို ကျော်ကာ လူသစ်၏ မျက်နှာကို လှည့်ကြည့်လိုက်ပြီး 'ပိုပြီး စိတ်ဝင်စားစရာ ကောင်းတဲ့ အပိုင်းကို ငါတို့ မင်းကို မပြောဘဲ ချန်ထားမိသလား' သရော်သလို မေးလိုက်သည်။

သူက လျူဘာက်သို့ ပြန်လှည့်ကာ 'အပိုင်း ဆိုတာ သေချာတယ်၊ ကျည်ဆန်က ဦးခေါင်းခွံကို တည့်တည့် ဖောက်ဝင်သွားတာ၊ ပုံပျက် ပန်းပျက် မဟုတ်ဘူး၊ ဒဏ်ရာ ပတ်လည်မှာ အစအနတွေလည်း မရှိဘူး တွေ့လား' သေနတ်ဒဏ်ရာများတွင် ကျည်ဆန်နှင့် ပါလာသည့် ယမ်းမှုန့်ကြောင့် ဒဏ်ရာ ပတ်လည်တွင် အနီစက်ကလေးများ ရှိတတ်သည်။

'နားရွက်ပေါ်မှာလောက် များများ မတွေ့ရဘူး' လျူကာ ပြောလိုက်သည်။ 'နားရွက်ပေါ်မှာလည်း ရှိတယ်၊ လည်ပင်းမှာလည်း နည်းနည်း ရှိတယ်' ဂျက်က ပြောရင်း ညွှန်ပြလိုက်ကာ 'ဆံပင်တွေထဲကို စိမ့်ဝင်သွားပုံ ရတယ်'

'ဒေါက်တာ ပြောချင်တဲ့ သဘောကို ကျုပ်တော့ သဘောကျမယ် မထင်ဘူးဗျာ' လျူကာ ဆိုသည်။

သေသူမှာ လျူနှင့် လုပ်ဖော်ကိုင်ဖက် ရဲစုံထောက် တစ်ယောက်၏ ဇနီးဖြစ်ပြီး ထိုအမျိုးသမီးကလည်း နယူးယောက် ရဲဌာန၏ ရာဇဝတ် မှုခင်းဌာနမှ ဖြစ်သည်။


mgyoe.com

mgyoe.com SAMPLE BOOK

ဂျက်က ခေါင်းညိတ်သည်။ မိမိတို့ အတူ တွဲလာသည်မှာ ကြာပြီမို့ လျူမှာ မှုခင်း ဆေးပညာ ဗဟုသုတ ကြွယ်ဝနေသည်။ 'ဒါတင် မဟုတ်သေးဘူး၊ ညာဘက် နားရွက် အပေါ်နားက ဝင်ပေါက်နှင့် ဘယ်ဘက် အောက်မေးရိုး အောက်က ထွက်ပေါက်ကို တုတ်ချောင်းနှင့် တန်းချိန်ကြည့်လိုက်'

ဗင်နီက ရင်ခွဲ ခုတင်တွင် ထောင်ထားသည့် သစ်သား တုတ်ချောင်းကို ယူကာ ဂျက်အား ကမ်းပေးလိုက်သည်။ ဂျက်က တုတ်ချောင်းကို လက်နှစ်ဖက်ဖြင့် ကိုင်ကာ အလောင်း၏ ဒဏ်ရာ နှစ်ပေါက် အပေါ်မှ ဆက်ကြည့်သည်။

လျူက 'ကျွန်တော် သဘော ပေါက်ပါပြီ၊ ကျည်ဆန်က အောက် ကွေ့သွားတာ'

'သတင်းဆိုးကို ပြောရတာတော့ စိတ်မကောင်းပါဘူး' လျူ၏ လေသံမှာ စိတ်ညစ်သွားဟန် ပါသည်ကို သိသဖြင့် ဂျက်က ပြောလိုက်ခြင်း ဖြစ်သည်။ သူက ဆက်၍ 'ဒီမှာ ကျွန်တော်တို့ တွေ့ရတာက သေနတ်ပြောင်းဟာ နှစ်ပေအကွာက၊ ဒါမှမဟုတ် လက်မ သုံးဆယ်လောက်က ပစ်တာ၊ ကျည်သွားလမ်းကြောင်းကတော့ တမင် ရည်ရွယ်ပြီး လုပ်တာ၊ ခင်ဗျား သဘောပေါက်လား'

'သိပ်တော့ မပေါက်ဘူး၊ ဒါပေမဲ့ ဒါကတော့ ကျွန်တော် မျှော်လင့်ထားသလို မဟုတ်ဘူး၊ ဒီကောင်နှင့် ကျွန်တော် သိတာ နှစ်ပေါင်း နှစ်ဆယ် ကျော်ပြီ၊ သူတို့ အိမ်မှာတောင် ကျွန်တော် ထမင်း လိုက်စားဖူးတာ အကြိမ် မနည်းတော့ဘူး၊ အထူးသဖြင့် ကျွန်တော် မိန်းမနှင့် ကွဲသွားပြီးတဲ့ နောက်ပေါ့၊ သူတို့လည်း တခြား အိမ်ထောင်သည်တွေလို ပြဿနာတော့ ရှိတာပေါ့၊ သူတို့ကလေး နှစ်ယောက်တောင် ကြီးကုန်ကြပြီ'

'ခြောက်လုံးပြူးနှင့် ကိုယ့်ကိုယ်ကိုယ် ပစ်သတ်သေတဲ့ အမှု ကိုးဆယ်ရာနှုန်းမှာ ဒဏ်ရာတွေဟာ အဆက်အစပ် ရှိတယ်၊ ပြောင်းကို မော့ပြီး ခေါင်းကို တေ့ပစ်တာမျိုးပေါ့၊ အဲဒါမျိုးတွေမှာ ကျည်သွားလမ်းကြောင်း အပေါ်ကနေအောက်ကို ကွေ့သွားတာမျိုး ငါးရာခိုင်နှုန်းလောက်ပဲ ရှိတယ်၊ နောက်ကနေ ရှေ့ဘက်ကို ထွက်သွားတာမျိုးက ပိုတောင် ရှားသေးတယ်၊ ခု ဒီအမှုမှာ အဲဒီ နှစ်ခုစလုံး တွေ့နေရတယ်'

'ဒါဆိုတော့ ဒေါက်တာက ဒါဟာ ကိုယ့်ကိုယ်ကိုယ် သတ်သေတာ မဟုတ်ဘူးလို့ ထင်တယ်ပေါ့' လျူက ဖြောင်ပဲ မေးလိုက်သည်။

ဂျက်က ခေါင်းခါပြသည်။



mgyoe.com

mgyoe.com SAMPLE BOOK

ဗင်နီက ဝင်၍ 'ကျွန်တော်တို့ ဆက်ပြီး ခွဲကြရအောင်လား'

ဂျက်က ဗင်နီကို သဘောမကျဟန် လှည့်ကြည့်သည်။ ယင်းကို ဗင်နီ ဂရုမစိုက်ဘဲ 'ကျွန်တော်တော့ ကော်ဖီ သွားသောက်တော့မယ်'

'မသေခင် ရေးသွားတဲ့ စာ ရှိလား' ဂျက်က လျှာဘက်သို့ ပြန်လှည့်ကာ မေးလိုက်သည်။

'ဘယ်ဘက် လက်ထဲမှာ ဆုပ်ထားတယ်၊ ဝေါလ်တာရဲ့ တာဝန် အရ သုံးတဲ့ အော်တိုမက်တစ် သေနတ်က အဲဒီ မိန်းမရဲ့ ညာလက်ထဲမှာ၊ သေတော့ ခုတင်ပေါ်မှာ ပက်လက်ကြီး၊ ပုံပျက် ပန်းပျက်ပါဗျာ'

'နောက်တော့ ခင်ပွန်းသည်က ခင်ဗျားဆီ ဖုန်းဆက်တယ် ဆိုပါတော့' ဂျက်က မေးလိုက်သည်။

'ဟုတ်တယ်၊ ကျွန်တော်တို့ကို ပထမ ရင်ခွဲ စစ်ဆေးမှု အတွက် အကြောင်း ကြားပြီးကတည်းက ကျွန်တော်တို့ နှစ်ယောက် တစ်ညနေလုံး အတူတူ ရှိနေ တာ၊ ဝေါလ်တာ အိမ်ပြန်တော့မှ သူ့မိန်းမ သေနေတာကို တွေ့တာ ပြောတာ ပဲလေ၊ ဒါနှင့် ကျွန်တော်လည်း နိုင်းဝမ်းဝမ်းကို ဖုန်းဆက်ပြီး အိမ်ကနေ သူ တို့ဆီကို သွားတယ်၊ ရောက်တော့ ငနဲသား အတော်ကို ထိတ်ထိတ်ပျာပျာ ဖြစ်နေတာ၊ အဖြစ်က အတော့်ကို ဆိုးပါတယ်၊ ဒီလောက် ဆိုးတာ ကျွန်တော် တစ်ခါမှ မမြင်ဖူးဘူး'

ဂျက်က 'ကဲ ဘယ်လို ဖြစ်တယ် ဆိုတာ ကြည့်ကြရအောင်၊ ဒီကိစ္စမှာ နောက်တစ်ယောက် ပါချင် ပါနေလိမ့်မယ်၊ ကျွန်တော်ကတော့ ဒီအမှုကို ကိုယ့်ကိုယ်ကိုယ် သတ်သေမှုလို့ မှတ်ချက် မပေးနိုင်ဘူး၊ ဒါဟာ သေချာပေါက် လူသတ်မှုလို့ ထင်တယ်၊ ဒါပေမဲ့ ဆက်ပြီး ခွဲစိတ် စစ်ဆေးလိုက်ဦးမယ်'

'အမလေး တော်ပါသေးရဲ့' ဗင်နီက ရေရွတ်ကာ ရင်ဘတ်ပေါ်တွင် ကြက်ခြေခတ်ပုံ ရေးဆွဲဟန် ပြုလိုက်သည်။

'ဘုရား မတာကြေးဟေ့' ဂျက်က နောက်သလို ပြောလိုက်သည်။

'ဆရာပဲ ပြော'

သေမှုစစ် ဆရာဝန်ချုပ် ရုံးတွင် ဂျက် အပြောင်အပြက် ပြောတတ်သည် ကို ဗင်နီ တစ်ယောက်သာ သိသည်။

ဂျက်မှာ သူ့ ပထမ အိမ်ထောင်နှင့် သမီးငယ် နှစ်ယောက် လေယာဉ် ပျက်ကျရာမှ ဆုံးရှုံးသွားခဲ့ရပြီးသည့်နောက် ဘာသာရေးသမား မဟုတ်တော့ ချေ။ သည်လို အဖြစ်မျိုး ဖြစ်မည်ဟု သူ ထင်တောင် မထင်ခဲ့။



mgyoe.com

mgyoe.com SAMPLE BOOK

သေတမ်းစစ်ချက် အရ သေသူ အမျိုးသမီးမှာ ကျန်းမာရေး ကောင်းမွန်သူ ဖြစ်ပြီး ရောဂါဘယလည်း မရှိဟု ဆိုသည်။ ဗင်နီက လူသစ် ကာလော့စ်အား ဦးခေါင်းခွံ ခွာပုံ ခွာနည်းများ သင်ပေးပြီးနောက် ရင်ခွဲ စစ်ဆေးမှုမှာ အတော်ပင် ကြာသည်။ ဦးခေါင်းခွံ အထိုက်အလျောက် ခွာပြီးသည်နှင့် ဂျက်က ဦးနောက်ကို ဖြတ်ဖောက်သွားသည့် ကျည်ဆန် လမ်းကြောင်းကို လိုက်ကြည့်သည်။

ဂျက် ထိုသို့ လုပ်နေစဉ် ဗင်နီက ကျည်ဆန် ဝင်ပေါက်ကို ဓာတ်ပုံရိုက်ရန် ဦးခွံ အောက်ခြေကို ခွာသည်။

တတိယ အလောင်းကို ရင်ခွဲပြီးသော အခါ ဂျက်က ဗင်နီနှင့် ကာလော့စ်တို့ကို ရှင်းလင်း သိမ်းဆည်းခိုင်းထားခဲ့ပြီး အလောင်းများ ထားရာ ရေခဲတိုက်သို့ ပြန်လာသည်။ လျူမှာ ရင်ခွဲမှု အဓိက အပိုင်း ပြီးလျှင် ပြန်နေကျ ဖြစ်သော်လည်း သည်တစ်ခါ အကုန် ပြီးသည် အထိ နေသွားသည်။ သူတစ်ယောက်တည်း နေသော ဆိုဟို တိုက်ခန်းသို့ မပြန်ချင်သေး၍ ထင်၏။ ရင်ခွဲ စစ်ဆေးမှု အပြေနှင့် ပတ်သက်၍ သူ ဆွေးနွေးချင်သေးဟန်လည်း ရှိသည်။ တစ်ညလုံး မအိပ်ရသဖြင့် နွမ်းနယ်နေပုံလည်း ရသည်။

ဂျက်က ရင်ခွဲစဉ် ဝတ်စုံများ လဲပြီးနောက် လျူအား ဒုတိယထပ်ရှိ စားသောက်ခန်းသို့ ခေါ်သွားသည်။ စားသောက်ခန်းမှာ ကျွမ်းကျင် ဆရာဝန်များ ရှိသည့် ခေတ်မီ သေမှုစစ် ဆရာဝန် ရုံးနှင့် မလိုက်ဖက်အောင် စုတ်ချာလှသည်။ ရုံးအသစ် အထပ်မြင့် အဆောက်အအုံကတော့ ၂၆ လမ်းတွင် ဆောက်ထားသည်။ လမ်း ၃၀ နှင့် အဲဗင်းနယူး တစ်လမ်းတွင် ရှိသည့် ယခု အဆောက်အအုံဟောင်း၏ တောင်ဘက်တွင် ဖြစ်သည်။ ဝန်ထမ်း အတော်များများပင် အဆောက်အအုံသစ်သို့ ပြောင်းပြီးသွားပြီ။ အဆိပ်အတောက် ဆိုင်ရာ ပညာရှင် ဆရာဝန်များနှင့် သေမှုစစ် ဆရာဝန်များသာ မပြောင်းရသေးဘဲ ကျန်နေခြင်း ဖြစ်သည်။ အဆောက်အအုံသစ်တွင် ရင်ခွဲရုံ မရှိသေး၍ ဖြစ်သည်။ ခေတ်မီ ရင်ခွဲရုံ ဆောက်ရန် စီမံကိန်း အဆင့်တွင်သာ ရှိသေးသည်။ ထိုရင်ခွဲရုံသစ် ဆောက်မပြီးမချင်း ဂျက်တို့ အဖွဲ့သားတွေ ယခု အဟောင်းတွင်သာ နေကြရမည် ဖြစ်သည်။

'ကဲ ဘာသောက်မလဲ' ဂျက်က နှစ်နှစ်ဆယ်ကြာ အတူ တွဲလုပ်လာသည်မို့ မိတ်ဆွေရင်းပမာ မေးလိုက်သည်။ လျူ ဆိုသည်ကိုက အီတလီ တောင်ပိုင်းက နာမည်။ အမည်းရောင် ဆံပင်က ရှည်ရှည်၊ မျက်လုံးက အနက်၊ အသားက သံလွင်ရောင်၊ အရပ် မနိမ့်မမြင့်၊ ဗလ ကောင်းကောင်း၊ လူချော

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ယောက် ဖြစ်သည်။ လေ့ကျင့်ခန်း မလုပ်သဖြင့် ဗိုက်တော့ နည်းနည်း ပူသည်။

သူနှင့် ဂျက် ယှဉ်လိုက်တော့ တခြားစီ။ နှစ်ယောက် ယှဉ်ရပ်နေမှ ပိုသိသာသည်။ ဂျက်၏ ဆံပင်တွေက အညိုရောင် ပျော့ပျော့၊ ခေတ်မီမီ ညှပ်ထားသည်။ နားထင်စပ်ဆီတွင် ဆံဖြူကလေးများ ပေါ်နေ၏။ မျက်လုံးတွေက အညိုရောင်။ အရပ်က ခြောက်ပေ နှစ်လက်မ။ စက်ဘီး စီးပြီး ဘတ်စကက်ဘော ကစားသဖြင့် အားကစားသမား ကိုယ်လုံးကိုယ်ထည်မျိုး ဖြစ်ရာ လျူ၏ အပေါ်တွင် မိုးနေသလို ဖြစ်နေသည်။

'ဘာသောက်ရမယ်မှန်းတောင် မသိတော့ပါဘူးဗျာ' လျူမှာ မဆုံးဖြတ်နိုင်သလို ဖြစ်နေသည်။

'ရေသောက်မလား' ဂျက်က မေးသည်။ လျူ တစ်ယောက် ကော်ဖီ မသောက်ချင်ဘဲ အိပ်ပဲ အိပ်ချင်နေမည်မှန်း ဂျက် သိနေသည်။

'အေး ဟုတ်တယ်၊ ရေပဲ ကောင်းတယ်' လျူက ဆို၏။

ဂျက်က ရေ နှစ်ပုလင်း သွားယူကာ လျူနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်သည်။

'နောက်အလောင်းမှာ ဘယ်လို အဆိပ်အတောက်မျိုး တွေ့လဲ ပြောဦးနော်' လျူက မေးသည်။

'သိသိချင်း ပြောပါ့မယ်'

ဂျက်က ပြန်ပြောလိုက်သည်။

လျူသည် နယူးယောက် ရဲဌာနနှင့် သက်ဆိုင်သည့် အမှုများ ရင်ခွဲသည်ကို လာရောက် ကြည့်ရှုခြင်း ဖြစ်သည်။ သူက သူ့အခေါ် 'အချုပ်တွင် သေဆုံးမှု' ဟူသော အလောင်းကို ရည်ရွယ်ကာ မေးခြင်း ဖြစ်သည်။ ထိုအလောင်း ခွဲစဉ်က သေသူ လည်ပင်းရိုး အက်နေသည်ကို လျူအား ပြခဲ့သည်။ လည်ပင်း အညှစ်ခံရသည့် အဓိပ္ပာယ် ဖြစ်သည်။ ယင်းမှာ သူ့ကို ဖမ်းဆီးစဉ်က ဖြစ်သည်။

လျူက ထိုမနက် ပထမဆုံး ခွဲသည့် အလောင်း နောက်ဆုံး အဖြေကို စောင့်နေခြင်း ဖြစ်သည်။ ထိုအလောင်းမှာလည်း သေနတ် ပစ်ခတ်နေစဉ် ကားထဲ၌ ထိုင်နေသူ လေးချက် မှန်ကာ သေဆုံးရခြင်း ဖြစ်သည်။ မျက်မြင် သက်သေများ အဆို အရ ထိုလူက 'တော်ကြပါတော့' ဟု အော်ပြောသဖြင့် ပစ်ခတ်မှုများ ရပ်သွားသော်လည်း ရဲက သူ့ကို ပစ်လိုက်ခြင်း ဖြစ်သည်ဟု ဆိုသည်။ သည်အတိုင်း မှန်လျှင် ရဲဌာန သိက္ခာ ကျပေတော့မည်။ ထိုအတွက်

mgyoe.com

mgyoe.com SAMPLE BOOK

ဂျက်မှာ အလောင်း ကိုယ်ထဲမှ ကျည်ဖူး လေးခုကို ရှာကာ အဆောက်အအုံ သစ်တွင် သွား၍ စစ်ဆေးပေးရမည်။

ဂျက်က 'ဒီမနက်က စိတ်ဝင်စားစရာ ကောင်းပါတယ်၊ ခင်ဗျား ဘော်ဒါ အတွက် ကျွန်တော် လုပ်မပေးနိုင်တာ စိတ်မကောင်းပါဘူး၊ အမှုက မသေခင် ရေးသွားတဲ့ စာအပေါ်မှာပဲ မူတည်တော့တယ်၊ အိမ်ထောင် ကွဲတာ မကောင်း ပါဘူး၊ ဒါပေမဲ့ အခု အမှုက လူသတ်မှု ဖြစ်သွားမယ် ဆိုရင်တော့ ပိုဆိုးတာ ပေါ့'

'ကျွန်တော့် ပြဿနာတွေ ထားလိုက်ပါဦး' လျူက လက်ကို ယမ်းလျက် 'စတေပဲလ်တန်-မောင်ဂိုမာရီ အိမ်ထောင်ရေးရော အခြေအနေ ဘယ်လိုလဲ၊ ခင်ဗျားနှင့်ရော လှာနှင့်ပါ စကားစမြည် မပြောရတာ အတော် ကြာပြီ' လျူ သည် နယူးယောက် သေမှုစစ် ဌာန၌ ဂျက် အလုပ် မဝင်ခင်ကတည်းက ဂျက် ၏ ဇနီး လော်ရီ မောင်ဂိုမာရီနှင့် သိကျွမ်းနေခဲ့သည်။ သူတို့ ခေတ္တ ခဏမျှ ချိန်း၍ပင် လျှောက်လည်လိုက်ကြသေးသည်။ နောက်တော့မှ မဖြစ်နိုင်ကြမှန်း သိကာ ခင်မင်သော မိတ်ဆွေတွေ ဖြစ်သွားခဲ့ကြခြင်း ဖြစ်သည်။ ဂျက် ရောက် လာတော့ လျူကပင် အောင်သွယ်ပေးခဲ့သည်။ လျူ၏ သမီး တစ်ယောက်က လော်ရီကို စတွေ့တော့ လှာဟု ခေါ်ခဲ့သည်။ လျူကလည်း ထိုနာမည် လှသည် ဆိုကာ ဆက်ခေါ်ခဲ့သည်။

'အဲဒါတွေ မပြောပါရစေနှင့်ဗျာ' ဂျက်က ငြင်းသည်။

'ဟာဗျာ၊ ဘဝတူတွေပဲ၊ ဘယ်လို ဖြစ်နေလို့လဲ' လျူက စားပွဲကို ကျော် ကာ ကိုယ် ကိုင်း၍ မေးသည်။

'ဘယ်လိုတွေ ဖြစ်တယ်တောင် မပြောတတ်ပါဘူး' ဂျက်က ပြောလိုက် ၏။

'ခင်ဗျား ကျွန်တော့်ကို မပြောလို့ ဘယ်သူ့ သွားပြောမလဲ' လျူက မျက်မှောင် ကြုတ်လိုက်ရင်း 'ခင်ဗျားတို့ လင်မယား နှစ်ယောက်စလုံးကို ကျွန်တော် ခင်တာပါဗျ'

ဂျက်က ခေါင်းညိတ်သည်။ သူ ပြောသည်မှာလည်း မှန်သည်။ တိုင်ပင်စရာ ဆို၍ သူတစ်ယောက်သာ ရှိသည်။ ပြောလိုခြင်း ရှိ မရှိကသာ အဓိက။ လွန် ခဲ့သည့် ၂၅ နှစ်က မိမိ၏ ပထမ အိမ်ထောင် မိသားစု လေယာဉ် ပျက်ကာ ဆုံးရှုံးပြီးကတည်းက စိတ်ဆင်းရဲစရာ အကြောင်းတွေ သိပ်မပြောချင်တော့။ စိတ်ညစ်စရာ ပေါ်လာလျှင်လည်း အလုပ်ကိုသာ ဖိလုပ်ပစ်သည်။ အလုပ်ထဲမှာ

mgyoe.com

mgyoe.com SAMPLE BOOK

အချိန်ကုန်ခံသည်။ ညနေ ဘတ်စကက်ဘော ကွင်းမှာ အချိန်ကုန်ခံပစ်သည်။ သည်လို လုပ်နေသည်ကပင် ပြဿနာကို မဖြေရှင်းနိုင်ရသည့် အကြောင်း ဖြစ်သည်ကိုလည်း သူ သိသည်။ ပြဿနာကို မသိယောင် ပြုနေသလို ပြဿနာကို ကြောက်ကာ ရှောင်နေသလို ဖြစ်နေသည်။

လျူက 'ပြဿနာ ရှိရင် ဖြေရှင်းရမှာပေါ့၊ ဒီမယ် ဆရာနှင့် လော်ရီတို့ဟာ အဆင်ပြေတဲ့ အိမ်ထောင်ရေး ဆိုတာ ရှိတယ်လို့ ကျွန်တော် ယုံကြည်ရတဲ့ အိမ်ထောင်သည်တွေပါ၊ အထူးသဖြင့် အခုလို ကျွန်တော့် ဘော်ဒါဝေါ်လ်တာရဲ့ အဖြစ်မျိုး ဖြစ်တဲ့ အခါပေါ့၊ ပြီးခဲ့တဲ့ တစ်လ နှစ်လလောက်မှာ ကျွန်တော် ခင်ဗျားတို့ လင်မယားနှင့် မတွေ့ဖြစ်တာက အမျိုးသမီး အသစ်တစ်ယောက်နှင့် ကျွန်တော် တွေ့နေလို့၊ အဲဒီ အမျိုးသမီးကို ပြန်ချိတ်မယ်လို့လည်း စိတ်ကူးထားတယ်'

'ဝမ်းသာပါတယ် မိတ်ဆွေကြီးရယ်' ဂျက်၏ အသံက အားရပါးရတော့ မရှိလှ။

'ဆရာ့ အသံက သိပ်အားမရပါလား၊ လုပ်စမ်းပါ၊ ပြောစမ်းပါဦး၊ လော်ရီဌာနမှာ တာဝန်ခံ ဖြစ်သွားလို့လား' လျူက မေးသည်။

လွန်ခဲ့သည့် နှစ်လက ဆေးဘက်ဆိုင်ရာ သေမှုစစ် ဌာန၏ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာ ဟာရီး ဘင်ဂမ်မှာ နှလုံး ရောဂါဖြင့် ကွယ်လွန်သွားခဲ့ရာ နယူးယောက်မြို့ သုတေသန ဌာနက ထိုနေရာ အတွက် ဒေါက်တာလော်ရီ မောင်ဂိုမာရီအား အစားထိုး ခန့်ထားခဲ့သည်။ ထိုသို့ ခန့်ထားသည့်အတွက် ဂျက်ရော လော်ရီပါ အံ့သြခဲ့ရသည်။ ယင်းကို လော်ရီ လက်ခံလိုက်သည့် အတွက် ဂျက်က ပို၍ အံ့သြခဲ့ရသည်။ သေမှုစစ် လုပ်ငန်းတွင် ထိုသို့သော ဗျူရိုကရက် အုပ်ချုပ်ရေး အလုပ်တွေက အပိုတွေဟု ဂျက်က ယူဆသည်။

သေသူ အပေါ် ရဲအဖွဲ့နှင့် ရဲအဖွဲ့ အပေါ်မှ အဖွဲ့အစည်းတို့၏ စွက်ဖက်မှုကင်းစွာ လုပ်ဆောင်နိုင်အောင် သေမှုစစ် ဌာန နှစ်ပေါင်း များစွာ ကြိုးစားခဲ့ရသည်။ ထိုဘက်လိုက်မှု ကင်းသော လွတ်လပ်မှုဖြင့် သည်မနက် ဂျက် ရင်ခွဲစစ်ဆေးမှုများ လုပ်ခဲ့ခြင်း ဖြစ်၏။ ယခင်က ဆိုလျှင် မြို့တော်ဝန်က ဖြစ်စေ၊ ရဲမင်းကြီးက ဖြစ်စေ ရင်ခွဲ စစ်ဆေးမှုများတွင် လာရောက် သြဇာ ပေးတတ်သည်။ ဂျက်ကတော့ ထိုသို့ အပေးမခံ။ သို့သော် ဇနီးသည်က တာဝန်ခံ ဆရာဝန်ကြီး ဖြစ်လာပြီ ဆိုတော့ အလုပ်နှင့် ကိုယ်ရေးကိုယ်တာက ရောထွေးလာ



mgyoe.com

mgyoe.com SAMPLE BOOK

နိုင်သည်။ ပြတ်သားသည့် သူ၏ သဘောထားလည်း အားနည်းသွားရတော့မည်။

ဂျက်က 'အမှန်အတိုင်း ပြောရရင် သူ အဲဒီ တာဝန် လက်ခံလိုက်တာကို ကျွန်တော် အံ့ဩမိတယ်၊ သူ့အနေနှင့်လည်း လွယ်တာ မဟုတ်ဘူး၊ ဒီအတွက် မြို့တော်ဝန်နှင့် ကျန်းမာရေး မင်းကြီးကို ကျေးဇူး သိတတ်ရတော့မယ်၊ သူ လုပ်ချင်သလို လုပ်လို့ မရတော့ဘူး၊ အဲဒီ နိုင်ငံရေးသမား နှစ်ယောက်က သူ့ အပေါ် နိုင်ငံရေး အမြတ် ထုတ်ဦးမယ်၊ သူက ထိပ်တိုက် တွေ့ရဲတာလည်း မဟုတ်၊ တွေ့ရင်လည်း ဘာမှ မလုပ်တတ်၊ သူ့အဖေ နှလုံး ရောဂါ ဆရာဝန်ကြီးက သူ ဆယ်ကျော်သက် အရွယ်မှာကတည်းက အဲဒီလို ဖြစ်အောင် နှိမ်ထားတာ'

'သူက အလုပ်က ပြဿနာတွေကို အိမ် ယူလာပြီး ခင်ဗျားကိုပါ ဦးနှောက် စားခိုင်းလို့လား'

'လော်ရီ့ အကြောင်းလည်း ခင်ဗျား သိသားနှင့်၊ သူက သူ လုပ်ပြီ ဆိုရင် ပိုလုပ်ချင်တာ၊ အလုပ်မှာရော အိမ်မှာရောပဲ'

'ကြားရတာ စိတ်မကောင်းပါဘူးဗျာ၊ အဲဒီ အကြောင်းတွေ သူနှင့်ရော ပြောဖြစ်သေးလား'

ရုတ်တရက် ဂျက်က သူ့ ရေခွက်ကို စားပွဲပေါ် ဆောင့်ချလိုက်သဖြင့် လျူပါ လန့်သွားပြီး ခွက်ထဲမှ ရေများပင် ဖိတ်ကုန်သည်။ ထို့နောက် ဂျက်က လက်ကို မြှောက်ကာ ခေါင်းကို ယမ်းလျက် 'ကျုပ်ကိုယ် ကျုပ်တောင် နားမလည်နိုင်တော့ဘူး၊ ကျုပ် ဘာကြောင့် ဒါတွေ ပြောမိနေပါလိမ့်'

'ဆရာ ပွင့်အန်ထွက်လာတာပေါ့' လျူက ဆိုသည်။

'မဟုတ်သေးဘူးဗျ၊ ကျုပ်မှာ စိတ်အနှောင့်အယှက် ဖြစ်ရတယ်၊ အထူးသဖြင့် ကျုပ်ကို ဘတ်စ်ကက်ဘော ဘယ်လောက်ပဲ ကစား ဆိုတာမျိုး၊ အလုပ်အသွားအပြန် စက်ဘီး မစီးနှင့်တော့ ဆိုတာမျိုး အမိန့် ပေးတဲ့ အခါပေါ့၊ သူ့ အလုပ်ထဲက ပြဿနာတွေ အိမ်ကို ယူလာပြီ ဆိုရင်တော့ ပိုဆိုးတယ်၊ သူလည်း လူကြီး တစ်ယောက် ဖြစ်နေပါပြီ၊ ကျုပ်လည်း လူကြီး တစ်ယောက် ဖြစ်နေပြီ၊ ကျုပ် စိတ်အဆင်းရဲဆုံးက အမ္ဘာ အတွက်ပါ'

'ဩော် အမ္ဘာ ဘာဖြစ်လို့လဲ'

လျူက မေးသည်။

အမ္ဘာကို သုံးနှစ် သမီး အရွယ်တွင် လျူ တွေ့ခဲ့ဖူးသည်။



mgyoe.com

mgyoe.com SAMPLE BOOK

'ကျန်ခဲ့တဲ့ နှစ်ပတ်မှာ ကလေး ဆရာဝန်က သမီးကို ဆေးစစ်ကြည့်တော့ အော်တစ်ဇင်း လက္ခဏာ တွေ့တယ်တဲ့'

'ဘုရား ဘုရား' လျူ ဘုရား တလိုက်မိသည်။

'ကျွန်တော်တို့ သိထားတာ တစ်ခုကတော့ မဟုတ်ဘူး၊ ဒါပေမဲ့ အော်တစ်ဇင်း ဆိုတဲ့ အသံကိုတော့ မကြားချင်ဘူး၊ ကျွန်တော်တို့ကိုရော ဂျေဂျေကိုရော သူ စကား မပီမသနှင့် ပြောနေသေးတာပဲ၊ နောက်ကျမှ ဘယ်လို ဖြစ်တယ် မသိဘူး'

'ကျွန်တော့်ကို ညွှံတယ်ပဲ ပြောပြော အော်တစ်ဇင်းနှင့် ပတ်သက်လို့ ကျွန်တော် သိပ်မသိဘူး၊ ကြားတော့ ကြားဖူးတယ်၊ ဒါပေမဲ့ အသိထဲက ကလေးတွေ ဒါမျိုး ဖြစ်တာ မရှိဘူး'

'ခင်ဗျားချည်းပဲ မဟုတ်ပါဘူးဗျာ၊ ဒီရောဂါက အဆန်းသားဗျ၊ ကလေးကို လူမှုဆက်ဆံရေးရော စကား ပြောဆို ဆက်ဆံရေးရော အခက်အခဲ ဖြစ်သွားတာ၊ ကျွန်တော် သိသလောက် အဲဒီမှာ ရောဂါ ရှာဖွေရေး နည်းလမ်းတောင် မရှိဘူး၊ တချို့ ကလေးမှာ ရောဂါ မကြီးပေမဲ့ တချို့ ကလေးကျတော့ ရောဂါက အရမ်း ဆိုးနေတတ်တယ်၊ အဲဒီ ရောဂါကို ကျွမ်းကျင်တဲ့ ဆရာဝန်တွေတောင်မှ အဲဒီ အခြေခံ ရောဂါဗေဒကို မသိကြဘူး'

'ဘာကြောင့် ဖြစ်တာလဲ'

'အဲဒါလည်း ဘယ်သူမှ မသိဘူး' ဂျက်က ခေါင်းကို ယမ်းလျက် 'သူတို့ ပြောတာကတော့ ပတ်ဝန်းကျင် အခြေအနေ ဇီဇ မျိုးရိုး စတာတွေကြောင့်တဲ့၊ အဲဒီ သုံးမျိုး ပေါင်းပြီး ဖြစ်တာလည်း ဖြစ်ချင် ဖြစ်မယ်'

'နေပါဦး၊ အော်တစ်ဇင်းမှာ ကုထုံး ရှိလား' လျူက မေးသည်။

'မရှိဘူး၊ လေ့ကျင့်ရေး အစီအစဉ်မျိုးလောက်ပဲ ရှိတယ်၊ အဲဒီ နည်းတွေလည်း လုံးဝ ပျောက်သွားတယ်လို့တော့ မရှိပါဘူး၊ အဲဒီလို မရေမရာတွေကြောင့် ကျုပ် ရူးချင်တာပေါ့ဗျ'

'လှာကရော ဘယ်လို ယူဆလဲ'

'သူကတော့ ကျုပ်လောက် စိတ်မဆင်းရဲဘူးပေါ့၊ အဲဒီ ရောဂါနှင့် ပတ်သက်ပြီး တွေ့သမျှ စာတွေ လိုက်ဖတ်တာပဲ၊ ကျုပ်ကတော့ အဲဒီလို မဟုတ်ဘူး၊ အဲဒါတွေ ဖတ်ရတာ စိတ်ညစ်တယ်၊ လော်ရီကတော့ စိတ်မကောင်း ဖြစ်နေတယ်၊ သူ မီးဖွားခွင့် စောစော မယူမိလို့ ဆိုပြီး နောင်တ ရနေတယ်၊ အလုပ်ထဲမှာက ဓာတု ဆေးဝါးတွေနှင့် လုပ်နေရတာ မဟုတ်လား'



mgyoe.com

mgyoe.com SAMPLE BOOK

'အဲဒါတွေကြောင့်လို့ရော ပြောနိုင်လို့လား'

'ပြောတော့ မပြောနိုင်ပါဘူး'

'ဒါဆိုရင် သူ့အပြစ်မှ မဟုတ်တာ' လျူကြ ထောက်ပြသည်။

'အေးလေ၊ အဲဒါ ခင်ဗျားပဲ သူ့ကို ပြောပြ၊ ကျုပ် ပြောတာတော့ အာပေါက်မတတ်ပဲ၊ နောက်ပြီး ကျုပ်မှာလည်း ကျုပ်အပြစ်နှင့် ကျုပ် နောင်တ ရနေတာ ရှိတယ်'

'ခင်ဗျားမှာ ဘာအပြစ် ရှိမှာမို့လဲ'

'ကလေးတွေနှင့် ပတ်သက်ရင် ကျုပ်က အကုသိုလ်ကောင်၊ ကျုပ်ရဲ့ ပထမအိမ်ထောင်က သမီးတွေလည်း လေယာဉ် ပျက်ကျလို့ သေကုန်တယ်၊ ကျုပ်ချီကာဂိုမှာ သင်တန်း တက်နေတုန်း လာလည်ပြီး အပြန်မှာ ဖြစ်တာ၊ ဂျေဂျေကိုလည်း ကြည့်လိုက်ဦး၊ ငယ်ငယ်လေးကတည်းက အာရုံကြော ကင်ဆာ ဖြစ်တာ'

'ခင်ဗျားကို ဒီလောက် အယူသီးမယ်လို့ ကျွန်တော် မထင်ခဲ့ဘူး' လျူကြဆိုသည်။

'မသီးပါဘူး၊ ဖြစ်နေတာတွေက ယုံနိုင်စရာ မကောင်းလွန်းလို့'

'ဂျေဂျေ ဆိုလို့ သူရော နေကောင်းလား'

'ကောင်းပါတယ်၊ သူက ကောင်းနေလို့ တော်သေးတယ်'

'သူ အခု ဘယ်အရွယ် ရောက်ပြီလဲ'

'ရှစ်နှစ်ခွဲ ရှိပြီ၊ သုံးတန်း ရောက်ပြီလေ၊ အရင်က အကျိတ်ကတော့ပြန်ပေါ်ပုံ မရဘူး၊ သူ ဘတ်စ်ကက်ဘော ကစားတာ ခင်ဗျား မြင်စေချင်တယ်၊ သူကတော့ ပုံမှန် ဖြစ်သွားပါပြီ'

'သူက အမွှာနှင့်ရော တည့်ရဲ့လား'

'တည့်ပါတယ်၊ အမွှာက ဆိုးချင်ပေမဲ့ သူက သည်းခံတယ်၊ သူတို့ နှစ်ယောက် သင့်မြတ်အောင် လော်ရီရဲ့ အမေ ဒေါ်ရသီကို ဝင်ထိန်းပေးစေချင်တာ'

'လော်ရီ အမေက ဘာဖြစ်လို့လဲ၊ သူက မတည့်အောင် မြှောက်ပေးနေလို့လား'

'အဲဒါထက် ဆိုးတယ်၊ သူသာ ပြောင်းမလာရင် ဒီကလေး နှစ်ယောက်သင့်မြတ်အောင် ကျုပ် လုပ်ပေးလို့ ရမှာ၊ ကျွန်တော်လည်း ဒီလောက် စိတ်ဆင်းရဲမှာ မဟုတ်ဘူး၊ ကျုပ်တင် မဟုတ်ဘူး၊ အိမ်က ကလေးထိန်း နာနီကိုပါ



mgyoe.com

mgyoe.com SAMPLE BOOK

စိတ်ညစ်အောင် လုပ်နေတာ၊ ခင်ဗျား မှတ်မိတယ် မဟုတ်လား ကေတလင်း အိုကွန်းနားလေ၊ သူ့ကို ရတာ ကျုပ်တို့ ကံကောင်းတာ'

'ကျွန်တော် မှတ်မိပါတယ်'

'အဲဒါ သူက ကျုပ်ကို ပြောတယ်၊ ဒေါ်ရသီ ရှိရင် သူ ဒီအိမ်မှာ မနေတော့ဘူးတဲ့၊ ကျွန်တော် အဲဒီ အကြောင်း လော်ရီကို ပြောပြတယ်၊ သူက သူ့မိဘနှင့် ပတ်သက်လာရင် ပြောလို့ မရဘူး၊ အထူးသဖြင့် အဖေပေါ့၊ အမေကိုလည်း ဒီအတိုင်းပါပဲ'

'သူ့အမေက ဒီလောက် ဆိုးရအောင် ဘာတွေ လုပ်လို့လဲ'

'လော်ရီ မီးဖွားခွင့် စောစော မယူတာလည်း သူ ပြောတယ်၊ အဲဒါကို ခဏ ခဏ ပြောနေတာ၊ နောက်ပြီး အမွှာကို ဝက်သက်၊ ပါးချိပ်ရောင် ကာကွယ်ဆေး (အမ်အမ်အာရ်) ထိုးပေးလို့ ဒီလို ဖြစ်တာ ဆိုပြီး ကျွန်တော်နှင့် လော်ရီကို လိုမ့်ကြိမ်းနေတယ်'

'နေပါဦး၊ အဲဒါ ကျွန်တော်လည်း ကြားဖူးတယ်၊ အဲဒီ အမ်အမ်အာရ် ဆေးကြောင့် အော်တစ်ဇင်း ဖြစ်တယ်လို့ သူတို့ မပြောဘူးလား၊ ကျွန်တော် အဲဒီလို ဖတ်ဖူးတယ် ထင်တယ်'

'အဲဒါက ကြာပါပြီ၊ ဆေးပညာ ဂျာနယ် တစ်စောင်မှာ ရေးထားတာ၊ သုတေသန ပြုကြည့်တော့ အဲဒါ မဟုတ်ပါဘူးတဲ့၊ အဲဒီ ဂျာနယ်ကပဲ အဲဒီ ကိစ္စ ပြန်ဖြေရှင်းတယ်၊ ဘယ်ကာကွယ်ဆေးဖြစ်ဖြစ် အထူးသဖြင့် အမ်အမ် အာရ်ကြောင့် အော်တစ်ဇင်း မဖြစ်ဘူး'

'ဟုတ်ပြီ၊ ဟုတ်ပြီ၊ အဲဒါ ကျုပ် မသိသေးဘူး'

ဂျက်က 'အဲဒါထက် ခင်ဗျား စကား ဖြတ်လို့ ယောက္ခမက ဒါကိုပဲ တမ်းတမ်းစွဲ ပြောနေတော့ ကျုပ် စိတ်ညစ်တာပေါ့၊ သူလည်း ဆရာဝန်နှင့် ညားလာခဲ့ရက်သားနှင့် အဲဒီလို မဟုတ်က ဟုတ်က ပြောတဲ့ လူတွေ ပြောတာကိုပဲ ယုံတယ်၊ ပိုဆိုးတာက အဲဒါကိုပဲ တဖွဖွ ပြောနေပြီး မောင်ဝိုမာရီ မျိုးရိုးထဲမှာ အော်တစ်ဇင်းရော အာရုံကြော ကင်ဆာရော မရှိဖူးဘူးလို့ ပြောနေတာ၊ ကျွန်တော် သိသလောက် ကျွန်တော်တို့ မျိုးရိုးထဲမှာလည်း မရှိပါဘူး၊ ဒီတော့ ကျုပ် စိတ်လေပြီး ဝါရန်ကို သူ့ ကွပ်ပျစ်ပေါ်မှာ အိပ်ခွင့် တောင်းတဲ့ အထိ ဖြစ်ရတယ်'

ဝါရန်မှာ အိမ်နီးချင်း ဖြစ်ပြီး ဘတ်စ်ကက်ဘော ကစားရင်း ခင်မင်နေသည့် မိတ်ဆွေ ဖြစ်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

'ကြားရတာ စိတ်မကောင်းပါဘူးဗျာ၊ ကျွန်တော် လွှာနှင့် တွေ့ပြီး ပြောကြည့်ပေးရဦးမလား' လျူက မေးသည်။

'ခင်ဗျားရဲ့ စေတနာကို နားလည်ပါတယ်၊ ဒါပေမဲ့ အဲဒီလို ပြောလိုက်ရင် ပိုတောင် ဆိုးသွားနိုင်သေးတယ်၊ ကျွန်တော် ပြောသလိုပေါ့၊ လော်ရီက သူ့မိဘတွေနှင့် ပတ်သက်လာရင် မရဘူး၊ သူ့ဘာသာ သူသာ ထားလိုက်၊ ကေတလင်း ဆင်းမသွားဖို့ဘဲ အရေးကြီးတယ်၊ ဒေါ်ရသီလည်း အမွှာကို သူတစ်ယောက်တည်း မထိန်းနိုင်ဘူး၊ ကျုပ်ကတော့ အလုပ်ထဲမှာ နှစ်ထားလိုက်ရုံပဲ၊ ဂျေဂျေ နေမကောင်းတုန်းကလည်း ကျုပ် ဒီလိုပဲ နေလာတာ'

ထိုစဉ် ဂျက်၏ မိုဘိုင်းဖုန်း ထမြည်လိုက်သည့် အတွက် နှစ်ယောက်စလုံး လန့်သွားကြသည်။ ဖုန်းဆက်သူမှာ ယခု အပတ် တာဝန်မှူး ကျသည့် ဒေါက်တာ ဂျနီဖာ ဟာနန်ဒက် ဖြစ်သည်။

တာဝန်မှူးမှာ အငယ်တန်း ဆရာဝန်များ ဂျူတီ ကျခြင်း ဖြစ်သည်။ အလုပ်ကို သူများထက် စောစော လာရပြီး ရင်ခွဲရမည့် အလောင်းများကို တာဝန် ချပေးရသည်။ ညဘက် ရောက်လာသည့် အလောင်းများလည်း ပါသည်။ လာရောက် စုံစမ်းသည်များကိုလည်း ဖြေရှင်းပေးရသည်။ အတော်ပင် အလုပ်များသည့် ဂျူတီ ဖြစ်သည်။ ဂျက်မှာ စီနီယာ ဆရာဝန် ဖြစ်နေသဖြင့် ထိုဂျူတီ မကျ၍ တော်သေးသည်။

ဖုန်းလာသည် ဆိုလျှင် ဆေးဘက်ဆိုင်ရာ ဥပဒေ ရေးရာ စုံစမ်း ထောက်လှမ်းရေး အဖွဲ့ (အမ်အယ်လ်အိုင်) က ဖြစ်ဖို့ များသည်။ သူတို့က မသင်္ကာဖွယ်ရာ သေဆုံးမှုများကို စုံစမ်း စစ်ဆေးခြင်း ဖြစ်သည်။ အတွေ့အကြုံလည်း များကြသည်။

ဂျက်က 'ကျွန်တော် ဖုန်းကိုင်လိုက်ဦးမယ်နော်' ပြောပြီး လက်ထဲမှ ဖုန်းကို ပြသည်။

'ဆက်ပါ၊ ခင်ဗျားက အလုပ် လုပ်နေတာပဲ၊ ကျုပ်က အားနေတာ' လျူက ပြောသည်။

ယခု ခေါ်သည်မှာ ရင်ခွဲထားသည့် အလောင်းနှင့် ပတ်သက်၍ အမ်အယ်လ်အိုင် အဖွဲ့က သိလိုသဖြင့် မေးရန် ဖြစ်သည်ဟု ထင်လိုက်သည်။ သူက လျူအား 'ဆရာဝန်တွေ ဆိုတာ အဲဒီလိုပဲဗျ'



mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၂

တနင်္လာနေ့၊ နံနက် ၁၁း၄၅ နာရီ၊

'ကျွန်တော် ဒုတိယထပ် စားသောက်ခန်းမှာပါ ဒေါက်တာ ဟာနန်ဒက်၊ ကျွန်တော် သီလရှင် ညီ့သည်တွေနှင့် စကား ပြောနေတယ်၊ တက်ခဲ့လေ' ဂျက်က ဖုန်းခေါ်သံကို ပြန်ပြောင်းရင်း စပီကာ ဖုန်းဖြင့် ပြောနေသည်။

လျူက ခစ်ခနဲ ရယ်သည်။ ထိုသို့ ဘာသာရေးကို ပြောင်စရာ ပြက်စရာ ပြောသည်မှာ သူ ခင်သော ဂျက်၏ မထီမဲ့မြင် စရိုက်ပင် ဖြစ်သည်။ သို့သော် သူ သည်လောက်တော့ မဆိုးတန်ရာ။

တစ်မိနစ်ခန့် ကြာသော အခါ အသက် ငယ်ရွယ်ဟန် ရှိသော အမျိုးသမီး တစ်ယောက် ဝင်လာသည်။ သူ့ကို တွေ့တော့ လော်ရီကိုပင် သတိရလိုက်မိသေး။ သူမက ကော်တောင့်နေသည့် ဆရာဝန် ဂျူတီကုတ်ကို ဝတ်ထားသည်။ ဂျူတီကုတ် အောက်တွင် အနီရဲရဲ ဝတ်စုံကို ဝတ်ထားသည်။ ထိုဝတ်စုံမှာ ကောက်တေး ပါတီ တက်၍ ရလောက်အောင် သားနားသည်ဟု လျူ ထင်သည်။ သူမ၏ အလုံးအထည်၊ အသားအရောင်နှင့် တင်းတင်း စည်းထားသည့် ဆံပင်တို့ကြောင့် ဟစ္စပန်းနစ် (စပိန် စကားပြော အမေရိကန် လူမျိုး) ဖြစ်မည်မှန်း သိသာသည်။

ဂျက်က လျူကို မိမိတို့ ဇနီးမောင်နှံ၏ အခင်မင်ဆုံး မိတ်ဆွေ အဖြစ် မိတ်ဆက်ပေးသည်။

ဂျနီဖာကိုလည်း လော်ရီအား ငယ်ငယ်ကတည်းက ထိန်းလာခဲ့သည့် နာနီကြီး၏ မြေး ဖြစ်ကြောင်း ပြောကာ မိတ်ဆက်ပေးသည်။

'ဂျနီဖာက ဒီသေမှုစစ် ဌာနကို လော်ရီကြောင့်ပဲ ရောက်လာတာ၊ လော်ရီကပဲ စောင့်ရှောက်ပြီး ကျောင်းလည်း ထားပေးခဲ့တယ်၊ ကျွန်တော် ကြားရ



mgyoe.com

mgyoe.com SAMPLE BOOK

သလောက်တော့ အဲဒီတုန်းက သူ နည်းနည်း ဆိုးလို့ ကြပ်မတ်ရသတဲ့၊ လော်ရီကပဲ ကြပ်မတ်ခဲ့တာတဲ့'

ဂျနီဖာက 'အဲဒီတုန်းက ကျွန်မ နည်းနည်း ဆိုးတယ်၊ အဲဒါ အဘွားက မနိုင်တော့လို့ လော်ရီကို အပ်လိုက်တာ၊ ဒါပေမဲ့ ကျွန်မ ဒီကို ရောက်လာတော့ အတော့်ကို ပြောင်းလဲသွားတယ်၊ ပညာရေးနှင့် မှုခင်း ဆေးပညာကို စိတ်ဝင်စားလာပြီး ဆေးကျောင်း ကိုးနှစ် တက်လိုက်တာ၊ ဒါကြောင့် ကျွန်မ အခုလို ဖြစ်လာတာ'

ဂျက်က 'နောက်ပြီး ရှိသေးတယ်၊ ဂျနီဖာကြောင့် ကျွန်တော်နှင့် လော်ရီတို့ ကျန်ခဲ့တဲ့ ဆယ်နှစ်က အိန္ဒိယကို ရောက်ဖူးသွားတာ'

လျူက 'အဲဒီ ခရီးကို ကျွန်တော် မှတ်မိပါတယ်၊ ဆေးပညာ ခရီး မဟုတ်လား'

'ဟုတ်တယ်၊ ကျွန်မ အဘွားကြောင့်လေ' ဂျနီဖာက ထောက်သည်။

'အဲဒီ ခရီးမှာ ဂျနီဖာရဲ့ အဘွား အတွက် စိတ်မကောင်းစရာဘဲ၊ ကဲ ဆို ဂျနီဖာ ဘာလဲ၊ ငါ့ကို ဘာလို့ ရှာတာလဲ'

'ဆေးဘက်ဆိုင်ရာ မှုခင်း စုံစမ်း စစ်ဆေးရေး (အမ်အယ်လ်အိုင်) တာဝန်ခံ ဘတ် အာနိုးဆီက ဖုန်းလာတယ်၊ ဘယ်လီဗူး အရေးပေါ် အခန်းကနေ ပြဿနာ အလောင်း တစ်လောင်း လာနေပြီတဲ့၊ ဂျူတီခန်းက ဖုန်းဆက်လို့ သူ ကိုယ်တိုင် အဲဒီကို သွားတယ်၊ အရေးပေါ်ခန်းကနေ သူ ကျွန်မဆီကို ဖုန်းပြန်ဆက်တယ်၊ အဲဒါဟာ ကူးစက်ရောဂါ ကေ့စ် ဖြစ်နိုင်တယ်တဲ့၊ အဲဒါ ဆရာ့ကို ရှာခိုင်းနေတာ၊ သူ တစ်ခုတော့ ပြောတယ်၊ ကျွန်မတော့ နားမလည်ဘူး၊ ဆရာက ဒီနယ်ပယ်မှာ ကူးစက်ရောဂါ ဂုရုကြီးပဲ'

'ဘာတွေလဲဗျ' လျူက မေးသည်။ သူ အတော် စိတ်ညစ်သွားပုံ ရသည်။ သူက ပိုးမွှား ကြောက်တတ်သူ။ ပိုးမွှားကို တွေ့သည်နှင့် အသည်းယားနေသူ ဖြစ်သည်။

'ဒီသေမှုစစ် ဆရာဝန်ရုံးကို ရောက်ခါစ နှစ်မှာ ကူးစက် ရောဂါကို တမင် ဖြန့်တဲ့ အမှု နှစ်ခုကို ကိုင်ခဲ့ရတယ်'

'တစ်ယောက်ယောက်က ရည်ရွယ်ချက်ရှိရှိ ဖြန့်တာကို ပြောတာလား၊ ဇီဝ အကြမ်းဖက်မှုလိုဟာမျိုးလေ' လျူက မေးသည်။

'ဟုတ်တယ်၊ ဒါပေမဲ့ ကျုပ်တို့ အကင်း သေအောင် လုပ်နိုင်ခဲ့တယ်'

ဂျနီဖာက 'ဘတ်က ဆရာ သူ့ဆီကို ဖုန်းပြန်ဆက်ပေးပါတဲ့'

mgyoe.com

mgyoe.com SAMPLE BOOK

'ဒီကေ့စ်ကိုတော့ ငါ ကိုင်ရတော့မယ် ထင်တယ်ကွာ၊ သူ့ကို ဖုန်းဆက်မနေတော့ဘူး၊ ၄၂၁ ကို ဆင်းသွားပြီး ကိုယ်တိုင်ပဲ သူ့ကို သွားတွေ့လိုက်တော့မယ်'

၄၂၁ ဆိုသည်မှာ အဆောက်အအုံသစ်ကို သေမှုစစ် ဆရာဝန်ရုံး ဝန်ထမ်းအားလုံးက ခေါ်သည့် အမည် ဖြစ်သည်။ ယင်းမှာ ၂၆ လမ်းတွင် ဖြစ်သည်။ ရေခဲတိုက် ရှိနေသေးသော အဆောက်အအုံ အဟောင်းကိုမူ ၅၂၀ ဟု ခေါ်ကြသည်။ ယင်းက အမှတ် တစ် ရိုပ်သာလမ်းတွင် ဖြစ်သည်။

'ဒါဆိုရင် ဆရာ လာနေပြီလို့ ကျွန်မ သူ့ကို ပြောလိုက်မယ်' ဂျနီဖာက ဂျက်ကို ပြောပြီး နှစ်ယောက်စလုံးကို နှုတ်ဆက်ကာ ထွက်သွားတော့သည်။

'ဆရာဝန်တွေဟာ ပိုငယ်ငယ်လာပြီး ပိုလှလှလာတယ်' ဂျနီဖာ ထွက်သွားသည်နှင့် လျူက ပြောလိုက်ခြင်း ဖြစ်သည်။ 'ကိုယ့်ကိုယ်ကိုယ် အသက်ပိုကြီးသွားတယ်လို့ ထင်ရတယ်၊ ကဲ မနက်ပိုင်း ဧည့်ခံမှု အတွက် ကျေးဇူးပါ၊ ကျွန်တော်တို့ ခွဲခဲ့တဲ့ သုံးလောင်းနှင့် ပတ်သက်ပြီး အဖြေကို အမြန်ဆုံး အသိပေးပါနော်'

'ဒါ ပြောစရာတောင် မလိုပါဘူး၊ ကျွန်တော် ၄၂၁ ကို သွားရင်း ခင်ဗျားကို ခင်ဗျားကားဆီ လိုက်ပို့မယ်' ဂျက်က ပြောလိုက်၏။

လျူ၏ ဌာန တံဆိပ် မပါသော ချက်ပလက် အင်ပါလာ အမျိုးအစား ကားတံခါး ပိတ်ကာ လက်ပြ နှုတ်ဆက်ပြီးသည်နှင့် သူ့ကားလေးမှာ နောက်ဆုတ်ကာ မောင်းထွက်သွားတော့သည်။

လျူ၏ ကား မြင်ကွင်းမှ ပျောက်သည့် အချိန်တွင် ဂျက်က ၅၂၀ သို့ ပြန်ကာ ရင်ခွဲခန်း အနီးတွင် ထားသော သူ့စက်ဘီးကို သွားယူသည်။ ၄၂၁ မှာ တောင်ဘက် လေးဘလောက်မျှသာ ဝေးသော်လည်း စက်ဘီးကို ခပ်သွက်သွက် စီးကာ လေကောင်းလေသန့် ရှူရမည့် အခွင့်အရေးကို ဂျက် လက်မလွှတ်နိုင်ခဲ့။ ဂျက်သည် စက်ဘီးပေါ် တက်ကာ ပထမ အရှေ့ဘက်ကို နင်းသွားသည်။ နောက်တော့ တောင်ဘက် ဖရန့်ကလင် ရုစဗဲ့ လမ်းအတိုင်း နင်းသည်။ သိပ်သန့်သန့်ပြန့်ပြန့် မဟုတ်သော ဆရာဝန် ဂျူတီကုတ်က လေထဲတွင် တလူလူ လွင့်နေ၏။ ရာသီမှာ ခပ်နွေးနွေး ဖြစ်သော်လည်း ဂျူတီကုတ် အောက်တွင် အပြာရောင် ဆေးရုံ ဝတ်စုံ ဝတ်ထားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဂျက်က စက်ဘီးကို အဆောက်အအုံ၏ ကုန်တင် ကုန်ချပေါက်သို့ ယူလာပြီး လုံခြုံရေး တဲဘေးတွင် ထောင်ထားလိုက်သည်။ ပြီးတော့ ဓာတ်လှေကားဖြင့် ငါးထပ်သို့ တက်လာခဲ့သည်။

ငါးထပ်မှာ အလုပ် အများဆုံး ဖြစ်သည်။ ဆေးဘက်ဆိုင်ရာ မှုခင်း စုံစမ်း ထောက်လှမ်းရေး အဖွဲ့ သာမက ဆက်သွယ်ရေး ဌာနလည်း ရှိသည်။ ထိုဌာနသို့ ဖုန်းတွေ နေ့ည မပြတ် ဝင်နေသည်။ ရင်ခွဲရုံမှ ပို့လိုက်သော ရင်ခွဲနမူနာ အပိုင်းအစများကိုလည်း စစ်ဆေးသည့် နေရာ ဖြစ်သည်။ အရိုး၊ သွားများနှင့် ဒီအင်န်အေများကို စမ်းသပ် စစ်ဆေးရာ နေရာလည်း ဖြစ်၏။ သည်နေရာသို့ ရောက်မလာသည်မှာ အဆိပ်အတောက်ဆိုင်ရာ စမ်းသပ် စစ်ဆေးရမည့် ပစ္စည်းများသာ ရှိသည်။ အဆိပ်အတောက် ဌာနသည် ရင်ခွဲရုံ ပြီးလျှင် အကြီးဆုံး ဌာန တစ်ခု ဖြစ်၍ ၅၂၀ မှ မပြောင်းရသေးသောကြောင့် ဖြစ်သည်။

ဆေးဘက်ဆိုင်ရာ မှုခင်း စုံစမ်း ထောက်လှမ်းရေး ဌာန (အမ်အယ်လ်အိုင်) သည် ဓာတ်လှေကား အခန်း ရှေ့မှန်ပေါက်မှ တောက်လျှောက် နေရာယူထားသည်။ ရုံးမှာ ခန်းဆီး မရှိ။ ဒလဟာကြီး ဖြစ်ကာ စားပွဲများက တန်းစီနေပြီး ကုလားထိုင် တစ်လုံးနှင့် တစ်လုံးလည်း ကျောချင်း ကပ်လျက် ရှိသည်။ ဘတ် အာနီး၏ စားပွဲက အခန်းကျယ်ကြီး၏ အလယ်တွင် ဖြစ်သည်။ သို့ဖြင့် သူ့ အဖွဲ့သားတွေကို အကုန် မြင်နေရသည်။

ဆေးဘက်ဆိုင်ရာ သေမှုစစ် ဌာန တာဝန်ခံ ဆရာဝန်ရုံး (အိုစီအမ်အီး) သို့ ဘတ် ရောက်သည်မှာ ဂျက် မရောက်မီ အစောကြီးကတည်းက ဖြစ်သည်။ သူ ရောက်စက ဌာနတွင် ဝန်ထမ်း အနည်းငယ်သာ ရှိသေးသည်။ ယခုတော့ ဝန်ထမ်းတွေက အပြည့်။

ဘတ်မှာ တုတ်ခိုင်သော လူတစ်ယောက် ဖြစ်သည်။ ဆံပင် ဖြူဖြူတွေက နားရွက် အပေါ်နားမှ နေကာ နောက်ဘက်သို့ ပတ်ပိုင်းသွားသည်။ ထက်မြက်ပြီး ဖြတ်ထိုးဉာဏ် ကောင်းကာ အေးဆေး တည်ငြိမ်သူလည်း ဖြစ်သည်။ သူက ဂျက်လိုပင် အပေါ်က ဂျူတီကုတ် ဝတ်ထားပြီး အတွင်းမှ ဆေးရုံသုံးဝတ်စုံမှာ ပိုဆိုးနေသည်။ ဘတ်မှာ ပြဿနာ ရှိသည့် သေဆုံးမှုများ အတွက် အပြင်ထွက်၍ လိုက်လံ စုံစမ်းရသည်မျိုးလည်း ရှိသည်။ ဂျက် ဝင်လာသည်ကို မြင်တော့ ဘတ်က မတ်တတ် ထရပ်ကာ 'အမလေးဗျာ ကိုယ်တိုင်တောင် လာရသလား ဒေါက်တာရယ်၊ ဖုန်းပဲ ဆက်မယ် ထင်နေတာ'



mgyoe.com

mgyoe.com SAMPLE BOOK

'ရပါတယ်၊ ကဲ ထိုင်ပါ၊ ကဲ ဘာကိစ္စလဲ' ဂျက်က ဘတ်၏ စားပွဲအောက်မှ ခွေးခြေ တစ်လုံးကို ဆွဲယူထိုင်ရင်း မေးလိုက်သည်။ 'ဒေါက်တာဟာနန်ဒက် ပြောတာတော့ ကူးစက် ရောဂါ ဖြစ်နိုင်ချေ ကေ့စ် တစ်ခု အတွက် ဆရာ စိုးရိမ်နေတယ်ဆို'

'ဟုတ်တယ်၊ ကျုပ် စိတ်ထဲမှာ ထင်နေတာကတော့ ဒါ ရိုးရိုး ကေ့စ် မဟုတ်နိုင်ဘူး၊ ဖုန်း ဝင်လာတာ သိပ်မကြာသေးဘူး၊ ကျုပ် သိသမျှ ပြောပြမယ်၊ လူနာက ဘရုတ်ကလင်းကနေ အာရုံ ရထား စီးလာတာ၊ မြို့တော် သယ်ယူပို့ဆောင်ရေး အာဏာပိုင် အဖွဲ့ (အမ်တီအေ) အင်ဂျင်နီယာက ခရီးသည် တစ်ယောက် နေမကောင်းဘူး ဆိုပြီး အကြောင်းကြားတယ်၊ အဲဒီ အမျိုးသမီးကို ၂၃ လမ်း ဘူတာကနေ သွားကြည့်တဲ့ အရေးပေါ် ဆေးတပ်ဖွဲ့ (အီးအမ်တီ) က လူနာ အသည်းအသန် ဖြစ်နေတော့ အမြန်ဆုံး သယ်ယူလာတယ်၊ ဘယ်သူ ဘယ်ဝါမှန်းလည်း မသိဘူး၊ အသက် နှစ်ဆယ်နှင့် သုံးဆယ်လောက် ရှိမယ့် ဒီ အမျိုးသမီးဟာ ရထား စီးလာတုန်းက အကောင်းကြီးပဲတဲ့၊ သူသာ နေမကောင်းရင် ရထားပေါ် တက်မှာ မဟုတ်ဘူး၊ နောက်တော့ ရုတ်တရက်ကြီး အသက် မရှူနိုင် ဖြစ်ပြီး တစ်ကိုယ်လုံး ပြာနှမ်းလာတာ၊ ကျုပ် အထင်တော့ အဆုတ် အအေးပတ် ဖြစ်တယ် ထင်တယ်၊ ဘာကြောင့်လဲ ဆိုတော့ သူ့ကို အသက်ရှူ အကူ ကိရိယာတွေ တပ်ပေးတာလည်း မရဘူးတဲ့၊ ကျုပ် ကြည့်လိုက်တော့ ပါးစပ် ဘေးမှာ အမြှုပ် နည်းနည်း တွေ့တယ်'

'မူးယစ်ဆေးဝါး လွန်တာလည်း ဖြစ်နိုင်တာပဲ' ဂျက်က ထင်မြင်ချက် ပေးသည်။

'ကျုပ်ကတော့ အဲဒီလို မထင်ဘူး၊ ကျုပ် အတွေ့အကြုံတွေ အရ ဒါဟာ မူးယစ်ဆေး လွန်တာ မဖြစ်နိုင်ဘူး၊ ဒါဟာ ဘက်တီးရီးယားတို့ ဗိုင်းရပ်စ်တို့ ကြောင့် ဖြစ်တဲ့ အဆုတ် အအေးပတ် ရုတ်တရက် ဖြစ်တာမျိုး၊ အမျိုးသမီးက အကောင်းကြီးပဲ၊ ဝတ်စားထားတာလည်း အကျအန၊ သူ့ပုံ ကြည့်ရတာ ဆိုင်ကောင်းကောင်းမှာ နေ့လယ်စာ သွားစားမယ့် ပုံစံမျိုး'

'ဒါကို ကြားတော့ ကျွန်တော် ဘာကို သွားသတိရလဲ သိလား' ဂျက်က ကိုယ်ကို မတ်မတ် ပြန်ထိုင်ကာ ပြောလိုက်သည်။

'ချေးချမ်းအောင် ကြောက်စရာ ကောင်းတဲ့ အီဘိုလာလိုဟာမျိုးကို ပြောတာ မဟုတ်လား'

ဘတ်က ထင်ကြေးပေးလိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

'ကျွန်တော် စဉ်းစားနေတာက ဘာမှ မဟုတ်လောက်တာကနေ အရမ်းကြောက်စရာ ကောင်းတာမျိုးပေါ့'

ဂျက်၏ အသံတွင် ပျော်သွားသည့် ဟန်မျိုး ပါနေသည်။ သည်လိုမျိုး ဖြစ်စေချင်၍တော့ မဟုတ်။ အမှာ ပြဿနာ၊ အော်တစ်ဇင်း ကိစ္စ၊ ယောက္ခမကြီး ပြဿနာတို့ကို ခေတ္တ မေ့ထား၍ ရမည့် အတွက် ဖြစ်သည်။

'၁၉၁၈ ခုနှစ် ကမ္ဘာ့ ကူးစက် ကပ်ရောဂါ (ပင်ဒင်းမစ်) ဖြစ်တုန်းက လူ သန်းတစ်ရာလောက် သေခဲ့တယ်၊ ရောဂါ လက္ခဏာ မပြဘဲ ကူးစက်ခံနေရတဲ့ လူ ဘရွတ်ကလင်းကနေ မြေအောက် ရထား တက်စီးလာတာ မန်ဟတ်တန်လည်း ရောက်ရော ဗိုင်းရပ်စ် နမိုးနီးယား ရောဂါနှင့် သေသွားခဲ့တာမျိုးတွေလည်း ရှိခဲ့တယ်၊ ဒါတွေဟာ လူတွေ ထင်ယောင်ထင်မှား ပြောတာပဲ ဆိုဆို၊ ဒါတွေကို ဟုတ် မဟုတ် ဘယ်သူမှ မပြောနိုင်ဘူးပဲ ဆိုဆို ကျွန်တော်ကတော့ ဒါတွေဟာ ဖြစ်နိုင်တယ်လို့ပဲ ထင်တယ်၊ ဘာကြောင့်လဲ ဆိုရင် တုပ်ကွေး အမျိုးအစားတွေက ဆန်းပြားလာလို့၊ အခု သူတို့ သေကြတာဟာ သူတို့ရဲ့ ကိုယ်ခံအားတွေ ပရမ်းပတာ ဖြစ်ကုန်လို့ ဆိုပြီး ယုံကြည်နေကြတယ်၊ အဲဒါကို ဆိုက်တိုကိုင်း မုန်တိုင်းလို့ ခေါ်တယ်လေ'

'ကျုပ်လည်း အဲဒါတွေ ကြားဖူးပါတယ်၊ ဒါကြောင့်လည်း ဖုန်းဝင်လာလာချင်း ကျုပ် ချက်ချင်း ကောက်လုပ်တာပေါ့'

'ဘယ်လီဗူး (အရေးပေါ် ကယ်ဆယ်ရေး ဆေးအဖွဲ့ အီးအမ်တီ) က လူတွေကိုရော ဆရာ အကာအကွယ်တွေ လုပ်ဖို့ ပြောလိုက်သေးလား' ဂျက်က မေးသည်။

'ပြောလိုက်တာပေါ့၊ အလောင်းကိုလည်း အလောင်း အိတ်ထဲ ထည့်ထားဖို့ မှာလိုက်တယ်၊ အပြင်ဘက်ကိုလည်း ဟိုက်ပိုကလိုရိုက် ဖြန်းဖို့ မှာလိုက်သေးတယ်၊ အရေးပေါ်ခန်းကိုလည်း အဲဒီ အတိုင်း လုပ်ခိုင်းလိုက်တယ်၊ ကျုပ် အီးအမ်တီ စခန်းကိုတောင် ဖုန်းဆက်ပြီး သူနာတင် ကားတွေကိုလည်း ပိုးသတ်ထားဖို့ လှမ်းပြောသေးတယ်၊ သူတို့က လုပ်တောင် ပြီးနေကြပြီ'

'ကောင်းတယ်၊ ကျွန်တော် ဆိုရင်လည်း ဒီအတိုင်း လုပ်မှာပဲ၊ အလောင်းက အခု ဘယ်မှာ ထားလဲ' ဂျက်က မေးသည်။

'၅၂၀ က ရေခဲတိုက်မှာ ရောက်လောက်ပြီ၊ ကျုပ်တို့ဆီက ကားတစ်စီး ကျုပ် လွှတ်ထားတယ်၊ မရောက်သေးရင်လည်း မကြာခင် ရောက်တော့မှာ၊ ဘယ်လီဗူးကလည်း အလောင်းကို အမြန် ပို့ချင်နေကြတာ'



mgyoe.com

mgyoe.com SAMPLE BOOK

ဂျက် ခပ်မြန်မြန် ထရပ်လိုက်ရာ သူ ထိုင်နေသည့် ခွေးခြေမှာ လဲကျကာ အခြား စားပွဲ တစ်လုံးနှင့် သွားထိပြီး အသံ ကျယ်သွားသည်။

ဂျက်မှာ မျက်နှာ မဲ့သွားကာ စားပွဲတွင် ထိုင်နေသူအား တောင်းပန်လိုက်သည်။

ဂျက်မှာ ကမန်းကတန်း ဖြစ်သွားသည်။ ယမန်နှစ်က တုပ်ကွေး ရောဂါမှာ အတော်လေး ဆိုးခဲ့သည်။ သည်နှစ်လည်း ယခု ရတ်တရက် သေဆုံးမှုသာ ထင်သည့် အတိုင်း မှန်လျှင် ကပ်ရောဂါ အထိ ဖြစ်လာနိုင်သည်။

'ကျွန်တော့်ကို လမ်းစ ဖော်ပေးတဲ့ အတွက် ကျေးဇူးပဲ ဆရာ၊ ဒီကိစ္စ အရေးကြီးနိုင်တယ်'

ဘတ်က 'ကျွန်တော်လည်း အဲဒီ အတိုင်း ထင်တယ်၊ ခင်ဗျား တွေ့တာ ကျွန်တော့်ကိုလည်း ပြောဦးနော်၊ ကျွန်တော် သိပ်သိချင်နေတယ်'

'ဆရာ့ကို မပြတ် အသိပေးနေပါ့မယ် ဆရာ'

ဂျက်က ကတိ ပေးသည်။

'သြော် ပြောဖို့ တစ်ခု ကျန်သွားတယ်' ဘတ်က ထိုင်ရာမှ ထလျက် 'သူ ဘယ်သူဘယ်ဝါ ဆိုတာ မသိရသေးဘူး၊ ကျုပ် အထင်တော့ သူ လဲကျသွားချိန်မှာ သူ ကိုင်ထားတဲ့ ဖုန်း၊ ဒါမှမဟုတ် လက်ကိုင်အိတ်၊ ဒါမှမဟုတ် နှစ်ခုစလုံး အလစ်သုတ် ခံလိုက်ရပုံ ရတယ်'

'ဆရာ ပြောတော့ ကျကျနန ဝတ်စားထားတယ် ဆို၊ ဘယ်သူ ဘယ်ဝါ ဆိုတာ သိဖို့ အပူတပြင်း လုပ်ဖို့ မလိုပါဘူး၊ ဒီအမျိုးသမီး ပျောက်နေတာကို သူ့ အိမ်က ဖြစ်စေ၊ အလုပ်က ဖြစ်စေ လိုက်ရှာပြီး တိုင်ကြားတာတွေ မကြာခင် ရှိလာမှာပဲ'

'အဲဒီလိုပဲ ဖြစ်မယ် ထင်ရတာပဲ' ဘတ်က သဘောတူသည်။

'တကယ်လို့ ဒါဟာ ကျွန်တော်တို့ ထင်သလို ကူးစက် ရောဂါ ဖြစ်နေမယ် ဆိုရင် သူ ဘယ်သူဘယ်ဝါ ဆိုတာ သိရဖို့က အရေးကြီးလာမယ်၊ သူ့ရဲ့ လူမှုရေး အခြေအနေ၊ သူ့ရဲ့ အဆက်အသွယ်တွေဟာ အရေးပါလာလိမ့်မယ်'

'သိတယ်၊ အဲဒါကြောင့် အရေးပေါ်ခန်းကို လက်ကိုင်အိတ်တို့ ဖုန်းတို့ အထားမှား မှားနေသလား လှမ်းမေးမလို့၊ အဲဒါမျိုးတွေ ဖြစ်ဖူးတယ်လေ၊ သိရင် ကျွန်တော် ဆရာ့ကို အကြောင်းကြားမယ်'

ဂျက်က ဘတ်ကို လက်မ ထောင်ပြလိုက်ပြီး ဓာတ်လှေကားဆီသို့ တန်းလာခဲ့သည်။



mgyoe.com

mgyoe.com SAMPLE BOOK

ပြီးတော့ ဓာတ်လှေကား အမြန် ရောက်စေလို၍ အောက်ဆင်း ခလုတ်ကို အဆက်မပြတ် နှိပ်ပစ်လိုက်သည်။ ရင်တွေလည်း ခုန်နေသည်။

ကမ္ဘာ့ ကူးစက်ရောဂါ အထိ ဖြစ်လာနိုင်သည့် တုပ်ကွေး ရောဂါမျိုးနှင့် ကြုံရတော့မည် ဖြစ်သဖြင့် အရေးလည်း ကြီးသည်။

သို့ဆိုလျှင် မိမိ အလုပ်ထဲ၌ နှစ်နေခွင့် ရနေမည် မဟုတ်လား။



mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၃

တနင်္လာနေ့၊ နေ့လယ် ၁၂း၂၀ နာရီ၊

၄၂၁ အဆောက်အအုံ၏ ဓာတ်လှေကားထဲမှ မထွက်မီ ဂျက် သူ၏ မိုဘိုင်း ဖုန်းကို ထုတ်လိုက်သည်။ သို့သော် ဓာတ်လှေကား တံခါး ပွင့်တော့မှ ဖုန်း ခေါ်လိုက်၏။ ဗင်နီနှင့် အမြန်ဆုံး ပြောလို၍ ဖြစ်သည်။ ဖုန်းခေါ်သံ နှစ်ချက် မြည်ပြီးနောက် ဗင်နီ၏ စိတ်မရှည်သော အသံ ပေါ်လာသည်။

ဖုန်း ဆက်သူမှာ ဂျက်မှန်း တွေ့လိုက်သည်နှင့် မိမိတို့ အချိန်မတော် 'တွင်း' (ရင်ခွဲခန်း) ထဲ ပြန်ဝင်ရတော့မည်မှန်း ဗင်နီ သဘောပေါက်လိုက် သည်။ အချိန်မှာ နေ့လယ် သုံးနာရီကျော်လောက် ဆိုလျှင် မိမိ ဖုန်းမကိုင်ဘဲ ထားလိုက်၍ ရသည်။

'ကေ့စ် တစ်ခု လာဖို့ ရှိတယ်' ဂျက်က ပြောလိုက်သည်။ ဝမ်းသာနေ သည့် အသံလည်း ပါသွားသည်။

'ကျွန်တော်တို့ ကံကောင်းတာပေါ့ ဆရာ၊ ကျွန်တော် လက်ခုပ် တီး ရမလား' ဗင်နီက ပြောလိုက်သည်။ သူလည်း ဂျက်ထံမှ ရိတတ်သည့် အကျင့် ကူးနေလေပြီ။

'ရေခဲတိုက်ထဲ သွားကြည့်လိုက်စမ်း၊ အလောင်း ရောက်ပလားလို့၊ အလောင်းအိတ်နှင့် ထည့်ထားတယ်၊ ဂျိန်း ဒိုးလို့ နာမည် ရေးထားလိမ့်မယ်၊ ငါ ဖုန်းစောင့်နေမယ်'

ဂျက် သူ့စက်ဘီးဆီသို့ ရောက်သွားသည်။ သူက အစောင့် တဲထဲမှ အစောင့်ကို ပြုံးပြ နှုတ်ဆက်လိုက်သည်။ အစောင့်က သူ့ကို မယုံသလို ပြန် ကြည့်နေ၏။ အဖြူရောင် ဂျူတီကုတ်ဖြင့် စက်ဘီး စီးသည့် ဆရာဝန်မျိုး သူ မမြင်ဖူးသောကြောင့် ဖြစ်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

သည့်လောက် အလုပ်ကလေးကို ဗင်နီ လုပ်နေသည်မှာ ကြာနေသည့်အတွက် ဂျက် စိတ်မရှည်ချင်။ နောက်ဆုံးတော့ ဗင်နီ၏ အသံ ဖုန်းထဲတွင် ပြန်ပေါ်လာသည်။

'ရောက်ပြီ ဆရာ၊ ဖစ် ပိတ်လျက်ပဲ၊ အဲဒါကို ဒီနေ့ ခွဲမလို့လား၊ မွန်းလည်း တိမ်းနေပြီ၊ ကျွန်တော်တို့ သုံးလောင်းတောင် ခွဲခဲ့ပြီးပြီပဲ၊ သူများတွေ ပေးလိုက်ရောပေါ့ ဆရာရယ်'

'ဒီကေ့စ်က စိတ်ဝင်စားစရာ ကောင်းမှာကွ၊ ငါတို့ သူရဲကောင်းတွေတောင် ဖြစ်ချင် ဖြစ်လာမှာ၊ ဒါက မြေအောက် ရထား စီးလာတဲ့ မိန်းမ တစ်ယောက်ကနေ ကူးစက် ရောဂါ ဖြစ်လာနိုင်တဲ့ အလားအလာ ရှိနေတယ်'

'ပိုတောင် ဆိုးသေး' ဗင်နီက ညည်းညည်းညူညူ ပြောနေသည်။ 'ကူးစက်တာတွေကို ကျွန်တော် ကြောက်တတ်တာ ဆရာလည်း သိသားနှင့်၊ တခြားလူကို သွားနှိပ်စက်ပါ ဆရာရယ်၊ ဘာလို့ ကျွန်တော့်ကိုမှ'

'မင်း မပျော်ရမှာ စိုးလို့ပါ၊ ငါတို့က တစ်ဖွဲ့တည်း မဟုတ်လား' ဂျက်က ပြောလိုက်သည်။ မှန်သင့်သလောက်လည်း မှန်သည်။ သူတို့ နှစ်ယောက်မှာ မကြာခဏ တွဲလုပ်ကြရသည် ဖြစ်၍ တစ်ယောက် အထာလည်း တစ်ယောက် သိနေသည်။ 'ပိုစိတ်ချရအောင် ငါတို့ အလောင်းပုပ်ခန်းထဲမှာ လုပ်ချင်တယ်'

အလောင်းပုပ်ခန်းမှာ သီးသန့် အခန်းငယ် တစ်ခု ဖြစ်ပြီး အနံ့အသက် စုပ်ထုတ်သည့် ကိရိယာများ တပ်ဆင်ထားသည်။

'ကျွန်တော် ဘာများ လုပ်မိလို့ ဒီလောက် နှိပ်စက်ရတာလဲ ဆရာရယ်၊ ဟုတ်ပြီ၊ ကာလေ့စ် ဆန်းချက်လည်း ရင်ခွဲရုံ ဝန်ထမ်း ဘဝကို ကောင်းကောင်း သိသွားမယ်၊ ဒါဆိုရင် ကျွန်တော်တို့ လဆင်း ဝတ်စုံ ဝတ်ကြရမှာ ပေါ့နော်' ဗင်နီက ညည်းညူကာ ပြောနေသည်။

'အေး ဟုတ်တယ်'

လဆင်း ဝတ်စုံ ဆိုသည်မှာ ဌာနတွင်း အသုံးအနှုန်း ဖြစ်သည်။ ယင်းမှာ ပိုးမွှား ကာကွယ်ရေး တစ်ကိုယ်လုံး လုံခြုံကာ ဘက်ထရီသုံး လေဝင် လေထွက် ကိရိယာပါ ပါသည့် ဝတ်စုံ ဖြစ်သည်။ အာကာသ ယာဉ်မှူးများ ဝတ်သည့် ဝတ်စုံနှင့် တူသည်။

အလုပ် လုပ်ရာတွင်လည်း အဆင် မပြေ။ ပူအိုက်လှသဖြင့် ဌာနတွင် မည်သူမျှ မဝတ်ချင်ကြ။

mgyoe.com

mgyoe.com SAMPLE BOOK

'အလောင်းကို အလောင်းအိတ်နှင့်ပဲ အလေးချိန် ချိန်၊ ဓာတ်မှန်ရိုက်၊ ငါ မလာမချင်း အလောင်းကို အိတ်ထဲက မထုတ်နှင့်၊ ရင်ခွဲနေရင်း ဓာတ်ပုံ ရိုက်မယ်၊ လက်ဗွေ ယူမယ်' ဂျက်က ခိုင်းလိုက်သည်။

'ဆရာက အခု ဘယ်မှာလဲ'

'ငါ ၄၂၁ မှာ၊ အခု ၅၂၀ ကို ပြန်လာနေပြီ၊ ငါ အခုပဲ ရောက်လာမယ်၊ ငါတို့ စကြမယ်'

ဂျက်က စက်ဘီးကို ထမ်းကာ ကုန်ချပေါက်မှ လှေကား တစ်ကွေ့ကို ဆင်းလာခဲ့သည်။ စက်ဘီးပေါ် တက်မိသည်နှင့် အမှတ် တစ် အဲဗင်းနယူး လမ်းမှ မြောက်ဘက်သို့ နင်းလာခဲ့သည်။ လမ်း ၃၀ အဆောက်အအုံ ကုန်ချ ပေါက်သို့ ကွေ့လိုက်သည့် အချိန်တွင် သူ အတော် မောနေလေပြီ။

အလောင်းပုပ် အခန်းကို ကျော်ဖြတ်လာစဉ် သံဆန်ခါတပ် ပြတင်း ပေါက်မှ တစ်ဆင့် ကြည့်လိုက်တော့ မီးတွေပင် ဖွင့်မထားရသေး။ ဗင်နီ အချိန် မီ မလုပ်နိုင် ဖြစ်နေပုံ ရသည်။ ပိုင်ရှင် မရှိသော အလောင်းများ အတွက် သုံးသည့် ခေါင်းတလားများ ထားသည့် အနီးတွင် စက်ဘီးကို ထားပြီးနောက် ပထမထပ်ရှိ ရုံးခန်းမသို့ လာခဲ့သည်။ ယခု ကိုင်မည့် ကေ့စ်မှာ အရေးကြီး သည် ဖြစ်၍ လော်ရီကို အသိပေးသင့်သည်။ အကယ်၍ သေသူ အမျိုးသမီး သည် တုပ်ကွေး အသစ် တစ်မျိုးဖြင့် သေသည် ဆိုလျှင် ကျန်းမာရေး ဌာန ချက်ချင်း သိဖို့ လိုသည်။ ထိုသို့ အသိ ပေးရန် လော်ရီတွင် တာဝန် ရှိသည်။

'ဟဲလို ချာရီး' သူက လှမ်းနှုတ်ဆက်လိုက်သည်။ ချာရီး ဆန်းဖော့မှာ သေမှုစစ် တာဝန်ခံ ဆရာဝန်ကြီး၏ အတွင်းရေးမှူး ဖြစ်သည်။ ထို့ကြောင့် လော်ရီ၏ အတွင်းရေးမှူး ဖြစ်သည်။ သူမသည် ယခင် ဆရာဝန်ကြီး ဒေါက်တာ ဟာရီး ဘင်ဂမ်၏ အတွင်းရေးမှူးလည်း ဖြစ်ခဲ့သည်။ ချာရီးမှာ မိမိ အိမ်နှင့် တစ်လမ်းကျော်တွင် နေထိုင်မှန်းလည်း ဂျက် သိခဲ့ရသည်။ သူမ၏ ဆယ်ကျော် သက် မြေးကလည်း ဘတ်စ်ကက်ဘော ကစားကြောင်း သိထားသည်။ ထို့ ကြောင့် မိမိ အိမ်ရှေ့မှ ဘတ်စကက်ဘော ကွင်းတွင် လာကစားရန် ဂျက် စီစဉ်ပေးခဲ့သေးသည်။

ဂျက်သည် သူမကို ရပ် စကား ပြောမနေတော့ဘဲ လော်ရီ၏ ရုံးခန်း ထဲသို့ တန်းဝင်သွားလိုက်သည်။

ချာရီးက လှမ်းအော်ကာ တားသဖြင့် ဂျက် ရပ်နေလိုက်ရသည်။ 'ဝင်လို့ မရသေးဘူး ဒေါက်တာ၊ မောင်ဂိုမာရီ မြို့တော်ဝန်ရယ် မြို့ကောင်စီဝင်တွေရယ်



mgyoe.com

mgyoe.com SAMPLE BOOK

နှင့် ဖုန်းနှင့် အစည်းအဝေး လုပ်နေတယ်၊ အတော်တောင် ကြာနေပြီ၊ ကျွန်မ ဘာပြောပေးရမလဲ'

ဂျက် အတင်း ဇွတ်ဝင်သွားရင် ကောင်းမလားဟု စဉ်းစားနေလိုက်သေးသည်။

'ဖုန်းတွေ ဝင်နေတာလည်း အများကြီးပဲ' ချာရီးက ဆက်ပြောသည်။

'ကောင်းပြီလေ' ဂျက် စိတ်လျှော့လိုက်သည်။ မိမိကို ထင်ရာတွေ စွတ်မလုပ်ဖို့ ကျန်သည့် တစ်လလောက်က လော်ရီ သတိပေးထားသည်လည်း ရှိနေသည်။ 'ပြောလိုက်ပါ၊ ကျွန်တော် အရေးကြီးတဲ့ ကေ့စ် တစ်ခုက အလောင်း တစ်ခုကို ကိုင်နေတယ်လို့၊ အဲဒါက သူ သိဖို့ လိုတယ်၊ ကျွန်တော် လုပ်ပြီး သွားရင် လာပြောပြမယ်လို့'

'အသေးစိတ် ဘာထပ်ပြောဖို့ လိုသေးလဲ၊ ဘယ်လို အလောင်းမျိုးလဲ ဆိုတာမျိုးပေါ့'

'မလိုဘူး၊ မပြောလိုက်တာ ကောင်းတယ်' ဓာတ်ခွဲခန်းမှ တုပ်ကွေး ရောဂါ သစ်ဟာ အတည် မပြုမချင်း အုတ်အော်သောင်းတင်း မဖြစ်စေရန် လူ သိပ်မသိသည်က ကောင်းသည်ဟု သူ တွေးမိ၍ ဖြစ်သည်။ ထိုသတင်းမျိုး ပေါက်ကြားသွားမည် ဆိုလျှင် တစ်မြို့လုံး ကြွက်ကြွက်ညံသွားမည်။ မိမိ ယခု ဘာလုပ်မည်ကို ပြောလိုက်မိသည်နှင့်ပင် ဂျက် နောင်တ ရလိုက်မိသည်။ ရုံးခန်းထဲမှ ထွက်လာတော့ မိမိကို ချာရီး တားလိုက်သည့် အတွက် ကျေးဇူးပင် တင်လိုက်မိသည်။

လူများ စောင့်နေသည့် နေရာ ရောက်တော့ ဂျက်က ဧည့်ကြို စာရေးမ မာလင်းအား အလောင်းကို မိမိ၏ မိသားစု ဖြစ်ကြောင်း အတည်ပြုသည့် နေရာသို့ သွားလိုကြောင်း ခွင့်တောင်းသည်။ သူက ရီဘက္ကာ မာရှဲအား လိုက်ရှာသည်။ သူမက သေဆုံးသူများ၏ မိသားစုများနှင့် ဆက်ဆံရသူ ဖြစ်သည်။

မာရှဲ အားသွားသည်နှင့် ဂျက်က သူမကို ဘေးသို့ ဆွဲခေါ်လာသည်။ သူမမှာ သက်လတ်ပိုင်း အရွယ်ခန့် ရှိပြီး မျက်နှာ ချိုကာ ကောက်သော ဆံပင်များက ဖြူနေသည်။ 'ကျွန်မ ဘာလုပ်ပေးရမလဲ ဒေါက်တာ' သူမက မေးသည်။ သူမသည် ကူညီတတ်သူ ဖြစ်၍ ဂျက် သူမကို မကြာခဏ လိုက်ရှာတတ်သည်။

'ကေ့စ် တစ်ခု ကျန်ခဲ့တဲ့ တစ်နာရီ အတွင်းလောက်က ရောက်လာတယ်၊ ခပ်ရွယ်ရွယ် အမျိုးသမီးပဲ၊ မြေအောက် ရထားထဲမှာ သေတာ၊ အလောင်းကို

mgyoe.com

mgyoe.com SAMPLE BOOK

တော့ ကျွန်တော် မကြည့်ရသေးဘူး၊ ဒါပေမဲ့ ဘတ် အာနီးကတော့ ကြည့်ပြီးပြီ၊ ဘယ်သူဘယ်ဝါမှန်း မသိရသေးဘူး၊ အဲဒီ ကေ့စ် အကြောင်း ခင်ဗျား ကြားပြီး ပြီလား'

'မကြားသေးဘူး' ရီဘက္ကာက ပြန်ပြောသည်။

'ဘတ် ပြောတာကတော့ အဲဒီ အမျိုးသမီးက ကျကျနန ဝတ်စားထား တာတဲ့၊ ဒါကြောင့် သူ ပျောက်တာကို ခဏ ကြာရင် ပေါ်လိမ့်မယ်၊ အဲဒါကို လာ စုံစမ်းတာ တွေ့ရင် ကြည့်ထားစမ်းပါ၊ သူ ဘယ်သူ ဘယ်ဝါ ဆိုတာ စောစော သိရဖို့ အရေးကြီးလို့'

'ကျွန်မ သေသေချာချာ ကြည့်ထားလိုက်ပါ့မယ်' ရီဘက္ကာက အာမခံ သည်။ 'သိရင် ကျွန်မ တစ်ဖွဲ့လုံးကို အသိပေးရမှာ၊ ဟန့် မွန်ရိုးနှင့် ရဲကြပ် ကြီး မာဖီတို့လည်း အသိ ပေးရမယ်၊ သူတို့တောင် လိုက် စုံစမ်းနေပလား မသိဘူး၊ သူတို့ဘက်ကလည်း တစ်နည်းနည်းနှင့် သိအောင် လုပ်ကြမှာပါ'

'ကျေးဇူးပဲ' ဂျက်က ပြောလိုက်သည်။

အောက်ထပ်သို့ ပြန်ဆင်းလာတော့ အလောင်းပုပ်ခန်းကို ဂျက် ကြည့် လိုက်ပြန်သည်။ မီးတွေ ဖွင့်ထားလေပြီ။ အနက်ရောင် အလောင်းအိတ် တစ်ခု တစ်လုံးတည်းသော ရင်ခွဲ ခုတင်ပေါ်တွင် ရောက်နေ၏။ ယင်း၏ ဘေး စားပွဲခုံ ပေါ်တွင် ကိရိယာ တန်ဆာပလာများ၊ နမူနာ ခန္ဓာကိုယ် အစိတ်အပိုင်းများ ထည့်ထားသည့် ပုလင်းများ၊ ဆေးထိုးအပ်၊ အထောက်အထား ပစ္စည်းများ စသည်တို့ တင်ထားသည်။

ဂျက် ကျေနပ်သွားသည်။ သို့သော် ဗင်နီ အမန်ဒိုလာနှင့် ကာလော့စ် ဆန်းချက်တို့ကိုမူ မတွေ့။ သူတို့ အဝတ်လဲခန်းထဲတွင် လဆင်း ဝတ်စုံ လဲနေ ကြသည် ထင်၏။ ဂျက်လည်း အမြန် ဝင်လိုက်သွားသည်။

အထဲ ရောက်တော့ ကာလော့စ်မှာ ပိုးကာကွယ် ဝတ်စုံ အပြည့် ဝတ်ပြီး ဖြစ်နေသည်။ ခေါင်းပေါ်မှ မီးချောင်း အရောင်က ခေါင်းစွပ်၏ ပလတ်စတစ် မျက်နှာဖုံးကြောင့် သူ့မျက်နှာကိုတော့ မမြင်ရ။ သို့သော် သူ ကြောက်နေမှန်း တော့ ဂျက် သိလိုက်သည်။ သူက လက်နှစ်ဖက် ကားလျက် မလှုပ်မယှက် ရပ်နေ၏။

ဂျက်က ပြုံးပြလိုက်သည်။

'သူက အဲဒါကို သဘောမကျဘူး' ဗင်နီက ပြောရင်း ရယ်ကာ ဝတ်စုံ ကို ဝတ်နေသည်။



mgyoe.com

mgyoe.com SAMPLE BOOK

'သိသာပါတယ်' ဂျက်က ပြောပြီး သူ့အတွက် ဝတ်စုံကို ထုတ်ကာ ဘက်ထရီ အားသွင်းထားသည်ကို ဖြုတ်လိုက်သည်။ 'မကြောက်ပါနှင့် ကာလော့စ်ရဲ၊ ဝတ်စုံက မင်းကို အကာအကွယ် ပေးမှာပါ၊ ဒုက္ခ မပေးပါဘူး'

'ဟိုအထဲမှာ အန္တရာယ် ရှိတဲ့ ဘက်တီးရီးယားတွေ ရှိတယ်ဆို'

ကာလော့စ်က မေးသည်။ အသံတွေပင် တုန်နေ၏။

'အန္တရာယ် ရှိတဲ့ ဗိုင်းရပ်စ်တွေကမှ ပိုကြောက်ရတာ' ဂျက်က ပြောပြလိုက်သည်။

'အီဘိုလာကို ပြောတာလား ဆရာ'

ကာလော့စ်က မေးသည်။

'အီဘိုလာလိုဟာမျိုးပေါ့၊ ဗိုင်းရပ်စ်တော့ ဗိုင်းရပ်စ်ပဲ၊ အခုဟာက တုပ်ကွေးလို့ ငါ ထင်တယ်၊ တုပ်ကွေး ဗိုင်းရပ်စ်တော့ မင်း ကြားဖူးမှာပေါ့' ဂျက်က ရှင်းပြသည်။

'ကြားဖူးတာပေါ့၊ ဒါပေမဲ့ အဲဒါက အီဘိုလာနှင့်မှ မတူတာ'

'တုပ်ကွေး ရောဂါက အီဘိုလာထက်တောင် လူအသေအပျောက် များသေးတယ်၊ အခု ဒီရောဂါဟာ အန္တရာယ် ရှိတဲ့ တုပ်ကွေး အမျိုးအစား ဆိုရင် ဒါဟာ အီဘိုလာထက် ပိုဆိုးနိုင်တယ်၊ ဘာကြောင့်လဲ ဆိုရင် တုပ်ကွေးဟာ အီဘိုလာထက် ပိုပြီး ကူးစက်မြန်လို့၊ ၁၉၁၈ ခုနှစ်က ကမ္ဘာ့ ကူးစက် ရောဂါ (ပင်ဒင်းမစ်) အကြောင်း မကြားဖူးဘူးလား၊ အဲဒီမှာ သေတာ ပထမ ကမ္ဘာစစ်နှင့် ဒုတိယ ကမ္ဘာစစ် နှစ်ခုပေါင်းမှာ သေတာထက် များတယ်'

'အဲဒါတွေ ကျွန်တော် မကြားချင်ဘူး၊ ဒီသေမှုစစ် ဆရာဝန် ရုံးက ရင်ခွဲရုံမှာ အလုပ် လုပ်ရင်း သေတဲ့လူ ရှိဖူးလား၊ ဒီအလုပ်က လုပ်ရတာသာ မကောင်းတာ၊ အန္တရာယ်တော့ မရှိဘူး ထင်တာပဲ' ကာလော့စ်က ပြောနေသည်။

'သေတာမှ အများကြီး' ဂျက်က ပိုးကာ ဝတ်စုံကို စွပ်ရင်း ပြောနေသည်။ 'ရင်ခွဲရုံ ဝန်ထမ်း တစ်လကို တစ်ယောက်လောက် သေနေတာ၊ အဲဒါကြောင့် မင်းကို အလုပ် ခန့်နိုင်တာပေါ့'

'ဟာ ဆရာကလည်း' ဗင်နီက ဝင်တားသည်။ 'သူ့ကို အဲဒီလို သွားမပြောနှင့်၊ သူက သေမတတ် ကြောက်နေတာ၊ ရင်ခွဲရုံ ဝန်ထမ်း တစ်ယောက်မှ မသေဖူးပါဘူး ကာလော့စ်ရဲ၊ ဆရာက မင်းကို နောက်နေတာ'

ဂျက်က 'ဒီမယ် ကာလော့စ်၊ မင်း ဒီဝတ်စုံကြီး ဝတ်ထားရတာ မင်းကို ကာကွယ်ဖို့၊ အလုပ် လုပ်နေရင်းသာ ဝတ်စုံကို ဓားထိပ်နှင့် ဖြစ်စေ အပ်



mgyoe.com

mgyoe.com SAMPLE BOOK

နှင့် ဖြစ်စေ မဖောက်နှင့်၊ နောက်ပြီး ရောဂါပိုး မကူးအောင် ငါတို့ ပြောတဲ့ အတိုင်းသာ လုပ်'

'ဒီအလုပ်က ဒီလိုမျိုးတွေ လုပ်ရလိမ့်မယ်လို့ ကျွန်တော် မထင်ခဲ့ဘူး' ကာလော့စ်မှာ မကြီးမငယ်နှင့် ကလေး တစ်ယောက်လို ဖြစ်နေသည်။

'မင်း ဘာမှ မဖြစ်စေရပါဘူးကွာ' ဂျက်က လူသစ်ကို ခြောက်လှန့်လို၍ မဟုတ်ပေ။ ကြောက်သွားလျှင်လည်း ဂျက်ကတော့ မမှု။ ကာလော့စ်ကို မိမိတို့ အဖွဲ့တွင် အမြဲတမ်း တွဲသွားရမည်ဟု မထင်။

အလုပ်သမား ကြီးကြပ်ရေးမှူး တွိုင်လာ ရော်ဘင်ဆင်နှင့် တစ်ခုတော့ ပြောဦးမည်ဟု တွက်ထားလိုက်သည်။

ပိုးကာ ဝတ်စုံကို ဝတ်ပြီး လေဝင် လေထွက် ပန်ကာ ဖွင့်ပြီးနောက် အဝတ်လဲခန်းထဲမှ ထွက်ကာ အလောင်းပုပ်ခန်းသို့ လာခဲ့သည်။ ကာလော့စ်မှာ ချောက်ချားနေဆဲ။ ဂျက်က သူ ဖြစ်ချင်ရာဖြစ် အလုပ် စဖို့သာ စိတ်စောနေသည်။

ဗင်နီက ရိုက်ထားသည့် ဓာတ်မှန် ဖလင်ကို အသင့် ကြည့်ရန် မီးထွန်း မှန်ပေါက်ပေါ်တွင် အသင့် တင်ထားပေးသည်။ ဂျက်က မီးခလုတ်ကို ဖွင့်လိုက်၏။ ဓာတ်မှန်ကို သေမှုစစ် ဆရာဝန်က အမြဲ ကြည့်ရသည်။ ကျည်ဆန်များ၊ ကျိုးကျန်နေသည့် ဓားများ ရှိ မရှိ ကြည့်ရန် ဖြစ်၏။ ယခု ကေ့စ်တွင်တော့ ထိုသည်များ တွေ့ရန် မရှိ။ အရိုး အက်သွားသည်မျိုးတော့ တွေ့နိုင်သည်။ တစ်ခုခု တွေ့လျှင် သူမ မည်သူမည်ဝါ ဆိုသည်ကို သိလာနိုင်စရာ ရှိသည်။ သို့သော် သူ မထင်မှတ်သည်ကို တွေ့ရှိခဲ့လေသည်။

'ဘုရားရေ၊ အခု ငါတို့ တွေ့နေရတာ ဘာလဲ မင်းတို့ သိလား' သူက မေးလိုက်သည်။

'လိမ်ထားတဲ့ ဝါယာကြိုး အထုံးလေးလိုပဲ' ဗင်နီက ပြောသည်။

'ဟုတ်တယ် ဝါယာကြိုး' ကာလော့စ်က သံယောင်လိုက်သည်။

'ဝါယာကြိုး သေချာတာပေါ့၊ မိန်းမရဲ့ ရင်ဘတ်ရိုးကို တုပ်ချည်ထားတာ' ဂျက်က ဆိုသည်။

'ခွဲစိတ်ထားတာလား မသိဘူး' ဗင်နီက ထင်မြင်ချက်ပေးသည်။

'သေချာတာပေါ့၊ ခန့်မှန်း ကြည့်ရတာကတော့ နှလုံး ခွဲစိတ် ခံထားရတယ်၊ နှလုံး အဆို့ရှင် ခွဲစိတ် ခံထားရတာ ဖြစ်မယ်' ဂျက်က ခန့်မှန်းသည်။

'သူ သေတာ အဲဒါကြောင့်များလား' ဗင်နီက မေးသည်။



mgyoe.com

mgyoe.com SAMPLE BOOK

'ဖြစ်ဖို့ များတယ်' ဂျက်က ပြောလိုက်သည်။ စိတ်ပျက်သွားသည့် အသံကို ထိန်း၍ ပြောလိုက်ရသည်။ နှလုံး ရုတ်တရက် ကွဲထွက်တာလည်း ဖြစ်နိုင်သည်။ ပိုဖြစ်နိုင်သည်က နှလုံး အဆို့ရှင် မကောင်းတော့သဖြင့် သေခြင်း ဖြစ်နိုင်သည်။ သို့ဆိုလျှင် ဆက်ရှာစရာ ပြဿနာ မရှိတော့။ အန္တရာယ် ရှိသည့် ကူးစက် ရောဂါလည်း မဖြစ်နိုင်တော့။ မိမိလည်း အလုပ်ထဲ နှစ်နေစရာ အကြောင်း မရှိတော့။

'အင်း အဲဒါ ဆိုရင် ကောင်းသွားပြီ၊ နော် ဆရာ' ဗင်နီက ဆိုသည်။

'ဒါပေါ့' ဂျက်က ပြောလိုက်သည်။ မိမိ စိတ်မပါတော့သည်ကို ဗင်နီ သိသွားလေမည်လား။ 'ကဲ လုပ်ကြရအောင်'

'နှလုံးကြောင့် ဖြစ်တာ ဆိုရင်တော့ ကျွန်တော်တို့ ဒီအဝတ်အစားတွေ မလိုတော့ပါဘူး' ဗင်နီက ပြောသည်။ သုံးယောက်စလုံးလည်း ဝတ်စုံကြီး များကြောင့် ချွေးပြန်နေကြ၏။

ထို့နောက် သူတို့ ရင်ခွဲ ခုတင်ဆီသို့ သွားကြသည်။

ဂျက်က အလောင်း၏ ညာဘက်မှ ဖြစ်ပြီး ဗင်နီနှင့် ကာလော့စ်တို့က ဘယ်ဘက်မှ ဖြစ်သည်။

'ငါက ဒီလို လုပ်ချင်တယ်ကွ' ဂျက်က ဆက်၍ 'ဒါကို ကူးစက် ရောဂါ ဖြစ်နိုင်ခြေ ရှိတယ်လို့ သဘောထားချင်တယ်၊ မဟုတ်ဘူး ဆိုတာ သက်သေပြနိုင်တဲ့ အထိပေါ့၊ ဒီတော့ အလောင်းအိတ်ကို ဖွင့်ပြီး ခုတင် အစပ်မှာ ခေါက်ပြီး ချထားမယ်၊ တကယ်လို့ ဒါဟာ ကူးစက် ရောဂါ ဖြစ်နေမယ် ဆိုရင် အလောင်းအိတ်ကို ဟိုက်ပိုကလိုရိုဒ် ဖြန်းမယ်၊ ဟုတ်ပလား'

'ကောင်းပါပြီ၊ ကျွန်တော် တစ်ခု ပြောချင်တယ်၊ ဝါယာကြိုး ချည်ထားတာက အဲဒီလို မဟုတ်ဘူးလို့ ပြနေသလားလို့' ဗင်နီက ဟောတု တက်သည်။

'ဖြစ်နိုင်ပါတယ်' ဂျက်က စိတ်မပါ့တပါ ထောက်ခံလိုက်ရ၏။

သုံးယောက်သား လုပ်လိုက်ကြရာ အဝတ်အစား အပြည့်အစုံ ဝတ်ထားသော အလောင်းမှာ အိတ်အပြင်သို့ ရောက်လာတော့သည်။

ဂျက်က 'ဘတ် ခန့်မှန်း ပြောလိုက်တာ မှန်တယ်ကွ၊ ဒီမိန်းမ အသက် သုံးဆယ်လောက် ရှိမယ်တဲ့၊ ငါလည်း အဲဒီလောက်ပဲ မှန်းတယ်၊ နောက်ပြီး ဝတ်စားထားပုံက ထမင်းစား ဖိတ်ထားလို့ သွားမယ့် အဝတ်အစားမျိုးတဲ့၊ သူက နှလုံး အောက်စီဂျင်နည်း ရောဂါလည်း ရှိနိုင်တယ်လို့ ပြောလိုက်တယ်၊ လက်ခံလား'



mgyoe.com

mgyoe.com SAMPLE BOOK

'လက်ခံတယ်' ဗင်နီက ကာလော့စ်အား နှလုံး အောက်စီဂျင်နည်း ရောဂါ အကြောင်း ရှင်းပြနေရင်းက ထောက်ခံလိုက်သည်။

ထိုစဉ် ဂျက်က အလောင်း အိတ်ထဲတွင် ထိုးထည့်ထားသည့် ကုတ် အင်္ကျီမှ တံဆိပ်ကို ကြည့်လိုက်သည်။ ယင်းမှာ ဘားဒေါ့ဖ် ဂွတ်မင်း ဆိုင်မှ ဖြစ်သည်။ ဂျက်မှာ အဝတ်အစားနှင့် ပတ်သက်၍ သိပ်ကျွမ်းလှသည် မဟုတ် သော်လည်း ဈေးကြီးသည့် အဝတ်အစားများကို မြင်လျှင်တော့ သူ သိနေ သည်။

ပြီးတော့ အမျိုးသမီး၏ ဆံပင် ပုံစံကို ကြည့်လိုက်သည်။ ခေါင်း ဘယ် ဘက် အခြမ်းတွင် သပ်ရပ်စွာ အောက်ခြေမှ ဖြတ်ထားသည်ကို တွေ့ရသည်။ ခေါင်း အပေါ် ညာဘက် အခြမ်းတွင်မူ မတိုမရှည် ဆံပင်ကို ရွှေရောင် ဆေး ဆိုးထားသည်။

သူမမှာ ကာတီယာ လက်ပတ် နာရီကိုလည်း ပတ်ထားသည်။ စိန်စီ သည့် နားကွင်းနှင့် စိန်လက်စွပ် ခပ်ပါးပါး တစ်ကွင်းလည်း ဝတ်ထား၏။

ဂျက်က ကတ်ကြေးများကို ယူကာ တစ်လက်ကို ဗင်နီအား ပေးပြီး 'အဝတ်အစားတွေကို ဖြတ်ထုတ်စမ်း၊ လောလောဆယ် အသာ ပုံထားလိုက်'

'အတော်ပဲ' ဗင်နီက ပြောကာ ကတ်ကြေးကို ကာလော့စ်အား ပေးပြီး အဝတ်များကို ချုပ်ရိုးမှ ဖြတ်ထုတ်ပုံ သင်ပြပေးသည်။

ကာလော့စ်က အလောင်း၏ ဘယ်လက်မှ ဖြတ်နေပြီး ဂျက်က ညာ ဘက်မှ ဖြတ်ထုတ်နေသည်။ သူတို့ အင်္ကျီ လက်အိုးများမှ စဖြတ်ကြသည်။

အလောင်း၏ ဘလောက် အင်္ကျီကို ခါးမှ ချိုင်း အထိ ဖြတ်လိုက်သည် တွင် လက်ဖျံပေါ်၌ မင်ကြောင်များ ထိုးထားသည်ကို ဂျက် မြင်လိုက်ရသဖြင့် ဖြတ်နေသည်ကို သူ ရပ်ထားလိုက်ကာ 'ဒါဟာ သူ ဘယ်သူ ဆိုတာ သိနိုင်ဖို့ သဲလွန်စပဲ' ဟု ပြောပြီး ပိုမို မြင်နိုင်ရန် လက်ဖျံကို ဆွဲလှန်လိုက်သည်။ 'ဒီမှာ ကြည့်၊ ဒါ ထူးခြားတယ်၊ ပဟေဠိ ပုံစံတွေ ထိုးထားတာ၊ ဟောဒီ ရောင်စုံ အပိုင်းက ထိုးတဲ့ ဆိုင်ကို ပြတာ၊ ငါ မင်ကြောင် အကြောင်းတော့ သိပ်မသိဘူး၊ ဒါပေမဲ့ လက်ရာတော့ အတော် ကောင်းတယ်'

'ဒါမျိုး ဆရာ မတွေ့ဖူးဘူးလား' ဗင်နီက ညံ့ရန်ကော ဟူသည့် လေ သံဖြင့် မေးလိုက်သည်။ ပြီးတော့ သူက 'ဆရာလည်း အပြင်ကို ခဏ ခဏ ထမင်း ထွက်စားလျက်သားနှင့်'

'ဒါဆိုရင် မင်း ဒါမျိုး မြင်ဖူးတယ်ပေါ့ ဟုတ်လား'

mgyoe.com

mgyoe.com SAMPLE BOOK

'မြင်ဖူးတာပေါ့၊ သက်တံရောင် ဆိုတာ အခြောက်တွေရဲ့ အမှတ်အသား၊ ခုခေတ်မှာ အဲဒီလိုမျိုး ပုံစံတွေ ထိုးတာ များတယ်၊ ကျွန်တော် ပြောတာ မယုံရင် မြို့လမ်းညွှန် စာအုပ်ထဲ လှန်ကြည့်ပါလား' လမ်းညွှန် စာအုပ် ဆိုသည်ကို ပင် ဂျက် မသိမှန်း ဗင်နီ သိနေသည်။ 'မင်ကြောင်ပေါ်မှာ ဟယ်လင်လို့ ထိုးထားတာ တွေ့လား၊ ကျွန်တော် မှန်းကြည့်ရတာတော့ ဒီမိန်းမဟာ ယောကျ်ားလျာပဲ၊ ဟယ်လင် ဆိုတာ သူ့ရည်းစား'

'ဒါဆို သိရပြီ၊ ဆိုလိုတာက မကြာခင် ဒီ ဟယ်လင် ဆိုသူဆီက တစ်ခုခု ကြားရတော့မယ်'

အလောင်း၏ ရင်ဘတ် ပေါ်လာသည်တွင် အထက်မှ အောက်သို့ ဆင်းသွားသော ပန်းရောင် အမာရွတ် တစ်ခုကို ကြည့်လိုက်ပြန်သည်။ သူက 'ဒီ နှလုံး အစားထိုးလို့ ခွဲထားတဲ့ ဒဏ်ရာကနေ သူ ဘယ်သူ ဆိုတာ သိနိုင်သေးတယ်၊ ဒီအမာရွတ်ဟာ သုံးလလောက်ပဲ ရှိသေးတယ်လို့ ပြောနိုင်တယ်၊ ပြီးခဲ့တဲ့ နွေရာသီကမှ သူ နှလုံး ခွဲစိတ်ခံရတာ၊ နောက်ပြီး ခွဲစိတ်တာလည်း ဒီ မြို့မှာပဲ'

'ကျွန်တော်တို့ ရင်ခွဲတဲ့ ကိစ္စ အမြန် လုပ်ရအောင် ဆရာရယ်၊ ကျွန်တော် ဒီမှာ တစ်နေ့လုံး မနေနိုင်ဘူး' ဗင်နီက ညည်းညူနေသည်။

ဂျက်က ဘာမျှတော့ မပြော။ အဝတ်တွေကို ဆက်ဖြတ်နေသည်။ ဂျက် ပြီးခါနီးလောက်တွင် ဗင်နီက အလောင်းမှ လက်ဝတ်လက်စားများကို ချွတ်ကာ ဘေးတွင် ပုံထားလိုက်သည်။ ယင်းတို့ကို အသေအချာ ပိုးသတ်ပြီး သူ့ အမျိုးတွေ လာယူသည့် အခါ ပြန်ပေးရန် ဖြစ်သည်။

အဝတ်အစား အားလုံးကို ဖြတ်ထုတ်ပြီးသော အခါ ဂျက်က အလောင်း ပါးစပ်တွင် ရှိနေသည့် အသက်ရှူ အကူ ကိရိယာဖြင့် ဆက်သည့် ပိုက်ကို ဆွဲထုတ်လိုက်သည်။ ပြီးတော့ အပြင်ပန်း လေ့လာမှုများ လုပ်သည်။ သူမ၏ ခါးကျောဘက်ဆီတွင် အုန်းပင်ပုံ မင်ကြောင် တစ်ခုကို ထပ်တွေ့ရသည်။ ညာဘက် ခြေချင်းဝတ်တွင်လည်း တရုတ်စာ တစ်ခု ရေးထိုးထားသေးသည်။

ဂျက်က မင်ကြောင် အားလုံးကို ဓာတ်ပုံ ရိုက်ယူထားလိုက်သည်။

ထို့နောက် ခန္ဓာကိုယ် အတွင်းပိုင်းကို လေ့လာရန် စသည်။ ခွဲရာတွင် သူက လည်ပင်း ညှပ်ရိုး နှစ်ခုမှ ဆီးစပ် အထိ အင်္ဂလိပ် အက္ခရာ ဝိုင် ပုံသဏ္ဍာန် ခွဲလေ့ ရှိသည်။ ရင်ဘတ်ရိုးတွင် တုပ်ချည်ထားသည့် ဝါယာကြိုးကို ဖြတ်ရန် သံဖြတ် ပလာယာလည်း လိုသေးသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ရင်ကို ခွဲပြီးသည်နှင့် ဂျက်က ဝမ်းဗိုက်ကို စ၍ ကြည့်သည်။ အသည်းမှာ အကောင်း ပကတိ ရှိနေသော်လည်း ဖူးရောင် နီရဲနေသည့် နေရာ အချို့ကို တွေ့ရသည်။ ဆီးအိမ်၊ သရက်ရွက်၊ ကျောက်ကပ်တို့တွင် သွေးယိုနေသည့် နေရာ အချို့ကိုလည်း တွေ့ရသည်။ ဟန်တာ ဗိုင်းရပ်စ် အဆုတ်ရောင် ရောဂါမှာ အတော်ပင် ရှားပါးသော ရောဂါ ဖြစ်သည်။ အထူးသဖြင့် ယခုလို အချိန်မျိုး နယူးယောက်တွင် ဖြစ်ခဲလှသည်။ သို့သော် ကူးစက် ရောဂါ ဟူသည်က သူ့ခေါင်းထဲ ပြန်ပေါ်လာပြန်သည်။

ဂျက် နောက်တစ်ခါ စစ်ဆေးသည်က အူလမ်းကြောင်း ဖြစ်သည်။ သူက တစ်နေရာစီ အသေးစိတ် စစ်ဆေးသည်။ မသင်္ကာစရာ ဘာမျှ မတွေ့ရ။ ဗင်နီနှင့် ကာလော့စ်တို့ အူများကို ရေဆေးနေစဉ် ဂျက်က အလောင်း၏ နံပိုင်းကို စစ်ဆေးနေသည်။ သည်တော့မှ သူ အဖြေ တစ်ခုကို တွေ့လိုက်ရသည်။

သူက အဆုတ်နှင့် နှလုံးကို အပြင် ထုတ်ချင်သည်။ သို့မှ ထိုနှစ်ခုကို ယှဉ်၍ စစ်နိုင်မည် ဖြစ်၏။ ယင်းတို့ကို အလေးချိန် ချိန်လိုက်လျှင် သိရမည်။ ထိုနှစ်ခုကို သွေးကြောမကြီးများမှ ဖြတ်၍ ထုတ်ပြီး ဘေးစားပွဲသို့ ယူလာသည်တွင် ယင်းတို့မှာ ထင်သည်ထက် တစ်ဆ ပိုလေးနေသည်ကို တွေ့ရသည်။ ရောင်နေသော အဆုတ်ထဲတွင် ရေတွေ ဝင်နေသည်ဟု ယူဆရသည်။ သူ ထင်သည့် အတိုင်းလည်း မှန်နေသည်။ ရေဝင်နေသည်သာမက အဆုတ်ကို အနည်းငယ် လှီးလိုက်သော အခါ ပေါက်ထွက်လာသည်။ လှီးထားသည့် အရာထဲကို ကြည့်လိုက်တော့ အတော်လေး ရောင်နေပြီး သွေးနှင့် ပြည်များပင် ထွက်နေ၏။

အမျိုးသမီးမှာ အဆုတ် ရောင်ကာ သေခြင်း ဖြစ်ပြီး နှလုံး အဆို့ရှင်များနှင့် မပတ်သက်ကြောင်း ဂျက် သိလိုက်သည်။ ရုတ်တရက် နှလုံး အားနည်းသွားသည်တွင် အဆုတ်ထဲသို့ သွေးများ ရောက်လာခြင်း ဖြစ်သည်။ သွေးပြည်များ မဟုတ်သေး။ ထိုအခါ ကူးစက် ရောဂါ ဟူသော အယူအဆ ဂျက် ပြန်စဉ်းစားမိပြန်သည်။ အကယ်၍ ၁၉၁၈ ခုနှစ်က လူတွေ သန်းပေါင်း ရာနှင့်ချီကာ သေစေခဲ့သည့် ဗိုင်းရပ်စ်မျိုးကြောင့် ယခု အမျိုးသမီး သေရသည်လား။ မိမိ၏ အိမ်တွင်းရေး ပြဿနာတွေကို ရှောင်လွှဲချင်၍ ထိုသို့ ဖြစ်စေချင်သည် ချည်း မဟုတ်။ လူပေါင်း များစွာ၏ အသက်ကိုလည်း မသေစေချင်ပေ။

အန္တရာယ် များသည့် ကူးစက် ကပ်ရောဂါ ဆိုလျှင် သည်တစ်မြို့လုံးသာမက တစ်ကမ္ဘာလုံးပါ သေကျေကုန်ကြတော့မည်။



mgyoe.com

mgyoe.com SAMPLE BOOK

ဂျက်က ကတ်ကြေး တစ်လက်ကို ယူကာ နှလုံး အကာ အမြှေးပါးကို ဖြတ်လိုက်ရာ အဆုတ် နှစ်ခြမ်း အလယ်တွင် ရှိနေသည့် နှလုံး ပေါ်လာသည်။ သည်အလုပ်မှာ ပုံမှန်အားဖြင့် အလွယ်လေး။ သို့သော် ယခုတော့ အမာရွတ်တွေများနေသဖြင့် ခက်ခဲနေ၏။ အမျိုးသမီးမှာ နှလုံး ခွဲစိတ်ခံထားရသည့် နောက်ထပ် အထောက်အထားများ ဖြစ်သည်။ သို့သော် ယင်းမှာ နှလုံးပေါ်ရှိ နှလုံးအဆို့ရှင်များကို ခွဲစိတ်သည့် ဒဏ်ရာများတော့ မဟုတ်ပေ။

သည်တော့မှ အမျိုးသမီးမှာ နှလုံး အစားထိုး ကုသ ခံထားရခြင်း ဖြစ်ကြောင်း သူ သိလိုက်ရတော့သည်။

'ဗင်နီ၊ လာပြီး ဒါကို ကြည့်စမ်း' ဂျက်က အော်ခေါ်လိုက်သည်။

ဗင်နီနှင့် ကာလော့စ်တို့ အပြေး ရောက်လာကြသည်။

'ဒါကို ကြည့်စမ်း၊' ဂျက်က ကတ်ကြေး ထိပ်ဖြင့် ထောက်ပြကာ 'ဒီသွေးပြန်ကြောမနှင့် သွေးလွှတ်ကြောမတွေမှာ ချုပ်ထားတဲ့ ချုပ်ရိုးတွေကို ကြည့်စမ်း၊ မကြာခင်က နှလုံး အစား ထိုးတာနှင့် မတူလား၊ ခေတ်မီ ဘိုင်ကေဗယ် နည်းနှင့် အစား ထိုးထားတာ၊ အတော် ကောင်းတာပဲ'

'ဒါဆိုတော့ နှလုံး အဆို့ရှင် ပြဿနာကြောင့် သူ သေတာ မဟုတ်ဘူးပေါ့' ဗင်နီက ထင်မြင်ချက် ပေးသည်။

'ဟုတ်တယ်၊ မဖြစ်နိုင်ဘူး၊ ဘာကြောင့် ဆိုတာ ရှာဖို့ လွယ်ပါတယ်၊ နှလုံးကို ငါ ခွဲတော့မယ်' ဂျက်က ပြောရင်း ခွဲလိုက်ရာ နှလုံး အတွင်းခန်းများ ပေါ်လာသဖြင့် ဆွဲလှန်လိုက်သည်။ သူက 'အဆို့ရှင်တွေကြောင့် မဟုတ်ဘူး၊ ကြည့်လိုက်၊ အဲဒါတွေက အကောင်း အတိုင်းပဲ'

'ရုတ်တရက် ခန္ဓာကိုယ်က လက်မခံ ပြန်ကန်လို့ သေတာများလား' ဗင်နီက ခါးကို ပြန်ဆန့်ကာ ကာလော့စ် ကြည့်ရန် ဖယ်ပေးရင်း မေးလိုက်သည်။ တစ်ခါက အသည်း အစားထိုး လူနာ ခန္ဓာကိုယ်က ပြန်ကန်သဖြင့် သေဆုံးရသည့် အလောင်းကို ဂျက်နှင့် အတူ ရင်ခွဲ စစ်ဆေးခဲ့ရသည်ကို သူ အမှတ်ရ၍ ဖြစ်သည်။

'ဒါ မေးသင့်တဲ့ မေးခွန်းပဲ' ဂျက်က ထောက်ခံလိုက်သည်။

သည်လိုမျိုး စဉ်းစားတတ်သည့် အတွက်လည်း ဗင်နီနှင့် အတူ တွဲလုပ်ချင်ရခြင်း ဖြစ်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

'နှလုံးက ပြန်ကန်တာတော့ မဟုတ်ဘူး၊ နှလုံးထဲမှာ ရောင်ရမ်းတာတွေ မရှိဘူး၊ အပြင် အမြှေးပါးမှာလည်း မရှိဘူး'

ဗင်နီက ကာလော့စ်အား နှလုံး အပြင် အမြှေးပါး အကြောင်း ရှင်းပြလိုက်သည်။

'ဖြစ်နေတာက အဆုတ်ထဲမှာ' ဂျက်က အဆုတ်၏ အတွင်း နံရံများကို ညွှန်ပြလိုက်ပြီး 'အဆုတ်မှာ ရေတွေနှင့် ပြည်တွေ ပြည့်နေတယ်၊ တုပ်ကွေး ရောဂါ ဆိုတာကို ငါ မသင်္ကာ ပြန်ဖြစ်နေတယ်'

'သောက် အဆုတ်က ရေနစ်နေတာ ကျနေတာပဲ' ကာလော့စ်က ဝင်ပြောသည်။ ဂျက် အံကြိတ်လိုက်မိ၏။ သူက နှုတ်ကြမ်းသည်ကို မကြိုက်။ လူငယ်တွေကတော့ ထိုသို့ မဟုတ်ပေ။ သို့သော် ထိုသို့ အသွင် မတူသည်ကို သူက ခွင့်မလွှတ်နိုင်။

'ဒီမှာ ကာလော့စ်' ဂျက်က ကာလော့စ်ထံသို့ မကျေနပ်သည့်ဟန်ဖြင့် လှောက်သွားလိုက်ပြီး 'မင်း နောက်တစ်ခါ ငါ့အနားမှာ ရှိနေရင် စကားကို ယဉ်ယဉ်ကျေးကျေး ပြော၊ ငါ ပြောတာ သဘောပေါက်လား'

'တောင်းပန်ပါတယ် ဆရာ' ကာလော့စ်က တောင်းပန်ပြီး နောက်ဆုတ်ကာ ဗင်နီအား မျက်လုံးများ လည်ပြသည်။

ဂျက်က လွှတ်ပေးထားလိုက်၏။

'တုပ်ကွေးက ဒီလောက်တောင် မြန်မြန် သေပါ့မလား' ဗင်နီက အခြေအနေ လမ်းကြောင်း ပြောင်းအောင် စကား စလိုက်သည်။ သူက ဂျက် စိတ်ဆတ်သည်ကို သိသည်။ 'ဒီလူနာက ရောဂါ လက္ခဏာ ပြပြချင်း တစ်နာရီအတွင်း သေတာ၊ ဖြစ်နိုင်ပါ့မလား'

'ဒါလည်း မေးသင့်တာပဲ' ဂျက်က ဆက်၍ '၁၉၁၈ ခုနှစ်ကတော့ သူတို့ မသိကြဘူး၊ အခုတော့ ဒါကို ဆိုက်တိုကိုင်း မုန်တိုင်းလို့ ခေါ်တယ်၊ ခန္ဓာကိုယ် ကိုယ်ခံ စွမ်းအားက ဗိုင်းရပ်စ် အနံ့လည်း ရရော ဟော်မုန်းနှင့် တူတဲ့ တိုက်ခိုက်ရေး ပရိုတိန်းတွေ လွှတ်ပါလေရော'

'ဆရာ ပြောတာက ဟာရာကီရီ အသေခံ တိုက်တာမျိုးလား' ဗင်နီက မေးသည်။

'အဲဒီ ဥပမာက ပိုပြီး ပီပြင်တယ်၊ ဟုတ်တယ်၊ လူ့ရဲ့ ကိုယ်ခံစွမ်းအားတွေက အဲဒီ ဆိုင်တိုကိုင်းတွေကို လွှတ်လိုက်တော့ အဲဒါတွေက အဆုတ်ကို လုံးဝ ပျက်စီးအောင် လုပ်တော့တာပဲ၊ ဒီလို ဖြစ်တာ ဗိုင်းရပ်စ်ကြောင့်ပဲ'



mgyoe.com

mgyoe.com SAMPLE BOOK

'ဟာ သောက် ..' ဗင်နီက ညစ်ညမ်းစွာ ရေရွတ်မည် ပြုပြီးမှ ပြန်နှုတ်ဆိတ်လိုက်ရသည်။

'အဆုတ်ထဲက ရေ (အရည်) ကို စမ်းသပ်ဖို့ နမူနာ ယူထားစမ်း၊ ပင်မ လေပြွန်ထဲကလည်း နမူနာ ယူထား၊ ပုံမှန် အတိုင်း ယူစရာ ရှိတာ ယူထားကွာ၊ ငါတို့ အကုန် စမ်းသပ်မယ်'

'ဆရာကလည်း အခုမှ ပြောတုန်း ရှိသေးတယ်' ဗင်နီမှာ မနက် ခုနစ်နာရီ အလုပ် ဝင်၊ ညဆိုင်းက လွှဲခဲ့သည်များကို ဆက်လုပ်ပေး၊ သုံးနာရီ ထိုးလျှင် ပြန်ရုံပင်။ ဂျက် လုပ်သဖြင့် ဘယ်တော့မှ ထိုအချိန် မပြန်ရ။ ယခုအလောင်းကို ကိုင်ရန်လည်း ရက်ကြာဦးမည့် သဘော ဂျက်က လမ်းကြောင်းပြနေသေးသည်။



mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၄

တနင်္လာနေ့၊ ညနေ ၂း၅၅ နာရီ၊

ကျေစ်မှာ ကူးစက် ရောဂါ ဖြစ်နိုင်ခြေ ရှိသဖြင့် ခွဲစိတ် စစ်ဆေးပြီးသည့် အချိန်တွင် ဂျက်မှာ မပြန်သေးဘဲ အလောင်းအိတ် အပြင်ဘက် ပိုးသတ်ခြင်း စသည် လိုအပ်သည်များကို စစ်ဆေးနေသည်။ အသားစ နမူနာများ၊ လက်ဝတ် ရတနာများ စသည်တို့ပါ ပိုးသတ် ပြီး မပြီး စစ်ဆေးနေသည်။ ထိုကိစ္စများ အတွက် ဗင်နီအား ထားခဲ့ရမည်မှာ မိမိ တာဝန်မဲ့ရာ ကျမည်။ ကာလော့စ်ကလည်း လူသစ် ဖြစ်နေသဖြင့် စိတ်မချရ။

ကျေစ်မှာ တုပ်ကွေးပိုးကြောင့် ဖြစ်သည်ဟု ထင်နေမိသဖြင့် ဂျက် ရုံးခန်းမသို့ ပြန်လာသည်။ အကယ်၍ လော်ရီကို အကျိုးအကြောင်း ပြောပြထားလျှင် မိမိ ထင်သည့် အတိုင်း ဖြစ်လာပါက လော်ရီ အနေဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများအား အသိပေးရန် အစီအစဉ်များ လုပ်ထားနိုင်သည်။ သို့သော် ပထမ တစ်ခါလိုပင် သည်တစ်ခါလည်း လော်ရီကို တွေ့ဖို့ မအောင်မြင်ပြန်။

သူ ရောက်သွားသည်နှင့် ချာရီးက လော်ရီ ဖုန်းဖြင့် အစည်းအဝေး လုပ်နေသည်မှာ မပြီးသေးကြောင်း ဆီးပြောသည်။

'ဘတ်ဂျက် ကိစ္စတွေ ပြောနေကြတာ ဆရာ' ချာရီးက လေသံ နှိမ့်ကာ ရှင်းပြသည်။

ဂျက်လည်း မတတ်နိုင်တော့။ သူမ ဖုန်းဖြင့် သည်လောက် သည်းခံစိတ်ရှည်စွာ ပြောနေနိုင်သည်ကိုပင် ဝမ်းသာလှပြီ။ မိမိ ဆိုလျှင် ထိုမျှလောက် သည်းမခံနိုင်။

မိမိ ပြန်လာခဲ့မည်ဟု ချာရီးကို ပြောကာ နမူနာ အသားစများ သက်ဆိုင်ရာ ဓာတ်ခွဲခန်းများသို့ ပို့ထားခြင်း ရှိ မရှိ သွားကြည့်မည်ဟု ဂျက်



mgyoe.com

mgyoe.com SAMPLE BOOK

ဆုံးဖြတ်လိုက်သည်။ အဆိပ်အတောက် ဓာတ်ခွဲခန်းက ခြောက်ထပ်တွင် ဖြစ်၍ မိမိကိုယ်တိုင် သွားပို့နိုင်သည်။ ကျန်ဓာတ်ခွဲခန်းများက အဆောက်အအုံ အသစ်တွင်မို့ ကားသမားများကို သွားပို့ခိုင်းရမည် ဖြစ်သည်။

အန္တရာယ် ရှိသည့် ကူးစက် မိုင်းရပ်စ် ရောဂါ ဖြစ်နိုင်သည် ထင်သဖြင့် အဖြေကို ချက်ချင်း သိလိုသောကြောင့် ဓာတ်ခွဲခန်းများသို့ ကိုယ်တိုင် သွားပို့မည်ဟု ဂျက် ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် သူက ဖုန်းဖြင့် ပြည်သူ့ ကျန်းမာရေး ဓာတ်ခွဲခန်း မိုင်းရပ်စ်ဗေဒ ဌာနသို့ ဆက်လိုက်သည်။

ဖုန်းကို တစ်ဆင့်ပြီး ဆက်လိုက်ရာ နောက်ဆုံးတွင် မိုင်းရပ်စ် ဗေဒ ပညာရှင် တစ်ဦးနှင့် ဆက်မိလိုက်သည်။

သူမ၏ အမည်က ဒေါက်တာ အာရီသာ ဂျက်ဖာဆင် ဟူ၏။

'ကျွန်တော်က သေမှု စစ်ဆေးရေး ဆရာဝန် တစ်ယောက်ပါ' ဂျက်က သူ့ကိုယ်သူ မိတ်ဆက်လိုက်သည်။

'ဆရာ့ အကြောင်းတွေ ကျွန်မ ကြားဖူးပါတယ်' အာရီသာ အပြောကြောင့် ဂျက် အံ့သြသွားရ၏။ သူ ပို၍ အံ့သြရသည်က 'ဆရာ ၁၀၆ လမ်းက ကွင်းမှာ ဘတ်စကက်ဘော ကစားတယ် ဆို၊ အဲဒီမှာ ကစားတဲ့ ဂျက် စတေပဲလ်တန် ဆိုတာ ဆရာ မဟုတ်လား'

'ဟုတ်ပါတယ်၊ ကျွန်တော် ဒါလောက် နာမည် ကြီးနေမှန်းတောင် မသိဘူး၊ ဒေါက်တာ ဘယ်လိုလုပ် သိတာလဲ'

'ကျွန်မက အထက် အနောက်ခြမ်းမှာ နေတာပါ၊ ကျွန်မလည်း တက္ကသိုလ်မှာ ဘတ်စကက်ဘော ကစားခဲ့ပါတယ်၊ ဒီအလုပ်ကို ဝင်တော့ ဒီမြို့မှာ ပြန်ကစားဖို့ လိုက်ကြည့်သေးတယ်၊ ဆရာ့ ကစားကွင်းကို လာပြီး ဆရာ့ကိုတောင် လာတွေ့မလို့'

'အဲဒါ ကျွန်တော့် ကစားကွင်း မဟုတ်ပါဘူး' ဂျက်က ပြန်ပြောလိုက်သည်။

'ကျွန်မ သိတာကတော့ အဲဒီလို မဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် ဆရာနှင့် ဆရာ့ သူငယ်ချင်းတွေကို တွေ့ချင်တယ်၊ တစ်ပွဲ နှစ်ပွဲလောက် ကစားချင်လို့'

'ကျွန်တော်ကလည်း တွေ့ချင်ပါတယ်၊ ဒါထက် အပြန်အလှန် အကူအညီ ပေးကြရအောင်၊ ကျွန်တော် အခု ဖုန်းဆက်ရတာက ရင်ခွဲ စစ်ဆေးထားတဲ့ လေပြွန် အသားစရယ်၊ ဦးနှောက်နှင့် ကျောရိုး အရည်ကြည်ရယ် ရှိတယ်၊ အဲဒါတွေကို စစ်ဆေးချင်လို့၊ သေတဲ့ အမျိုးသမီးက အသက်ရှူ လမ်း

mgyoe.com SAMPLE BOOK

ကြောင်း ဆိုင်ရာ ပြဿနာနှင့် သေတာ၊ အဲဒါ ဗိုင်းရပ်စ် တုပ်ကွေး ဖြစ်မှာ စိုးလို့ အမြန်ဆုံး အဖြေ သိချင်တယ်၊ စစ်ပေးနိုင်မလား'

'ရတာပေါ့ ဆရာရယ်၊ ဒါက ကျွန်မတို့ တာဝန်ပဲ၊ ပို့ခိုင်းလိုက် ဆရာ၊ ကျွန်မတို့ လုပ်ပေးလိုက်မယ်'

'ကျေးဇူးပါပဲ၊ ကျွန်တော်က ကိုယ်တိုင် လာပို့ချင်လို့၊ ဖြစ်မလား ဒေါက်တာ၊ ကျွန်တော့် အတွက် အဖြေ မြန်မြန် သိရလေ ကောင်းလေမို့ပါ၊ ကျွန်တော်က ကူးစက် ရောဂါ ပိုးမွှားသစ် ဖြစ်မှာ စိုးနေလို့၊ ဒါကြောင့် ဒီနမူနာတွေ လက်ပြောင်းပြီး ပျောက်ကုန်မှာ စိုးတယ်'

'ရပါတယ် ဆရာ၊ ဘယ်တော့ လာပို့မလဲ'

'အခု လာပို့လို့ ရမလား' ဂျက်က ပြောလိုက်သည်။ မိမိ နားပူနားဆာ လုပ်လွန်းရာ ကျနေမှန်းတော့ သိနေသည်။ သို့သော် သည်လို လုပ်မှလည်း ဖြစ်မည်ဟု သူ ထင်သည်။ သူမကို အကူအညီ ပေးနိုင်ခွင့်လည်း ရမည် ဖြစ်၏။ လုပ်ငန်း ဌာနတွေ အကြား ထိုသို့ ပုဂ္ဂိုလ်ရေး ရင်းနှီးမှုက လုပ်ငန်း ပို အဆင်ပြေတတ်သည်။

'ရတာပေါ့ ဆရာရဲ့၊ ဆရာနှင့်လည်း ကျွန်မ တွေ့ခွင့်ရတာပေါ့၊ ပြည်သူ့ ကျန်းမာရေး ဓာတ်ခွဲခန်းကိုရော ဆရာ လာဖူးရဲ့လား'

'မလာဖူးဘူး' ဂျက် ဝန်ခံလိုက်သည်။

'အဆင်ပြေဆုံးက ဆရာ ၂၆ လမ်းဘက်မှာ ရှိတဲ့ နောက်ပေါက်က ဝင်ခဲ့၊ အဲဒီကနေ ဓာတ်လှေကားနှင့် သုံးထပ်ကို တက်ခဲ့၊ အဲဒီမှာ ကျွန်မတို့ရဲ့ အဆင့် သုံး ဓာတ်ခွဲခန်း၊ အဲဒီမှာ စစ်ရမှာ၊ ကျွန်မ အဲဒီကနေ စောင့်မယ်'

'ဟုတ်ပြီ၊ ကျွန်တော် အခု လာပြီ'

ပထမတော့ စက်ဘီး စီးသွားသင့် မသင့် ချီတုံချတုံ ဖြစ်နေသေးသည်။ နောက်တော့ မယူတော့ဟု ဆုံးဖြတ်ကာ ခွဲစိတ် နမူနာများကို အိတ်ဖြင့် ထည့်လွယ်ကာ ၅၂၀ မှ အမှတ် တစ် အဲဗင်းနယူး လမ်းဘက်သို့ ထွက်လိုက်သည်။ ထိုမှ ၂၆ လမ်း အထိ လေးဘလောက်မျှ အပြေးကလေး လျှောက်လိုက်ရာ ဓာတ်ခွဲခန်း အဆောက်အအုံသို့ ရောက်လာသည်။

ဓာတ်လှေကား တံခါး ပွင့်လာသော အခါ အားကစားသမား တစ်ယောက် အသွင် ရှိသော အရပ် မြင့်မြင့် လူမည်း အမျိုးသမီး တစ်ယောက်က နှုတ်ဆက်သည်။ မျက်နှာလည်း အတော် ချို၏။ ဆံပင်ကို လိုင်းဖော်ကာ ကျစ်ထားပြီး ရောင်စုံ ပုတီးစေ့ကလေးများဖြင့် ဆင်ယင်ထားသည်။ သူမကိုယ်သူမ မိတ်

mgyoe.com

mgyoe.com SAMPLE BOOK

ဆက်ပြီး ဂျက်ကို လက်ဆွဲ နှုတ်ဆက်ကာ လွယ်အိတ်ထဲမှ ဂျက် ထုတ်ပေးသော နမူနာ အသားစများကို သူမ ချက်ချင်း လှမ်းယူသည်။

သူမကလည်း သူမ လိပ်စာကတ်ကို လှမ်းပေးကာ 'ကျွန်မရဲ့ မိုဘိုင်းဖုန်း နံပါတ် အဲဒီ နောက်မှာ ရေးထားတယ်၊ ဆရာလည်း ပေးဦးလေ' အာရီသာက တောင်းသည်။

ဂျက်လည်း သူ့ကတ်ကို ထုတ်ကာ ဖုန်းနံပါတ် ရေးပြီး အာရီသာအား ပေးလိုက်၏။

'သိပြီးသား ပိုးတွေကိုတော့ ကျွန်မ အမြန် ရှာလိုက်မယ်၊ အဲဒီထဲမှာ ဆားစ်တို့ မားစ်တို့ အပြင် ကြက်ငှက် တုပ်ကွေးပိုးတောင် ရှာလို့ ရတယ်၊ သာမန် အအေးမိ ပိုးပါ မကျန်ပေါ့၊ နာရီ နည်းနည်းလောက် ကြာရင် အဖြေ တချို့တလေ သိရမယ် ဆရာ'

'အဖြေ သိသိချင်း ဖုန်းဆက်ပေးပါလားဗျာ' ဂျက် တောင်းဆိုကြည့်သည်။ အားလည်း တက်လိုက်မိသည် ဖြစ်ခြင်း။ 'ဟန်တာ ဗိုင်းရပ်စ်ကိုရော ရှာပေးလို့ ရလား ဒေါက်တာ၊ ဖြစ်နိုင်ခြေတော့ မရှိပါဘူး၊ ဒါပေမဲ့ ဆီးအိမ်ရယ် သရက်ရွက်ရယ် ကျောက်ကပ်ရယ်မှာ တွေ့ရတဲ့ ရောင်ရမ်းနေတာတွေဟာ ဟန်တာ ဗိုင်းရပ်စ် လက္ခဏာနှင့် တူနေလို့'

'ကျွန်မ အမြန်ဆုံး စစ်ပေးပါ့မယ်၊ စက်က အော်တိုမက်တစ်ပါ၊ သိပြီးသား ဗိုင်းရပ်စ် ရှိသင့်တဲ့ အတိုင်းအဆ ရှိတယ် ဆိုရင် ပေါ်လာမှာပါ၊ အဲဒီ မိန်းမ အဲဒီ ဗိုင်းရပ်စ်ကြောင့် သေတယ် ဆိုရင် ဗိုင်းရပ်စ် အတိုင်းအဆ (အရေအတွက်) ဟာ ရှိသင့်သလောက် ရှိလို့ပေါ့၊ ကဲ အဲဒါ ထားပါဦး၊ ဆရာ ဒီ ညနေ ဘတ်စကက်ဘော ကစားဖြစ်မလား'

'ကစားဖြစ်မယ် မထင်ဘူး၊ ကျွန်တော့် သမီးက ကျန်းမာရေး မကောင်းလို့ ကျွန်တော် ကြည့်မှ ဖြစ်မှာမို့လို့၊ ကျွန်တော် မလာနိုင်ပေမဲ့ တခြား ကစားဖော်တွေကို ဖုန်းဆက်ပြီး ခင်ဗျား ကစားလို့ ရအောင် စီစဉ်ပေးမှာပါ'

'ဆရာ ကစားနိုင်တော့မှပဲ ကစားပါတော့မယ်၊ ကျွန်မက အရင်က ကစားခဲ့ဖူးသူ ဆိုတော့ အခု စည်းကမ်းတွေ ဘာတွေနှင့် အဆင်ပြေချင်မှ ပြေမှာ'

'ခင်ဗျား ပြောတာ ယေဘုယျအားဖြင့်တော့ မှန်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ ကွင်းကလည်း လက်ဟောင်းတွေချည်းပါပဲ၊ ကျား မ ခွဲခြားတာလည်း မရှိဘူး၊ အရင်တုန်းကတော့ ရှိခဲ့ဖူးတယ်၊ အခု မရှိတော့ပါဘူး၊ ဒေါက်တာ တစ်ယောက်တည်းမို့ ထွက်မလာချင်ရင် ကျွန်တော် အိမ်က ထွက်



mgyoe.com

mgyoe.com SAMPLE BOOK

လို့ ရတဲ့ အချိန်မှာ ဖုန်းဆက်လိုက်မယ်၊ ထွက်ခဲ့ပေါ့၊ ကျွန်တော်လည်း ခဏ တစ်ဖြုတ် ကစားလို့ ရနိုင်လိမ့်မယ် ထင်ပါတယ်'

'အဲဒီ အတိုင်း ဖြစ်ပါစေလို့ ဆုတောင်းပါတယ် ဆရာ၊ အခုတော့ ဆရာ့ နမူနာတွေကို စစ်ဖို့ ကျွန်မ အလုပ် လုပ်လိုက်ဦးမယ်၊ နောက်နှစ်ရက်လောက် ဆိုရင် ဆရာ့ကို အဖြေတွေ ပြောနိုင်အောင် ဆဲလ် ကာချာ (ဆဲလ် မွေးမြူခြင်း) လုပ်ရဦးမယ်'

'ကူညီတာကို ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါဟာ ဗိုင်းရပ်စ် အသစ် ဖြစ်နေမယ် ဆိုရင် အတော် အရေးကြီးနိုင်လို့ပါ'

ထို့နောက် ဂျက် လမ်းပေါ် ပြန်ထွက်လာသည်။ ထို့နောက် ငါးမိနစ် အကြာတွင် ငါးထပ်သို့ ရောက်ကာ ဘတ် အာနိုးနှင့် မျက်နှာချင်းဆိုင် ထိုင်မိလျက်သား ဖြစ်နေတော့သည်။

ဂျက်က 'ဆရာ ကျွန်တော့်ကို ခိုင်းတဲ့ ဒီကေ့စ်ဟာ အတော်ကို စိတ်ဝင်စားစရာ ကောင်းလာတယ်၊ ကျွန်တော် ရင်ခွဲ စစ်ဆေးပြီးသွားပြီ'

'ဒီတော့ ခင်ဗျား ဘာတွေ့လဲ' ဘတ်က ရှေ့သို့ ကိုင်းကာ မေးသည်။

'ပထမ အနေနှင့် ဒီအမျိုးသမီးဟာ မကြာသေးခင်က နှလုံး အစား ထိုးထားတယ်'

'မဟုတ်သေးဘူးဗျ' ဘတ်က ရယ်လိုက်ပြီး ခေါင်းကို ယမ်းကာ 'ဒီ အလုပ်တွေမှာ အံ့သြစရာတွေ အမြဲ တွေ့ရတတ်တယ်၊ တုပ်ထားတဲ့ ဝါယာ ကြိုးကို ကြည့်ပြီး နှလုံး အစားထိုးတာကြောင့် အဲဒီ အမျိုးသမီး သေတယ် လို့ ခင်ဗျား ထင်တယ် မဟုတ်လား'

'မဟုတ်ဘူး၊ အစားထိုးထားတဲ့ နှလုံးကလည်း အတော် ကောင်းတယ်၊ အားကစားသမားရဲ့ နှလုံး အတိုင်းပဲ၊ ရောင်တာ ရမ်းတာ ပြန်ကန်တွေ ဘာမှ မတွေ့ရဘူး၊ အဆုတ်ထဲမှာ သွားပြဿနာ ရှိနေတာ၊ အတော်လေး ရောင်ရမ်း နေပြီး ဗိုင်းရပ်စ်ကြောင့် ဖြစ်တဲ့ နမိုးနီးယားကြောင့် ဆိုက်တိုကိုင်း မုန်တိုင်း ဒုတိယ အဆင့် ဖြစ်နေတဲ့ အတိုင်းပဲ၊ တုပ်ကွေးလိုမျိုးပေါ့'

'မကြာသေးခင်က နှလုံး အစားထိုးထားတယ် ဆိုတော့ အင်မြူနိုသာရာပီ (ကိုယ်ခံအားသုံး ကုထုံး) အပြင်းစား ထိုးထားရမယ်' ဘတ်က ထင်မြင်ချက် ပြောသည်။

'ဒါပေါ့၊ အဆိပ်အတောက် ဗေဒ စမ်းသပ်ချက်ကနေ အဲဒါကို အတည် ပြုပေးလိမ့်မယ်'

mgyoe.com SAMPLE BOOK

'ကိုယ်ခံအားသုံး ကုထုံးဆေး ထိုးထားမယ် ဆိုရင် ဆိုင်တိုကိုင်း မှန်တိုင်း မဖြစ်နိုင်ဘူး၊ ဆေးက တားထားလိမ့်မယ်'

ဘတ် ပြောပြီးပြီးချင်း သူ ပြောသည်မှာ မှန်သည်ဟု ဂျက် နားလည်လိုက်သည်။ နှလုံး အစားထိုးတိုင်း 'ပြန်ကန်ခြင်း' မဖြစ်စေရန် ကိုယ်ခံအားသုံး ကုထုံးဆေး ထိုးရသည်။ ထိုဆေးက ဆိုင်တိုကိုင်း မှန်တိုင်း ဖြစ်လာစေမည့် ကိုယ်ခံအား တုံ့ပြန်မှုကို တားဆီးပေးသည်။

'ကျုပ် ခင်ဗျားကို အလုပ် ပိအောင် လုပ်သလိုများ ဖြစ်နေသလား မသိဘူး' ဘတ်က အားနာသွားသဖြင့် မေးလိုက်သည်။

'နည်းနည်းပါးပါးပါ၊ ကျွန်တော်တို့ အဆိပ်အတောက် ဌာနက အဖြေကို စောင့်ကြည့်ရမယ်၊ ဗိုင်းရပ်စ်ဗေဒ ဌာနက အဖြေကိုလည်း ကြည့်ရမယ်၊ ပြည်သူ့ ကျန်းမာရေး ဓာတ်ခွဲခန်းမှာ အဆုတ်နှင့် လေပြွန် နမူနာတွေ ထားခဲ့တယ်၊ တစ်နာရီ နှစ်နာရီလောက် အတွင်းမှာ ကနဦး အဖြေတွေကို သိရမယ်၊ လောလောဆယ် လူနာနှင့် ပတ်သက်ပြီး ဘာသိရသေးလဲ၊ သူ့ရဲ့ ဖြစ်စဉ်တွေကို သိထားမှ သူ့ကို ကွာရန်တင်း လုပ်ဖို့ ရောဂါ တားဆီးဖို့တွေ လုပ်နိုင်မှာ၊ ဘယ်လီဖုး အရေးပေါ် ဌာနက လက်ကိုင်အိတ်တို့ ဖုန်းတို့ တွေ့တယ်လို့ အကြောင်းကြားလာသေးလား'

'အမျိုးသား တယ်လီဖုန်း အရောင်း ဌာနကိုတောင် ကျုပ် ဖုန်းဆက်ကြည့်သေးတယ်၊ အဲဒီ အမျိုးသမီး ပုံစံကို ပြောပြီး စုံစမ်းတဲ့ ဖုန်းများ ဝင်သေးလားလို့ မေးတယ်၊ အခုဟာက ဖြစ်တာ နာရီပိုင်းပဲ ရှိသေးတယ်၊ ရက်ခြားမှ စုံစမ်းလာတဲ့ လူ ပေါ်မယ်လို့ ကျုပ် ထင်တယ်'

'မေးလာတဲ့ လူဟာ ဟယ်လင် ဆိုတဲ့ မိန်းမ ဖြစ်နိုင်တယ်' ဂျက်က ပြောလိုက်သည်။ အမျိုးသမီး လက်ဖျံပေါ်မှ မင်ကြောင်များ အကြောင်းနှင့် ဗင်နီ ပြောသည်များကိုလည်း ပြောပြလိုက်သည်။ ထိုမင်ကြောင်များကို ဓာတ်ပုံရိုက်ကာ မှတ်တမ်း တင်ထားကြောင်းလည်း ပြောပြလိုက်သည်။

ဘတ်က 'ကျုပ် ဆက်သွယ်ရေး ဌာနကို ပြောထားလိုက်မယ်၊ တစ်နေရာမရ တစ်နေရာကပေါ့'

'ဒီလို အလားတူ ကေ့စ်မျိုး ထပ်ဝင်လာရင် ကျွန်တော့်ကို ချက်ချင်း အသိပေးစေချင်တယ်၊ နေ့ဖြစ်ဖြစ် ညဖြစ်ဖြစ်'

'ကျုပ်တို့ရဲ့ အမ်အယ်လ်အိုင် (ဆေးဘက်ဆိုင်ရာ မှုခင်း စုံစမ်းရေး) ဌာနတစ်ခုလုံးကို ပြောထားလိုက်မယ်' ဘတ်က ကတိ ပေးသည်။



mgyoe.com

mgyoe.com SAMPLE BOOK

'ကျွန်တော် အပေါ် တက်ပြီး မှတ်ပုံတင် ဌာနက ဟန့် မွန်ရိုးရယ် ရဲကြပ်ကြီး မာဖိတို့ကိုလည်း သွားမေးကြည့်လိုက်ဦးမယ်'

'သူတို့ ဘာမှ လုပ်ရသေးမှာ မဟုတ်ဘူး၊ သိပ်စောနေသေးတယ်လေ၊ ရှစ်နာရီလောက် ကြာမှ လူတွေက စိုးရိမ်လာကြတာ၊ နှစ်ဆယ့်လေးနာရီ အထိလည်း ဖြစ်သွားနိုင်တယ်'

'ဖြစ်နိုင်ပါတယ်'

စိတ်က စောနေသည်။ သို့သော် ဂျက် အဖို့ လောလောဆယ် ဘာမျှ လုပ်၍ မရ။

ဘတ်က 'ဟုတ်ပါတယ်၊ ကျုပ် သေမှုစစ် ဆရာဝန် ရုံးရဲ့ ဒီဘက် အခြမ်းမှာ လုပ်လာတာ နှစ်နှင့် ချီနေပြီ၊ ကျုပ် ခင်ဗျားကို တခြားနည်း ကူညီစရာရှိရင် ကူညီမယ်၊ ခင်ဗျား လွယ်အိတ်ထဲက ခွဲစိတ်ထားတဲ့ နမူနာတွေ ပို့သင့်တဲ့ လူတွေဆီ ပို့ရအောင် ကြည့်မယ်'

'အမှန်း တော်လှချည်လား' ဂျက်က လွယ်အိတ်ကို ချွတ်ကာ စားပွဲပေါ် ပစ်တင်ပေးပြီး 'နှလုံး အစား ထိုးထားတယ် ဆိုတော့ နှလုံးရဲ့ ဒီအင်န်အေကို စစ်ခိုင်းချင်တာ၊ ခန္ဓာကိုယ်က ပြန်ကန်တာမျိုး ဖြစ်သလားပေါ့၊ နှလုံးမှာ ရောဂါရမ်းတဲ့ လက္ခဏာ ကျွန်တော် မတွေ့ရဘူး၊ အဏုကြည့် မှန်ပြောင်းနှင့် ကြည့်လို့ တွေ့ရင်တော့ မပြောတတ်ဘူး'

'ကဲ ကျုပ် တတ်နိုင်တာ ကျုပ် လုပ်ပေးမယ်၊ ဒီနမူနာတွေကို ပေးသင့်ပေးထိုက်တဲ့ လူတွေကို ပေးပြီး စစ်ခိုင်းပေးမယ်' ဘတ်က ဆိုသည်။

'ကျေးဇူးပဲ ဘတ်' ပြောပြီး ဂျက် ထရပ်ကာ ဓာတ်လှေကားဆီသို့ လာခဲ့တော့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၅

တနင်္လာနေ့၊ ညနေ ၄း၂၃ နာရီ၊

လူစည်ချိန် ဖြစ်သည်။ ယာဉ်ကြောက အမှတ် တစ် ရိပ်သာလမ်းမှ မြောက်ဘက်သို့ ဦးတည်ကာ တစ်စီး ဖင် တစ်စီး ခေါင်း ထိကာ ဖြည်းဖြည်းချင်း သွားနေကြသည်။ မကြာမီ နေဝင်တော့မည် ဖြစ်၍ ဟိုဝေးဝေးဆီမှ ကားနောက်မြီး နီနီကလေးများကို မြင်နေရ၏။ ၅၂၀ ရင်ခွဲရုံ ရှိရာ မြေညီထပ်ကို လမ်း ၃၀ ဘက် ကုန်တင် ကုန်ချပေါက်မှ ဝင်နေကျ ဖြစ်သော်လည်း သည်တစ်ခါတော့ ဂျက် မျက်နှာစာပေါက်မှ ဝင်ကာ ရှေ့လှေကားမှ တက်ခဲ့သည်။ ရုံးခန်းမသို့ သွားရန် ဖြစ်၏။ လော်ရီနှင့် တွေ့ချင်သေးသည်။

ဧည့်သည်များ စောင့်ရန် အခန်းတွင် မာလင်းက သူမ၏ စားပွဲတွင် ထိုင်နေပြီး ရီဘက်ကာ မာရှယ်က ခပ်ငယ်ငယ် အတွဲ တစ်တွဲနှင့် ခပ်ဟောင်းဟောင်း ခုံရှည် တစ်လုံးတွင် ထိုင်နေသည်ကို တွေ့လိုက်ရ၏။ ဂျက်က ရီဘက်ကာထံသို့ လျှောက်သွားသည်။

ရီဘက်ကာက မော့ကြည့်ကာ ဂျက် လာသည်ကို မြင်တော့ သူမနှင့် စကား ပြောနေသည့် အတွဲကို တောင်းပန်ကာ ထလာသည်။

'အနှောင့်အယှက် ပေးသလို ဖြစ်နေပြီ' ဂျက်က လေသံမှုဖြင့် 'မြေအောက် ရထားမှာ သေတဲ့ အမှု ဘာကြားသေးလဲ'

'ဘာမှ မကြားဘူး ဆရာ၊ ဆက်သွယ်ရေး ဌာနကိုလည်း သိသိချင်း ကျွန်မကို ချက်ချင်း အကြောင်းကြားဖို့ ပြောထားတယ်၊ အခု အထိ ဘာမှ မကြားရသေးဘူး၊ ကျွန်မ သိသိချင်း ဆရာ့ကို အလျင်ဆုံး ပြောပါ့မယ်'

'ကျေးဇူးပဲ၊ မကြာခင် ကျွန်တော် ပြန်တော့မယ်၊ ကျွန်တော့် မိုဘိုင်းဖုန်း ပါမှာ ဆိုတော့ ခင်ဗျား သိရတာနှင့် အချိန်မရွေး ဖုန်းဆက်ပေးပါ'



mgyoe.com

mgyoe.com SAMPLE BOOK

'ကောင်းပါပြီ၊ ညနေပိုင်း ဂျူတီ လဲမယ့် လူကိုလည်း ကျွန်မ ပြောထားပေးပါ့မယ်၊ တစ်ခုခုတော့ ထူးမယ် ထင်ပါတယ်၊ အဲဒီ မိန်းမ ပျောက်နေတာ တစ်နေ့လောက် ကြာနေပြီပဲ'

'ကျေးဇူးတင်ပါတယ်နော်' ပြောပြီး ဂျက် ဧည့်ခန်းကို ဖြတ်ကာ မာလင်း အနား ရောက်တော့ သူက ပြုံးပြ နှုတ်ဆက်လိုက်သည်။ သူမကလည်း ပြန်ပြုံးပြသည်။

သည်တစ်ခါတော့ ချာရီးက 'သူ ဖုန်းတော့ ချသွားပြီ ဆရာ၊ အပြေးအလွှားပဲ ဆရာရေ့'

လော်ရီ၏ ရုံးခန်း တံခါးက ပိတ်ထားဆဲ ဖြစ်သည်။

သူက တံခါး ခေါက်လိုက်ရာ ခဏနေတော့ ဝင်ခဲ့ရန် လော်ရီ၏ အသံ ပေါ်လာသည်။

လော်ရီမှာ သူမ၏ ရောမ မဟော်ဂနီ စားပွဲကြီးတွင် ထိုင်နေသည်။ သူမ၏ အရင်က ဒေါက်တာ ဘင်ဂမ် ထိုင်သွားသော စားပွဲပင် ဖြစ်သည်။ နေရာတော့ နည်းနည်း ရွှေ့ထားသည်။

ဂျက်ကို မြင်တော့ လော်ရီက ထကာ စားပွဲကို ပတ်၍ ထွက်လာပြီး လက်နှစ်ဖက် ဆန့်တန်းထားသည်။ နှစ်ယောက်သား ဖက်ထားလိုက်ကြသည်။ သူမက တင်းတင်း ဖက်ထားသလို ဂျက်ကလည်း တင်းတင်း ပြန်ဖက်ထားလိုက်၏။

နောက်ဆုံးတွင် လော်ရီက လက်ပြန်ချလိုက်ကာ 'ဘယ့်နှယ် ဒီနေ့လယ် အဆင်ပြေလား၊ ဒီနေ့ ကျွန်မဖြင့် ဖုန်း ကိုင်လိုက်ရတာ ဘယ်လောက် ကြာတယ်တောင် မပြောတတ်ဘူး၊ ယုံနိုင်စရာတောင် မရှိဘူး'

'သိပါတယ်၊ ကို ဒီကို လာတာ ဒါ တတိယ အကြိမ်ပဲ၊ ချာရီးက ပြန်လွှတ်လို့'

'တောင်းပန်ပါတယ်၊ ကျွန်မလည်း မတတ်နိုင်ဘူး၊ မြို့ကောင်စီက ဒီဌာန ဘတ်ဂျက်ကို ၁၅ ရာခိုင်နှုန်း လျှော့ခိုင်းတယ်၊ စဉ်းစားလည်း ကြည့်ပါဦး'

'ကိုလည်း ကြားနေပါတယ်၊ သူတို့က ဘတ်ဂျက်ကို သေတဲ့ လူတွေထက် အသက် ရှင်နေတဲ့ လူတွေ အတွက် ပိုသုံးချင်နေတယ်လို့ ပြောနေကြတာ'

'မြို့တော်ဝန်က ကျွန်မတို့ဘက်ကမို့ တော်သေးတာပေါ့၊ အဲဒီလိုသာ မဟုတ်ရင် ကျွန်မ ဘယ်လို လုပ်ရမှန်းတောင် မသိတော့ဘူး' လော်ရီက စားပွဲ



mgyoe.com

mgyoe.com SAMPLE BOOK

ကို နောက်ပြန် မှီရပ်ကာ လက်ပိုက်လျက် 'ကိုရေ၊ ဒီနေ့ အခြေအနေ ဘယ်လိုလဲ၊ ရင်ခွဲ စစ်ဆေးနေရတယ် ဆို'

'ဒီနေ့ကတော့ နည်းနည်း အလုပ် များသွားတယ်၊ နေ့လယ်က စိတ်ဝင်စားစရာ ကောင်းတဲ့ အမှု တစ်ခု ကို ကိုင်လိုက်ရတယ်၊ အဲဒါကြောင့်လည်း ကို အခု လာတာ'

'ကို လာတာ ကျွန်မကို စိတ်ဓာတ် အားပေးဖို့ လာတယ် ထင်နေတာ' သူမက ကျီဆယ်လိုက်သည်။

'ဒါလည်း ပါတာပေါ့ကွာ၊ ဒါပေမဲ့ တကယ် ပြောတာ၊ နားထောင်ဦး၊ အသက် နှစ်ဆယ်နှင့် သုံးဆယ်ကြား ဝတ်ကောင်းစားလှ လက်ဝတ်ရတနာတွေနှင့် မိန်းမ တစ်ယောက် ဘယ်လီဗူး အရေးပေါ် ကယ်ဆယ်ရေး ဌာနကို သေခါနီးဆဲဆဲ ရောက်သွားတယ်၊ ရောက်ရောက်ချင်း သေတာပါပဲ၊ သူဟာ ဘရုတ်ကလင်းက အာရုံ ရထားပေါ် တက်လာတုန်းက အကောင်းကြီးပဲ၊ နောက်တော့ နမိုးနီးယားလို့ ထင်ရတာမျိုး ဖြစ်ပြီး မန်ဟတ်တန်ကို ရောက်တော့ အရေးပေါ် ဆေးအဖွဲ့ ရောက်သွားရတော့တာပဲ၊ မင်း အဲဒါကို ဘယ်လို ထင်လဲ'

'၁၉၁၈ ခုနှစ်က မဟာ တုပ်ကွေး ကမ္ဘာ့ ကပ်ရောဂါ (ပင်ဒင်းမစ်) နှင့် တူတယ် ထင်တာပဲ'

'ကိုလည်း ပထမတော့ အဲဒီလို ထင်လိုက်တယ်၊ အဲဒီတုန်းက ကပ်ရောဂါ အကြောင်း ကိုတို့လည်း ကြားဖူးတာပဲ၊ ဒါကြောင့် အဲဒီ ကေ့စ်ကို ကို ကိုင်လိုက်တာ၊ ကို ထင်လိုက်တာက ဒါဟာ ရာသီ တုပ်ကွေး ကနဦး လူနာ လားလို့၊ ၁၉၁၈ ခုနှစ်ကလောက် ဆိုးချင်လည်း ဆိုးမယ်၊ ဒါ့ထက် ဆိုးချင်လည်း ဆိုးမယ်ပေါ့'

'ရှင် အကာအကွယ်တွေရော လုပ်ထားရဲ့လား' လော်ရီက ဂျက်ကို စိုက်ကြည့်ကာ မေးလိုက်သည်။ ဂျက် ပြောသည်များကြောင့် သူမ မျက်နှာများ ဖြူရော်သွားသည်။

'ကို သေသေချာချာ လုပ်ပါတယ်၊ ကို သတိ မလစ်ပါဘူး၊ ဗင်နီကို ရေခဲတိုက်ထဲမှာ ဟက်ပါ (ပိုးမွှားကာ ဝတ်စုံ) ကို လေသွင်း လေထုတ်စက်ကို ဖွင့်ပြီး ပြင်ခိုင်းထားတာ'

'သီးသန့် ဝတ်စုံရော ဝတ်ရဲ့လား' ဂျက် အတင့်ရဲတတ်သည်ကို သိသောကြောင့် လော်ရီက မေးလိုက်ခြင်း ဖြစ်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

ဂျက်၏ စိတ်ကို သူမ အသိဆုံးလေ။

'ကိုတို့ ဝတ်ပါတယ်ကွ၊ ကိုက တုပ်ကွေးကို သတိ အထားဆုံး' ကျန်ခဲ့သည့် နှစ်နှစ်ဆယ်လောက်က တုပ်ကွေး ရောဂါကို သူ ရည်ညွှန်း ပြောလိုက်ခြင်း ဖြစ်သည်။ ထိုစဉ်က သူတစ်ယောက်တည်း လွတ်မည်လို ဖြစ်ပြီး နောက်တော့ သူလည်း တုပ်ကွေး မိသွားသေးသည်။

'ဒါဆိုတော့ ကို ဘာတွေ့လဲ၊ တုပ်ကွေးလိုမျိုးပဲလား'

'ဟုတ်လည်း ဟုတ်တယ်၊ မဟုတ်လည်း မဟုတ်ဘူး၊ အဆုတ် ဖြစ်နေတာကတော့ ကနဦး အဆင့် တုပ်ကွေး နမိုးနီးယားလိုပဲ၊ ဆိုင်တိုကိုင်း မုန်တိုင်း ထိထားသလိုပဲ၊ အထဲမှာ ရေတွေနှင့် ပြည်တွေ ပြည့်နေတယ်'

'ဆိုင်တိုကိုင်း မုန်တိုင်းကို ကျွန်မ တစ်ခါမှ မမြင်ဖူးသေးဘူး' လော်ရီ အတော်ပင် စိုးရိမ်လာသည်။

'အမှန်ပြောရရင် ကိုလည်း မမြင်ဖူးသေးပါဘူး၊ ဖတ်ဖူးတာနှင့် ဆလိုက်တွေကို ကြည့်ဖူးတာလောက်ပဲ ရှိတယ်၊ ကို တွေ့နေတာတွေက အဲဒါတွေနှင့် တူနေတယ်၊ ဒီကေ့စ်မှာ အံ့ဩဖို့ ကောင်းတာ တစ်ခုက လူနာဟာ လွန်ခဲ့တဲ့ သုံးလေးလလောက်ကပဲ နှလုံး အစားထိုးထားတာ'

'ဟုတ်လား' လော်ရီ မျက်မှောင်ကြုတ်ကာ ထိုထူးဆန်းပုံကို ဆက်စပ်စဉ်းစားကြည့်နေသည်။ 'ဒါဖြင့် ကို့ အယူအဆကရော ဘယ်လိုလဲ'

'ဘာရယ်လို့တော့ ကို မဆုံးဖြတ်ရသေးဘူး၊ စမ်းသပ် အဖြေတွေက မရသေးဘူး၊ အသက်ရှူ လမ်းကြောင်းမှာ ဗိုင်းရပ်စ် ရှိ မရှိ စစ်ဆေးနေတာလည်း မရသေးဘူး၊ အဲဒါ စစ်ဆေးဖို့ ပြည်သူ့ ကျန်းမာရေး ဓာတ်ခွဲခန်းကို ကို ကိုယ်တိုင် သွားပေးခဲ့တယ်၊ အဲဒီက တစ်ယောက်က ချက်ချင်း ရှာပေးမယ်တဲ့'

'တော်ပါသေးရဲ့' လော်ရီက ဆိုသည်။

'နောက်တော့ ရှိသေးတယ်၊ အဲဒီ အမျိုးသမီး ဘယ်သူ ဆိုတာ ကိုတို့ မဖော်ထုတ်နိုင်သေးဘူး၊ အလောင်းနှင့် အတူ ဖုန်းလည်း ပါမလာဘူး၊ ကိုယ်ပေါ်မှာလည်း မင်ကြောင်တွေ ထိုးထားတယ်၊ သူနှင့် ပတ်သက်တဲ့ တစ်ယောက်ယောက်က ဖုန်းဆက်လာရင်တော့ သူ ဘယ်သူ ဆိုတာ သိရပြီ၊ အဲဒီလို သိရမှ သူနှင့် ဆက်နွယ်တဲ့ လူတွေကို ကွာရန်တင်း (သီးခြား ခွဲထား) လုပ်တာတို့ ရောဂါ ကာကွယ်ရေး အတွက် လုပ်စရာ ရှိတာတွေကို လုပ်လို့ ရမှာ၊ သူနှင့် နီးစပ်တဲ့ လူတွေသာမက ရထား အတူ စီးလာတဲ့ လူတွေကိုပါ လုပ်ရမှာ၊ မင်း အနေနှင့် နယူးယောက်မြို့ အရေးပေါ် စီမံခန့်ခွဲရေး ဌာနတို့ စီဒီစီ



mgyoe.com

mgyoe.com SAMPLE BOOK

(ရောဂါ ကာကွယ် ထိန်းချုပ်ရေး ဗဟို ဌာန) တို့ကို အသိ ပေးထားရင် ကောင်းမယ်လို့ ထင်တယ်'

'ဘာရယ်လို့မှ သဲသဲကွဲကွဲ မသိရသေးဘဲနှင့်၊ ပြည်သူ့ ကျန်းမာရေး ဌာနက အဖြေ ဘယ်တော့ သိရမလဲ' လော်ရီက မေးသည်။

'နာရီပိုင်း အတွင်းမှာ သိရမယ်' အဆိုပါ ဗိုင်းရပ်စ်ဗေဒ ပညာရှင်သည် မိမိတို့ အိမ်နီးချင်း ဖြစ်ပြီး ဘတ်စကက်ဘော ကစားရန်လည်း ဝါသနာ ပါကြောင်း ပြောမည် ပြုပြီးမှ မပြောဘဲ နေလိုက်တော့သည်။

'ဒါဆိုရင် ကျွန်မတို့ စောင့်ရဦးမှာပေါ့၊ ဘာကိုမှ ဂဃနဏ မသိရသေးဘဲ ကျွန်မ ဘယ်သူ့ကိုမှ မပြောချင်သေးဘူး၊ သူ ဘယ်သူ ဆိုတာကိုလည်း ကျွန်မ သိချင်တယ်၊ ဆေးဘက် မှူခင်း စုံစမ်းရေးက ဒါကို ဘယ်သူ ကိုင်ထားလဲ'

'ဘတ် အာနိုး'

'ကောင်းတယ်၊ သူက အတွေ့အကြုံ များတယ်၊ အထူးသဖြင့် အခုလို အဆက်အသွယ် ပြတ်နေတာမျိုးမှာ သူ ပိုတော်တယ်'

'ကျန်းမာရေး မင်းကြီးကိုတော့ အနည်းဆုံး အသိ ပေးထားရင် ကောင်းမယ်၊ သူတို့ ကြိုတင် အစီအမံလေးတွေ လုပ်ထားလို့ ရတာပေါ့၊ ဖြစ်လာတဲ့ အခါ အသင့် ဖြစ်နေအောင်လို့၊ တကယ်လို့ ဒါဟာ အန္တရာယ် ရှိတဲ့ တုပ်ကွေး အမျိုးအစား ဖြစ်မယ် ဆိုရင် ကိုတို့ အချိန် သိပ်ရမှာ မဟုတ်တော့ဘူး'

'တစ်ခုတော့ ရှိတယ်၊ ၁၉၁၈ ခုနှစ်က ကူးစက် ရောဂါမျိုး ဖြစ်မှာစိုးလို့ ကြိုတင် ပြင်ဆင်မှုမျိုးတွေ လုပ်မယ် ဆိုရင် လူတွေ အုတ်အော်သောင်းတင်း ဖြစ်ကုန်မယ်၊ ထိန်းလို့ ရမှာ မဟုတ်ဘူး၊ မြို့မှာ ပိုက်ဆံတွေလည်း အများကြီး ကုန်ကျသွားမယ်၊ ကျွန်မ ပြောချင်တာက အခု လက်ရှိ အနေအထားမှာ ဘာမှ မပြောသေးတာ ပိုကောင်းမယ်'

'ဒါပေမဲ့ တကယ် ဖြစ်လာတဲ့ အခါ ကိုယ့်ဘက်က လက်ဦးမှု ရရင် အသက် ဆုံးရှုံးမှု နည်းမယ်' ဂျက်က တင်းခံသည်။

'ရောဂါကို အတိအကျ မသိရသေးဘဲ ကျွန်မ ဘယ်သူ့ကိုမှ မပြောနိုင်သေးဘူး ဂျက်၊ ကျွန်မက ဆေးဘက်ဆိုင်ရာ သေမှုစစ် တာဝန်ခံ ဆရာဝန်ကြီးပါ၊ ဒါဟာ ကျွန်မရဲ့ ဆုံးဖြတ်ချက်၊ ဒါပဲ'

လော်ရီ၏ အပေါ်စီး ပြောဆိုမှုကြောင့် ဂျက် တန့်သွားကာ ဇနီးသည်အား စိုက်ကြည့်နေမိ၏။ အထက် အရာရှိ အနေဖြင့် မိမိကို အောက်လက်ငယ်သား



mgyoe.com

mgyoe.com SAMPLE BOOK

ပမာ ပြောဆိုမှုကြောင့် စိတ်မကောင်းလည်း ဖြစ်ရသည်။ သို့ဆိုလျှင် အဆုံးအဖြတ်က ပြီးသွားလေပြီ။ ဂျက် ယုံပင် မယုံနိုင်တော့။

'ဒါပဲနော် ကျွန်မ ရှင်းအောင် ပြောထားမယ်၊ အခု ကိစ္စနှင့် ပတ်သက်ပြီး ကျွန်မကို ကျော်မလုပ်နှင့်၊ ဒေါက်တာ ဘင်ဂမ်တုန်းက ကို အဲဒီလိုမျိုး လုပ်ခဲ့တာ ကျွန်မ သိတယ်၊ ကျွန်မကို အဲဒီလို လုပ်ရင်တော့ ကျွန်မ စိတ်ဆိုးမှာ၊ ကျွန်မတို့ ဓာတ်ခွဲခန်း အဖြေတွေကို စောင့်မယ်၊ ပြီးမှ ကျန်းမာရေး ဝန်ကြီးဌာနကို အကြောင်း ကြားမယ်၊ စီဒီစီကိုလည်း အသိ မပေးနှင့်ဦး၊ သူတို့ဆီက ကူးစက် ရောဂါ ကျွမ်းကျင်သူတွေ ဒီမှာ လိုက်စုံစမ်းရင်လည်း အကုန် ပွကုန်မယ်'

ဂျက် သူမကို စိုက်ကြည့်လိုက်ပြီး 'မင်း ကို့ကို တပ်မှူး တစ်ယောက် အနေနှင့် အမိန့် ပေးနေတာလား၊ ဇနီးသည် တစ်ယောက် အနေနှင့် ပြောနေတာလား'

'ဒီလို မေးခွန်းမျိုးကို ဖြေစရာတောင် မလိုဘူး၊ ကျွန်မ ဒီအလုပ်ကို လက်ခံတုန်းက ဒီတာဝန်တွေကို ယူထားရတာ၊ ဒါကိုလည်း ကိုနှင့် ပြောရတာ ထပ်နေပြီ၊ ဒီကိစ္စနှင့် ပတ်သက်ပြီး ကျွန်မကို သတင်း ပို့ပါ၊ ဆေးဘက်ဆိုင်ရာ သေတမ်းစစ် တာဝန်ခံ ဆရာဝန်ရုံး ဝန်ထမ်း အနေနှင့်ရော ခင်ပွန်းသည် အနေနှင့်ရောပေါ့'

'ကိုလည်း အခု နှစ်ခုစလုံး လုပ်နေတာပဲ မဟုတ်လား' ဂျက်က ဒေါသကို ထိန်းကာ ပြောလိုက်သည်။

'ကျွန်မမှာ အထောက်အကူတွေ အများကြီး လိုတယ်၊ ဒီအလုပ်က ထင်တာထက် ပိုပြီး အားစိုက်နေရတယ်၊ ဒါကြောင့် ကို့ အနေနှင့် ပိုရှုပ်အောင် မလုပ်စေချင်ဘူး၊ ကို လုပ်နေတာက ဘယ်လို ပြောရမလဲ၊ ရထားပေါ်မှာ သေတဲ့ မိန်းမ အမှုကို အာရုံ စိုက်လွန်းနေတယ်၊ အဲဒါကနေ ပြဿနာ ဖြစ်လာနိုင်တယ်'

'ကို အာရုံ မစိုက်လို့ ရမလား'

'ရှင့်အကြောင်းကို ကျွန်မ သိပါတယ် ဂျက် စတေပဲလ်တန်ရယ်'

'ကောင်းပြီလေ၊ ကို့ဘက်က ဆင်ခြင်ပါ့မယ်၊ မင်း အခု အိမ်ကို စောစော ပြန်မလား'

ဂျက်က စကား လမ်းကြောင်း ပြောင်းချင်သည်။ သို့မဟုတ်လျှင် မိမိနောက်မှ နောင်တ ရစရာတွေ ပြောမိတော့မည်။

mgyoe.com

mgyoe.com SAMPLE BOOK

'ပြန်ချင်တယ်၊ တစ်နေ့ခင်းလုံး ဖုန်းကိုင်နေရတာ၊ မပြန်ခင် အလုပ်တွေ အများကြီး လုပ်စရာ ရှိသေးတယ်၊ ၄၂၁ ဘေးမှာ ရေခဲတိုက် အသစ် ဆောက်ဖို့နှင့် ပတ်သက်ပြီး မနက်ဖြန် အစည်းအဝေး အတွက် ပြင်ဆင်စရာတွေလည်း ရှိသေးတယ်၊ ဘတ်ဂျက် ကိစ္စကလည်း ဆက်တိုက်ပဲ'

'ဒါဆိုရင် ကို အိမ်ကပဲ စောင့်မယ်၊ ကို ခဏနေရင် ပြန်တော့မယ်' ပြောပြီး ဂျက် တံခါးပေါက်ဆီသို့ ထွက်သွားသည်။

'အဲဒီ စက်ဘီးလည်း မစီးစမ်းပါနှင့်၊ ကို့ကို ဘက်ပေါင်းစုံ အတွက် အသက် ရှင်နေစေချင်တယ်' လော်ရီက နောက်မှ လှမ်းပြောလိုက်သည်။

ရုံးခန်းထဲ ပြန်ရောက်တော့ သည်ရာသီ စက်ဘီး စီးသည့် အခါ ဝတ်သည့် သားရေ ဂျက်ကက်ကို ယူလိုက်သည်။ စက်ဘီးကို ယူရန် ရေခဲတိုက် အထပ်သို့ ဆင်းအလာ ဘတ် အာနိုးထံ ဖုန်းဆက်လိုက်သည်။

'ဘာသတင်းမှ မရသေးဘူး မဟုတ်လား' တစ်ဖက်မှ ဖုန်းကိုင်သည်နှင့် ဂျက်က မေးလိုက်သည်။

'မရသေးဘူး၊ တစ်ခုခု ရလာမယ်လို့တော့ ထင်တာပဲ၊ အခု အချိန်ဟာ လူတွေ အလုပ်ကနေ အိမ်ပြန်ရောက်တဲ့ အချိန်လေ၊ တခြားကို သွားရင်လည်း အိမ်ပြန်ရောက်ရမယ့် အချိန်၊ နောက်တစ်နာရီလောက် ဆိုရင် တစ်ခုခု ကြားရမယ် ထင်တာပဲ၊ ဆရာရော ဗိုင်းရပ်စ်ဗေဒ ဌာနက ဘာသိရသေးလဲ'

'မကြားရသေးဘူး၊ ဒီမယ် ဆရာ့ ဌာနက နေ့ ည ဂျူတီသမားတွေကို ပြောထားပေးပါ၊ ဟို အမျိုးသမီးနှင့် ပတ်သက်ပြီး တစ်ခုခု သိရတာနှင့် ကျွန်တော့်ကို အကြောင်းကြားပေးပါလို့၊ နောက်ထပ် အလားတူ သေတာမျိုး ရှိရင်လည်း ကျွန်တော် သိချင်တယ်၊ တုပ်ကွေးလို အသက်ရှူ လမ်းကြောင်း ဆိုင်ရာ ရောဂါမျိုးကို ပြောတာ'

'ကျွန်တော် သဘောပေါက်ပါတယ်၊ ကျွန်တော် အားလုံးကို အသိပေးထားပါ့မယ်' ဘတ်က ပြန်ပြောသည်။

ဖုန်းချလိုက်ပြီးနောက် အာရီသာ ဂျက်ဖာဆင်ထံ ဖုန်း ဆက်ရကောင်းမလားဟု တွေးနေမိသည်။ နောက်တော့ မဆက်တော့ဟု ဆုံးဖြတ်လိုက်သည်။ မိမိ ခိုင်းသည့် စမ်းသပ်မှုများကို လုပ်နေစဉ်တွင် သူမကို အနှောင့်အယှက် မဖြစ်စေချင်။ နောက်ပြီး သူမ သိလျှင်သိချင်း မိမိကို ဖုန်းဆက်ပါမည်ဟုလည်း ပြောထားသည် မဟုတ်လား။



mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၆

တနင်္လာနေ့၊ ညနေ ၆း၂၀ နာရီ၊

သည်နေ့ ဂျက် အတွက် စိတ်အချမ်းသာရဆုံး အချိန်က အိမ်သို့ စက်ဘီးဖြင့် ပြန်ရသည့် အချိန်သာ ဖြစ်သည်။ ထရက် အမျိုးအစား သူ့စက်ဘီးမှာ ပေါ့လည်း ပေါ့ပါးပြီး သူ တွေ့ဖူးသမျှ အကောင်းဆုံး ပုံစံ ဖြစ်သည်။ တစ်နာရီ မိုင်နှစ်ဆယ်နှုန်း အသာလေး တင်၍ နင်းနိုင်သည်။ ယခုလို ညနေဘက် နယူးယောက်မြို့ ယာဉ်ကြောမျိုး ကြားမှာ ဆိုလျှင် သူ့စက်ဘီးက ကားတွေထက် မြန်သည်။ ၅၂၀ ဆေးဘက်ဆိုင်ရာ သေမှုစစ် ဌာန (အိုစီအမ်အီး) မှ အရှေ့တောင်ဘက် ဗဟို ပန်းခြံ ထောင့်သို့ မိနစ် နှစ်ဆယ်ပင် မနင်းလိုက်ရ။ သည် ညနေလည်း သည်အတိုင်းပင်။

ဗဟို ပန်းခြံ ရောက်တော့ ယာဉ်ကြော မရှုပ်။ အခြား စက်ဘီးသမားများနှင့် စကိတ် စီးသူများသာ ရှိတော့သည်။ နောက်ဆုံးတွင် အနောက် ၁၀၆ လမ်းသို့ ရောက်လာသည်။

ဂျက် အိမ်ကို ရောက်တော့ မိုး စုန်းစုန်း ချုပ်နေလေပြီ။ လမ်းတစ်ဖက်ရှိ ဘတ်စကက်ဘော ကွင်းတွင် မီးတွေ လင်းနေကာ ကစားနေကြလေပြီ။ ပန်းခြံထဲတွင် ကလေးတွေလည်း ကစားနေကြတုန်း။

ဂျက်က စက်ဘီးကို အားကစား ပစ္စည်းများနှင့် စက်ဘီးများ ထားသည့် အခန်းထဲ ထည့်လိုက်သည်တွင် ဂျေဂျေ တစ်ယောက် လာခရော့စ် ကစားသည့် တုတ်တံများကို တွေ့သဖြင့် နေရာတကျ ပြန်ချိတ်ပေးထားလိုက်သည်။

ဂျက်နှင့် လော်ရီတို့က အပေါ်ဆုံး သုံးထပ်ကို ယူထားပြီး ကျန်အခန်းများမှာ အိမ်ငှားခန်းများ ဖြစ်သည်။ ငှားထားသည့် အိမ်ခန်းများမှ ရသည့် ငွေက အတော် စရိတ် ကျေသည်။ အိမ်ငှားတွေက လူကောင်းတွေ ဖြစ်ဖို့ လိုသည်။



mgyoe.com

mgyoe.com SAMPLE BOOK

လောလောဆယ်တော့ အဆင်ပြေနေသည်။

တိုက်ထဲသို့ ဝင်မိသည်နှင့် ရုပ်နားထောင်လိုက်ရာ ရုပ်မြင်သံကြား အသံမျိုးစုံ ကြားနေရသည်။ သူနှင့် အနီးဆုံး ဧည့်ခန်းထဲမှ အသံက ညနေပိုင်း သတင်း အသံ ဖြစ်သည်။ လော်ရီ၏ မိခင် ဒေါ်ရသီ မောင်ဂိုမာရီ အိမ်တွင် ရှိနေဆဲ ဟူသည့် သဘော။ မနက်ကလည်း မိမိ အလုပ်သွားခါနီး အိမ်ဖော်နာနီ ကေတလင်း ကလေးတွေ အတွက် ပြင်ပေးသည့် နံနက်စာကို ဒေါ်ရသီ အပြစ် ပြောနေသံ ကြားခဲ့ရသည်။ ဒေါ်ရသီ ရောက်နေသည်မှာ ယခု တစ်ပတ်ပြည့်တော့မည်။ သူမ ကြာကြာ ဆက်နေလျှင် ကေတလင်း ဘာမျှ လုပ်တတ်တော့မည် မဟုတ်။

ဒုတိယ တီဗီသံက အပေါ်ထပ် မီးဖိုခန်းလည်း ဖြစ်၊ မိသားစု အခန်းလည်း ဖြစ်သော နေရာမှ လာခြင်း ဖြစ်သည်။ ဂျက် တက်သွားသော အခါ ကေတလင်း၊ ဂျေဂျေနှင့် အမ္ဗာတို့ကို တွေ့ရသည်။ ကေတလင်းက ကလေးများကို ညစာ ကျွေးပြီးသည်မို့ သိမ်းဆည်းနေသည်။ ဂျေဂျေက ကာတွန်းကား ကြည့်နေ၏။ အမ္ဗာမှာ အောက်ချထားသည့် ဆောင်ပန်း ပုခက်ထဲတွင် ကစားနေ၏။ ဂျက်က ဟဲလိုဟု နှုတ်ဆက်လိုက်ပြီး အဆင်ပြေရဲ့လားဟု မေးတော့ ကေတလင်းက မျက်လုံးကို လည်ပြရုံမျှဖြင့် တုံ့ပြန်သည်။ ထို့နောက် ဂျက်က ဂျေဂျေအား လက်ဝါးချင်းရိုက် နှုတ်ဆက်ကာ အမ္ဗာဘက်သို့ ကြည့်လိုက်သည်။

ထို့နောက် ဒေါ်ရသီ အောက်ထပ်မှ တက်လာသည်။ သူမက ဂျက်ကို နှုတ်ဆက်လိုက်ပြီးနောက် ဂျက် ပြန်လာသည်ကို အသံ ကြားကြောင်း ပြောသည်။ သူ့သမီး လော်ရီကို မေးတော့ သူမ အလုပ် များနေ၍ နောက်ကျနေကြောင်း၊ မကြာမီ ပြန်လာတော့မည် ဖြစ်ကြောင်း ပြောလိုက်သည်။

သည်တော့ အဘွားကြီးက သမီး ဖြစ်သူ တာဝန်ခံ ဆရာဝန်ကြီး ရာထူးကို လက်ခံလိုက်သည့် အတွက် တာဝန်တွေ များကြောင်း အပြစ် တင်သည်။

ကေတလင်းက ဆေးကြောပြီး စားပွဲတွင် လာထိုင်သဖြင့် လူကြီး သုံးယောက် ကလေးများကို ကြည့်နေကြသည်။ ကေတလင်း ရှိနေသဖြင့် ဂျက်လည်း အနည်းငယ် အားရှိသည်။

ထိုအေးချမ်းနေသည့် အခြေအနေလေး ကြာကြာ မခံလိုက်။

ဒေါ်ရသီက 'ငါတို့ရဲ့ မိတ်ဆွေဟောင်း တစ်ယောက်နှင့် ငါ ဒီနေ့ ဆက်မိတယ်၊ ဒေါက်တာ ဟားမန်း ခရော့လေ၊ မင်း သူ့အကြောင်းကို ကြားဖူးလား'



mgyoe.com

mgyoe.com SAMPLE BOOK

'မကြားဖူးဘူး' အဘွားကြီး မေးခွန်းနှင့် စပြောပြီ ဆိုလျှင် သေပြီသာ မှတ်တော့။

'အဲ့ပါရဲ့ကွယ်၊ ဒီလောက် နာမည် ကြီးပြီး စာအုပ်တွေလည်း အများကြီး ရေးခဲ့တဲ့ လူကိုတောင်၊ ပုဂ္ဂလိက ဆေးရုံကြီး တစ်ခုမှာလည်း သူက စီအီးအို၊ ရှယ်လ်ဒန် ဆေးဘက်ဆိုင်ရာ သင်တန်း ကျောင်းမှာလည်း သူ စာသင်တယ်၊ ချမ်းသာတာကလည်း မပြောနှင့်တော့၊ သူက အော်တစ်ဇင်းနှင့် ပတ်သက်ပြီး နားလည်တယ်'

'ဪ'

အဝင် တံခါး ပိတ်သံ ကြားလိုက်ရသည်။

လော်ရီ ပြန်လာပြီတည်း။ တော်ပါသေးရဲ့။

'ငါ ဒီနေ့ သူ့ကို ဖုန်းဆက်တော့ ဒီလောက် အလုပ် များတဲ့ ကြားက ဖုန်းကိုင်တယ်၊ ကျေးဇူးတင်လိုက်တာ၊ ငါ သူ့ကို မေးကြည့်တယ်၊ အော်တစ် ဇင်းနှင့် ဝက်သက် ကာကွယ်ဆေး ပတ်သက်မှု ရှိလားလို့၊ သူက ဘာပြောလဲ သိလား'

'မသိချင်ပါဘူး'

ထိုစဉ် လှေကားမှ တက်လာသည့် လော်ရီက 'ဟိုင်း အမေ၊ ဟိုင်း ဂျက်၊ ဟိုင်း ကေတလင်း' လော်ရီက ကလေးများဆီသို့ သွားလိုက်ပြီး အမွှာ တိရစ္ဆာန်ရုပ်ကလေးများ စီထားသည်ကို ကြည့်ကာ 'ဒါ သမီးဘာသာ စီတာ လား'

ဂျေဂျေက 'မဟုတ်ဘူး၊ ဘွားဘွားက သားကို စီခိုင်းလို့၊ အမွှာနှင့် အတူ မကစားရင် သား ကာတွန်းကား မကြည့်ရဘူး ဆိုလို့'

'သားက စကား နားထောင်သားပဲ' လော်ရီက သူ့သား ဆံပင်များကို ပွတ်သပ်ကာ ပြောလိုက်သည်။ ပြီးတော့ အမွှာ၏ ကျောကိုလည်း ပွတ်သပ် ပေးကာ မိခင်နှင့် ဂျက်တို့အား လှည့်ကြည့်လိုက်သည်။ ထိုနှစ်ဦးကတော့ ခပ် စောင်စောင် ကြည့်လျက်။

'ဂျက်ရေ၊ ကိုနှင့် ပြောစရာ ရှိတယ်' လော်ရီက ဖျစ်ညှစ် ပြုံးလျက် ပြောလိုက်သည်။ ဂျက်က ဘာမျှ မပြောဘဲ အောက်ထပ် စာကြည့်ခန်းထဲသို့ လိုက်သွားသည်။ အခန်းမှာ ၁၀၆ လမ်းဘက်သို့ မြင်ရသည့် ပြတင်းပေါက် ကြီး နှစ်ပေါက် ရှိသည်။ ဂျက် ထိုပြတင်းပေါက်မှ ကြည့်လိုက်တော့ ဘတ် စကက်ဘော ကွင်းထဲတွင် လူစည်နေသည်ကို တွေ့လိုက်ရ၏။



mgyoe.com

mgyoe.com SAMPLE BOOK

အခန်းထဲ ပြန်လှည့်ကြည့်လိုက်တော့ လော်ရီမှာ စောစောကလို ရွှင်ရွှင်ပျပျ မရှိ။ သူမ မျက်နှာက အနည်းငယ် ညှိုးနေသည်။ 'ရှင် အမေ့ကို ဒီလို မရိုမသေ ဆက်ဆံရသလား၊ ကျွန်မ အိမ်ပြန်လာတာနှင့် ဒါမျိုး တွေ့ရပြီ၊ ကျွန်မ တကယ်ကို နားမလည်နိုင်ဘူး၊ ကျွန်မ လှေကားက တက်လာတော့ ရှင် အမေ့ကို ပြောတဲ့ စကားက ဒါမျိုး ပြောရသလား၊ ဟားမန်း ခရော့ ဆိုတာ ကျွန်မ မိဘတွေရဲ့ မိတ်ဟောင်း တစ်ယောက်ပါ၊ သိပ်လည်း ရင်းနှီးတယ်'

'မင်း မှားနေတာပါ'

'တော်ပါတော့၊ အမေဟာ အသက် ရှစ်ဆယ့်သုံးနှစ် အဘွားကြီး၊ သူ့ မြေးမလေး မကြာသေးခင်က အော်တစ်ဇင်း ရှိတယ် ဆိုတာ သိရလို့ စိတ်ပူနေရှာတာ၊ အဲဒါ ရှင်က ဘယ်လို ဖြစ်နေရတာလဲ'

'ကိုကတော့ ကို့ အိမ်တွင်းမှာ အေးအေးချမ်းချမ်း ရှိစေချင်တာပဲ၊ ကိုက ရှစ်ဆယ့်သုံးနှစ် မဟုတ်ပေမဲ့ အသည်းအသန် ကြိုးစားနေရတာကို သူက မကူညီတဲ့ အပြင်..'

'ကျွန်မ သေသာ သေလိုက်ချင်တော့တယ်' လော်ရီက မျက်လုံးများ အပေါ် လှန်ကြည့်ကာ ပြောလိုက်သည်။

'မင်းအမေက ထိန်းထိန်းသိမ်းသိမ်းကို မပြောတတ်ဘူး၊ ဒါ ကို တစ်ယောက်တည်း ဒီလို မြင်တာ မဟုတ်ဘူး၊ ကေတလင်းလည်း ဒီအတိုင်း မြင်တယ်၊ ကေတလင်းက သူ ဒီအိမ်မှာ မနေတော့ဘူးလို့တောင် ပြောတာ၊ သူ မရှိရင် ကိုတို့ ဘယ်လို ဖြစ်မလဲ ဆိုတာ မင်းအသိပဲ'

'ကျွန်မကိုတော့ အဲဒီလို မပြောပါလား'

'ဘယ်ပြောမလဲ၊ ပြောမှ မပြောရဲတာ'

'ဒါဆိုရင် ကျွန်မ သူ့ကို ပြောကြည့်မယ်'

'မင်းအမေကို ပြောကြည့်တာက ပိုကောင်းမယ်၊ သူ ဒီမှာ အကန့်အသတ် မရှိ နေသွားလို့ မဖြစ်ဘူး၊ အမှန် ပြောရရင် သူ့ကြောင့် ကိုတော့ ရူးချင်ပြီ၊ နောက်တစ်ခါ မောင်ဂိုမာရီ မျိုးရိုးထဲမှာ အော်တစ်ဇင်း ရောဂါ မရှိဘူးလို့ ပြောရင် စတေပဲလ်တန် မျိုးရိုးထဲမှာ ရှိတဲ့ သဘောပေါ့၊ အဲဒါဆိုရင် ကို အော်ပစ်လိုက်မိမယ်'

'ကျွန်မ အမေ့ကို ပြန်ပါလို့ မပြောနိုင်ဘူး၊ လုံးဝကို မပြောနိုင်ဘူး၊ မိဘတွေနှင့် ဆက်ဆံရာမှာ ကျွန်မ ဘယ်လောက် အခက်အခဲ ရှိတယ် ဆိုတာ ရှင် အသိဆုံးပဲ'

mgyoe.com

mgyoe.com SAMPLE BOOK

ထိုသည်ကို ဂျက် ကောင်းကောင်း သိသည်။ မောင်ဂိုမာရီ မိသားစု၏ ကြေကွဲစရာ အဖြစ်အပျက်လည်း ဖြစ်၏။ လော်ရီ သိပ်ချစ်သည့် အစ်ကို တစ်ယောက် ရှိခဲ့သည်။ လော်ရီ ၁၃ နှစ် သမီး အရွယ်တွင် ယေး တက္ကသိုလ် ပထမနှစ် ကျောင်းသား ဖြစ်နေသူ အစ်ကိုက သူ စပိဘော (မူးယစ်ဆေးဝါး) သုံးနေကြောင်း သူမအား ပြောပြခဲ့သည်။ သူ့ ကျောပိုးအိတ်ထဲတွင်လည်း ဆေး ထိုးအပ်များ လော်ရီ တွေ့ခဲ့ရသည်။ ထိုအကြောင်းများကို မိဘများအား ပြန် မပြောရန်လည်း အစ်ကိုက ခြိမ်းခြောက်ထားသည်။ သီတင်းပတ်ပေါင်း အတော် ကြာသော အခါ အစ်ကို ဖြစ်သူမှာ ခရစ္စမတ် ကျောင်းပိတ်ရက် အတွင်း မူးယစ်ဆေးဝါး လွန်သွားခဲ့သည်။ ထိုအခါ အစ်ကို မူးယစ်ဆေး သုံးသည်ကို လော်ရီ သိထားမှန်း မိဘများ သိသွားပြီး သူတို့၏ သားဦး ဆုံးရှုံးမှု အတွက် လော်ရီကို အပြစ်တင်လေတော့သည်။

သည်သို့ဖြင့် လော်ရီမှာလည်း စိတ်ဝေဒနာ ခံစားလာခဲ့ရတော့သည်။ ထို ကတည်းက မိဘများနှင့် ပတ်သက်လာလျှင် ချစ်လှစွာသော အစ်ကို သေဆုံး မှုကို ပြန်သတိရကာ မိမိတွင် တာဝန် မကင်းဟု မြင်လာတော့သည်။

'မင်းရဲ့ ပြဿနာကိုလည်း ကိုယ် နားလည်ပါတယ်၊ ဒီမှာလည်း ဦးနှောက် ခြောက်စရာ ပြဿနာက ရှိနေတယ်လေ၊ တကယ်လို့ ကေတလင်း မနေတော့ ဘူး ဆိုရင် ကိုတို့ ဘာလုပ်ရမယ်မှန်းတောင် မသိတော့ဘူး'

'ခက်တာပဲ' လော်ရီ ဆံပင်ထဲသို့ လက်ထိုးကာ ညည်းလိုက်သည်။ 'အဲဒီ စိတ်ညစ်စရာကို ကျွန်မ လောလောဆယ် မစဉ်းစားပါရစေနှင့်ဦး'

'မင်းအမေကို ပြန်ဖို့ ပြောမယ် ဆိုရင် ကို ပြောမယ်၊ ကို ကြည့်ကောင်း အောင် ပြောပါ့မယ်'

'ဟင့်အင်း၊ အဲဒီလိုလည်း မဖြစ်သေးဘူး၊ ဟုတ်ပြီ၊ သူ ပြန်ဖို့ အလေး အနက် စဉ်းစားလာအောင် တစ်ခုခု ပြောကြည့်မယ်'

'ကောင်းတယ်၊ မင်း အဲဒီလို လုပ်ထား၊ ကို အပြင် သွားပြီး ဘတ်စကက် ဘော သွားကစားပြီး ချွေးထုတ်လိုက်ဦးမယ်'

'ဩော် ရှင်ကလည်း၊ သွား ကစားဦးမလို့လား၊ ကောင်းနေတဲ့ ဒူးက တစ်ခါ ထပ်ဖြစ်ဦးမယ်၊ ပထမ ဒူးတစ်ဖက်လည်း ခွဲစိတ်ရပြီ မဟုတ်လား၊ ရှင် တစ်ခုခု ဖြစ်ရင် မိသားစုတွေ ဘယ်လို ဖြစ်မယ် ဆိုတာ ရှင် မစဉ်းစားဘူး၊ အဲဒီလို လမ်းဘေး ကစားတာမျိုးကို မကြိုက်ပါဘူး၊ ကလေးကလားနှင့်၊ မတော် ဒဏ်ရာတောင် ရချင် ရနေဦးမှာ'



mgyoe.com

mgyoe.com SAMPLE BOOK

'မင်း အဲဒီလို တွက်တာ စိတ်မကောင်းစရာဘဲ၊ ကို စဉ်းစားတာက တော့ အဲဒီလို မဟုတ်ဘူး၊ ကို သွားကစားတော့မယ်'

ထိုမျှသာ ပြောပြီး လှေကားမှ အောက်ထပ် မိမိတို့ အိပ်ခန်းသို့ အဝတ်အစား လဲရန် လှည့်ထွက်လာခဲ့တော့သည်။


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၇

တနင်္လာနေ့၊ ညနေ ၇း၃၁ နာရီ၊

အိမ်နားမှ ကစားကွင်းတွင် ဘတ်စကက်ဘော ကစားရတော့မည် ဆိုလျှင် ဂျက် ပျော်နေတတ်သည်။ သည်နေ့ည ပို၍ ပျော်နေသည်။ အမွှာနှင့် ပတ်သက်ပြီး ဒေါ်ရသီနှင့်၊ နောက်တော့ လော်ရီနှင့် စကား အတော် ပြောခဲ့ရသည်။ ယင်း အတွက် ခေါင်းရှင်းပစ်ချင်သည်။ ထိုသို့ ရှင်းပစ်ရန် ကစားသည်က အကောင်း ဆုံးဟု သူ မြင်သည်။

ဤသည်ကို အားကစား မလုပ်သော လူတွေ သိကြမည် မဟုတ်။ ကစား နေကျ အတိုင်း တစ်နာရီခွဲလောက် ကစားလိုက်လျှင် သူ သိသော ကြွက်သား တွေရော သူ မသိသော ကြွက်သားတွေရော လန်းဆန်းသွားသည်။ မိမိ သွင်း လိုက်သည့် ဘောလုံး ဂိုးဝင်သွားလျှင်လည်း ပီတိ ဖြာသည်။ ဘောလုံး ဂိုးဝင် တော့မည် ဆိုလျှင် ဘောလုံး လက်က လွတ်သည်နှင့် သိနေသည်။ ဂိုးဝင် သွားပြီ ဆိုလျှင်လည်း ပျော်ရသည်။

အိမ်ရှေ့ လှေကားမှ အောက်ကို ရောက်သည်နှင့် ကစားကွင်းဘက်သို့ လှမ်းကြည့်လိုက်သည်။ မိမိ နောက်ကျနေသည်မို့ ဝင်ကစားနိုင်ဖို့ မည်မျှ စောင့် ရမည်နည်းဟု စိတ်ပူနေမိသည်။ နိုင်သော အသင်းက ဆက်ကစားရပြီး နောက် တစ်သင်းက လူရွေးပြီး တစ်သင်း ဖွဲ့ရသည်။ ထိုသို့ ရွေးသည့် အခါ ဂျက်က တော်သူမို့ အမြဲ အရွေးခံရသည်။ အထူးသဖြင့် မိမိတို့ အထဲတွင် အတော်ဆုံး ဖြစ်သူ ဝါရန် ဝီလ်ဆင်က ဂျက်ကို အမြဲ ရွေးသည်။

ထိုစဉ်မှာပင် ဂျက်၏ မိုဘိုင်းဖုန်းက မြည်လာသည်။ ဖုန်းခေါ်သံကို နှိုးစက် အသံ ပြောင်းထားသည်ကို မိမိ ပြန်မပြောင်းရသေး။ နှိုးစက်သံမှာ မီးသတ်ကား ဥသြသံ ဖြစ်သဖြင့် ဂျက် လန့်သွားရသည်။ ဖုန်းကို ထုတ်ပြီး



mgyoe.com

mgyoe.com SAMPLE BOOK

လော်ရီ၏ ပို့ချချက်တွေ ကြားနေရဦးမည်လားဟု ကြည့်လိုက်တော့ လော်ရီ မဟုတ်။ ဒေါက်တာ အာရီသာ ဂျက်ဖာဆင် ဖြစ်နေ၍ တော်သေးသည်။

ဂျက်က ချက်ချင်း ဖုန်း လက်ခံလိုက်ရာ 'ဟဲလို၊ ဒေါက်တာလား' အာရီသာက ဝမ်းသာသံဖြင့် မေးသည်။ 'ဆရာ့ကို အနှောင့်အယှက် ပေးသလို မဖြစ်လောက်ဘူး ထင်ပါတယ်နော်၊ ဆရာ ဒီည ကစားဖြစ်မလားလို့ သိချင်လို့ပါ'

'ကစား ဖြစ်ပါတယ်၊ အခု ဒေါက်တာ ထွက်လာရင်တောင် ကျွန်တော့်ကို ကစားကွင်း သွားနေတဲ့ နေရာမှာ မီမယ်'

'ဝမ်းသာစရာကြီး၊ ကျွန်မ ဒီညနေ ကစားလို့ ရမလား ဟင်'

ဂျက်က ကစားကွင်းဆီသို့ တစ်ချက် လှမ်းကြည့်လိုက်ပြီး 'ဒီညတော့ လူ နည်းနည်း များတယ်၊ ဒါကြောင့် ကစားမယ် ဆိုရင် နည်းနည်း စောင့်ရမယ် ထင်တယ်၊ ဒေါက်တာ သိတဲ့ အတိုင်း လမ်းပွဲတွေ ထုံးစံကို'

'သိပါတယ် ဆရာ၊ ကျွန်မ စိတ်ရှည်ပါတယ်'

'ဒါဆိုရင်လည်း လာလိုက်ပါ၊ ကျွန်တော် တခြား လူတွေနှင့်လည်း လိုက်မိတ်ဆက်ပေးမယ်၊ ဒေါက်တာ တက္ကသိုလ်မှာ ကစားခဲ့တာလို့ သူတို့ သိရင် တစ်ချိန်ချိန် ဒေါက်တာ့ကို သူတို့ ထည့်ကစားမှာပါ'

'ကျေးဇူးပဲ ဆရာ၊ ကျွန်မ ဆယ်မိနစ် အတွင်း ရောက်လာမယ်၊ အဝတ်အစားက လဲပြီးနေပြီ'

ဂျက်က 'ဗိုင်းရပ်စ် စမ်းသပ်ချက်တွေ သိရပြီလား' တစ်ဖက်က ဖုန်းချမသွားသေးသည်ကို သိသဖြင့် ဂျက်က မေးလိုက်သည်။ ထိုအဖြေတွေကို သူမ ပြောမသွားသည့် အတွက် ဂျက် အံ့သြမိသည်။

'စိတ်ဝင်စားဖို့ ကောင်းတယ်လို့ပဲ သိထားလိုက်ပါ ဆရာ၊ ကျွန်မ တွေ့မှ ရှင်းပြမယ်' ပြောပြီး သူမ ဖုန်းချသွားသည်။

ဂျက် လမ်းကို ဖြတ်ကူးစဉ် အာရီသာ ပြောသွားသော စိတ်ဝင်စားဖို့ ကောင်းတယ်လို့ပဲ ဆိုသည်မှာ မိမိ လိုချင်သော အဖြေနှင့် မနီးစပ်ဟု တွေးလာမိသည်။ မိမိ အထင်တော့ စမ်းသပ်သည်မှာ လေးနာရီပင် ကြာခဲ့သော်လည်း စမ်းသပ် မပြီးသေး၍ ဖြစ်မည်။ ထိုသည်ကပင် ထူးခြားနေသည်။ မိမိ အထင်လည်း ဖြစ်ချင် ဖြစ်မည်။ ထိုအလုပ်တွေကို မိမိ မကျွမ်းခဲ့။ တကယ်တော့ နားလည်ခဲ့ရဖို့ ကောင်းသည်။ မော်လီကျူးလာ ဘိုင်အော်လော်ဂျီ ပညာက အရှိန်မြင့် တိုးတက်လာခဲ့သည် ဖြစ်ရာ ဓာတ်ခွဲ စမ်းသပ်မှု နည်းပညာတွေကလည်း အစဉ် တိုးတက် ပြောင်းလဲလျက် ရှိသည်။



mgyoe.com

mgyoe.com SAMPLE BOOK

ကစားကွင်းကို ဂျက် ရောက်သွားတော့ လူတွေ ပြည့်နေပေပြီ။ ကံကောင်းချင်တော့ ဝါရန် ဗီလ်ဆင်မှာ စောစောက သူ့အသင်း ရှုံးသဖြင့် ထွက်ထားရပြီး နောက်တစ်ပွဲ စောင့်နေရသည်။ ဂျက် လာမည် သိသဖြင့်လည်း တစ်နေရာ ချန်ထားသည်။ ဂျက်က မိမိ ပါဝင် ကစားရသဖြင့် ပျော်သည်။ အထူးသဖြင့် ဖလက်ရှ်တို့၊ ဒေးဗစ်တို့၊ စပစ်တို့လို လူကောင်းတွေလည်း ပါသဖြင့် ပိုအားရသည်။

လက်ရှိ ပွဲကစားနေသည်ကို စောင့်နေစဉ် ဝါရန်က ဂျက်အား အိမ်တွင်း စစ်မျက်နှာ အခြေအနေကို မေးသည်။ ကျန်ခဲ့သည့် နှစ်ရက်ခန့်က အကယ်၍ အခြေအနေ မကောင်းလျှင် ဝါရန်၏ ကွပ်ပျစ်တွင် လာအိပ်ပါရစေဟု ဂျက်က ပြောခဲ့သောကြောင့် ဖြစ်သည်။ ထို့ကြောင့် 'ဒီလိုပါပဲ' ဟုသာ ပြန်ဖြေခဲ့သည်။ အသေးစိတ်တော့ မပြောချင်ခဲ့။

ဂျက် ဝင်မကစားမီ အာရီသာ ဂျက်ဖာဆင် ရောက်လာသဖြင့် သူမအား လိုက်မိတ်ဆက်ပေးခဲ့သည်။ အထူးသဖြင့် ဝါရန်နှင့် ဖလက်ရှ်တို့ကို ဦးစားပေး မိတ်ဆက်ပေးခဲ့သည်။ သူတို့ နှစ်ယောက်က ဤကစားကွင်းတွင် အရေးပါသူ တွေလေ။

အာရီသာ၏ အားကစား ဝတ်စုံနှင့် ပြောပုံဆိုပုံ ကြည့်ရသည်မှာ ကစားရာတွင်လည်း တော်မည့်ပုံ။ သူမက အားလုံးနှင့် အဖွဲ့ ကျသွားသည်။ ထိုအထဲတွင် ပုံမှန် လာကစားနေကျ အမျိုးသမီး သုံးယောက်လည်း ပါသည်။ ယောကျ်ားတွေနှင့်ကျတော့ သူမက မိန်းမတွေထဲက ဝါရန် ဗီလ်ဆင် ဖြစ်သည်။ သူမ၏ ခန္ဓာကိုယ် အချိုးအစားက တော်ရုံ ယောကျ်ားတွေပင် ရှုံ့လောက်သည်။ သူမ ဝင်ကစားနိုင်မည်ဟု ဂျက် ယုံကြည်သည်။

သူမ လူတိုင်းနှင့် ရင်းနှီးသွားပြီ ဆိုတော့ နောင် ဝင်ကစားနိုင်ရန်မှာ သူမ၏ လက်ရည်ပေါ်တွင်သာ တည်တော့သည်။

လက်ရှိ ကစားနေသည့် ပွဲပြီးခါနီးသဖြင့် ဂျက် ကွင်းထဲ ဆင်းမည် အပြုတွင် အာရီသာက သူ့လက်ကို ဆွဲကာ 'ကျွန်မ ဒီညနေ ဆရာ့ဆီ ပြောထားတဲ့ အတိုင်း ဖုန်း မဆက်ပါလားလို့ ဆရာ တွေးနေမှာပေါ့၊ ကျွန်မ အချက်အလက် တွေ ထပ်သိချင်လို့ စောင့်နေတာပါ၊ ဆရာ့ နမူနာတွေ ဆရာ ထားသွား ကတည်းက ကျွန်မ အမြန်နည်းနှင့် ချက်ချင်း စစ်တယ်၊ အားလုံးမှာ ဗိုင်းရပ်စ် မတွေ့ဘူး၊ ပုံမှန် ရှိနိုင်တဲ့ ပိုးမွှားတွေပါ မတွေ့ဘူး၊ ဆားစ်တို့ မားစ်တို့ ကြက် ငှက် တုပ်ကွေးတို့ရဲ့ ဗိုင်းရပ်စ်တွေလေ'



mgyoe.com

mgyoe.com SAMPLE BOOK

'ယိုစရာ မရှိပါလား' ဂျက်က ပြောရင်း ခပ်ပြင်းပြင်း ထွက်သက်ကို မှုတ်ထုတ်လိုက်သည်။

မြေအောက် ရထားတွင်း သေဆုံးမှုမှာ မိမိ အထင် နောက်တစ်ကြိမ် ထပ်လွဲကာ အံ့သြစရာ ဖြစ်ရပြန်ပြီ။

'အဲဒါ တုပ်ကွေး မဟုတ်ဘူး ဆိုတာ သေချာလား'

'ဆရာ အဲဒီလို ထင်နေတယ် ဆိုတာ ကျွန်မ သိတယ်၊ ဒါကြောင့် ပထမတစ်ခါ အဖြေ ထွက်ကတည်းက ကျွန်မ ဖုန်း မဆက်သေးဘဲ ထပ်ပြီး ခပ်ကြာကြာ စမ်းသပ်သေးတယ်၊ ဒါပေမဲ့ အဖြေက ဒီအတိုင်းပဲ ထွက်တယ်၊ တိတိကျကျ ပြောရရင် အဲဒါဟာ တုပ်ကွေး ဖြစ်ဟန် မတူဘူး'

'ဟုတ်ပြီ၊ တုပ်ကွေး မဟုတ်ဘူးပဲ ထားတော့၊ ဗိုင်းရပ်စ်လည်း မတွေ့ဘူးပဲ ဆိုပါတော့၊ ဒါဟာ ဗိုင်းရပ်စ်ကြောင့် ဖြစ်တယ်လို့ မယူဆနိုင်ဘူးလား'

စဉ်းစားကြည့်လေ ဂျက် လက်မခံနိုင်လေ ဖြစ်မိသည်။ နှလုံး အစားထိုးမှုမျိုးလို အရေးကြီးသည့် အစားထိုးမှုများတွင် ထိုသို့မျိုး မရှိနိုင်။ ခန္ဓာကိုယ် ခုခံ စွမ်းအား ဆဲလ်များ အပြည့်အစုံ မတွေ့ရ။ သူတို့ ရှိမှ ရောင်ရမ်းမှုမျိုး ဖြစ်နိုင်သည်။

'အမျိုးအမည် မသိသေးတဲ့ ဗိုင်းရပ်စ်မျိုးကြောင့် ဖြစ်တာတော့ ဖြစ်နိုင်ပါတယ်၊ ကျွန်မ ပြောချင်တာက ဒါဟာ တုပ်ကွေး လုံးဝ မဟုတ်ဘူးလို့ မပြောနိုင်သလို တုပ်ကွေး ဟုတ်ပါတယ်လို့လည်း အတိအကျ မပြောနိုင်ဘူး၊ အဲဒီ အမြန် စမ်းသပ်နည်းက သိပ်တိကျတယ်၊ ဒါကို ကျွန်မ နောက်ထပ် နှစ်ဆယ့်လေး နာရီကနေ လေးဆယ့်ရှစ် နာရီ အထိ စောင့်ကြည့်ဦးမယ်၊ အဲဒီမှာ ဗိုင်းရပ်စ် ရှိပြီ ဆိုရင်တော့ ဆိုက်တိုတောက်ဆစ် ဖြစ်တာပဲ၊ ဆဲလ်တွေ သေတာပဲ၊ ထူးခြားတာ တွေ့တာနှင့် ကျွန်မ ဆရာ့ကို ပြောပါ့မယ်'

'ဗိုင်းရပ်စ်တွေကို တွေ့တာနှင့် ဘယ်ဗိုင်းရပ်စ်လဲ ဆိုတာ ဘယ်လို ပြောနိုင်မလဲ'

'ကျွန်မတို့မှာ နည်း ရှိပါတယ်၊ အဲဒီ အဆင့် ရောက်ရင် ဆရာ့ကို ကျွန်မ ပြောပြပါ့မယ်'

'ကျေးဇူးပဲ အာရီသာ၊ အခုလို ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်'

'ရပါတယ် ဒေါက်တာရယ်၊ ဒီမှာ လိုက်မိတ်ဆက်ပေးတဲ့ အတွက်လည်း ဆရာ့ကို ကျေးဇူးတင်ပါတယ်၊ ဒီမှာ ကစားလို့ ကောင်းမှာပါ၊ ကဲ ဆရာ့ လက်

mgyoe.com

mgyoe.com SAMPLE BOOK

ရည် ကြည့်ရအောင်၊ ဒီမှာ ပြောနေကြတာတော့ ဆရာက လူဖြူတွေထဲမှာ လက်ရည် ကောင်းတယ်တဲ့၊ လာမယ့်ပွဲ ဆရာတို့ နိုင်ပါစေ'

သူမက ပြောပြီး ရယ်လျက် ဂျက်နှင့် လက်သီးချင်းထိ နှုတ်ဆက်လိုက်သည်။ ထို့နောက် ဂျက်လည်း ကွင်းထဲသို့ ဆင်းသွားတော့၏။



mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ၈

အင်္ဂါနေ့၊ နံနက် ၄း၄၅ နာရီ၊

ဂျက် မျက်လုံးများ ဖျတ်ခနဲ ပွင့်လာသည်။ အခန်းတွင်းနှင့် ပြတင်းပေါက် အပြင်ဘက်တွင် မှောင်နေဆဲ။ ဆက်အိပ်၍ ရတော့မည် မဟုတ်မှန်းလည်း သိလိုက်သည်။ သူ့စိတ်ထဲတွင် အမ္ဘာ အရေးရော၊ ယောက္ခမကြီး ကိစ္စရော၊ မြေအောက် ရထားတွင်း သေဆုံးမှုရော ရောထွေးနေသည်။ ထို့ကြောင့် လော်ရီ မနိုးစေရန် ခုတင်မှ အသာ ထကာ ရေချိုးခန်းသို့ ခြေဖျား ထောက်ကာ လာခဲ့သည်။

လော်ရီမှာ ဂျက်ကဲ့သို့ စောစော မထတတ်သူ ဖြစ်သဖြင့် ဂျက် ရေချိုးခန်းမှ အဝတ်လဲခန်းသို့ တိုက်ရိုက် သွားလို့ရအောင် အခန်းကို စီစဉ်ထားသည်။

မှတ်ဆိတ် ပါးမြိုင်းမွေးများ ရိတ်၊ ရေချိုး၊ အဝတ်အစား လဲလိုက်သည်မှာ သိပ်မကြာလိုက်။ သူ အောက်ထပ် မီးဖိုခန်းနှင့် မိသားစု အခန်းသို့ ဆင်းလာချိန်တွင် နံနက် ငါးနာရီ ထိုးပြီးစသာ ရှိသေးသည်။ သည်ကို ရောက်မှတော့ လော်ရီ အတွက် အနှောင့်အယှက် ဖြစ်မည်ကို စိုးရိမ်ရန် မလိုတော့။ ကလေးတွေနှင့် ကေတလင်းတို့ နိုးနေမည်ကိုလည်း မပူ။ ဒေါ်ရသီ နိုးနေမည်ကိုသာ သူ ကြောက်သည်။ အဘွားကြီးက အအိပ်အနေ နည်းသည်။ ညဘက် မှောင်မှောင်ထဲတွင် လမ်းထလျှောက်ချင် လျှောက်နေတတ်သူ။ အဘွားကြီးကို မတွေ့တော့မှ သူ စိတ်သက်သာရာ ရသွားတော့သည်။ အဘွားကြီးနှင့် မနက်စောစော နှစ်ခါလောက် ဆုံခဲ့ဖူးသည်။ သူ နံနက်စာ ကော်ဖီ ဖျော်နေစဉ် ဖြစ်သည်။ သည်တစ်ခါလည်း ဆုံမည် စိုး၍ ကော်ဖီပင် မသောက်တော့ရန် ဆုံးဖြတ်ကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ဧည့်သည်များ အခန်းနှင့် နီးလာလေ သူ ခြေဖော့ လျှောက်လေ ဖြစ်သည်။ အပြင် ရောက်တော့ အိမ်တံခါးကို အသင်



mgyoe.com

mgyoe.com
SAMPLE BOOK

သာဆုံး ပြန်ပိတ်ရာ နောက်ဆုံး ချောက်ခနဲ အသံ ထွက်သွားသည်ပင် သူ မျက်လုံးများ မှိတ်သွားမိသည်။ ပြီးတော့ ကျွန်လေ့ကားထစ်များကို ဆင်းကာ ထွက်လာရာတွင်ပင် နောက်မှ လှမ်းခေါ်လိုက်လေမလားဟု ကြောက်နေသေး၏။

စက်ဘီးကို ယူကာ စီးထွက်လာတော့မှ ဒေါ်ရသီ ဆက်ရှိနေခြင်းကို စိတ်တိုလာမိတော့သည်။ ထိုကိစ္စကို လော်ရီကလည်း ရှင်းမည် မဟုတ်။

စက်ဘီးဖြင့် ပန်းခြံ ရှေ့သို့ ရောက်လာတော့ လေက တဟူးဟူးနှင့်။ ဂျက်လည်း စိတ်လန်းသွားသည်။ အိမ်ပြဿနာကို အိမ်တွင်သာ ထားခဲ့ရမည် ဟုလည်း သူ သဘောရသည်။ ယင်းတို့မှာ မိမိ တတ်သည့် ခွဲစိတ် ပညာဖြင့် ခွဲစိတ် ကုသ၍လည်း ရသည် မဟုတ်။ ထို့ကြောင့် မြေအောက် ရထားပေါ်က သေဆုံးမှုကိုသာ အာရုံ စိုက်နေမိတော့သည်။

စက်ဘီးကို ခပ်သွက်သွက် နင်းနေသည့်ကြားက မိမိ ပြုံးနေမိမှန်း ဂျက် သတိပြုမိသည်။

အခြား စက်ဘီး စီးသူများမှာ စက်ဘီးတွေက ဂီယာတွေနှင့်။ သူတို့ ကိုယ်ပေါ်တွင်လည်း တကယ့် ဘိုက်ကာ ဝတ်စုံတွေက ရောင်စုံနှင့်။

သည်နေ့တော့ အလုပ်တွင် စာရွက်စာတမ်းနေ့ လုပ်ရန် သူ စိတ်ကူး ထားသည်။ သည်နေ့ ရင်ခွဲမည် မဟုတ်။ မြေအောက် ရထား သေဆုံးမှုကို အာရုံ စိုက်လိုက်မည်။ ထိုကိစ္စ သူ ဆက်လုပ်လေ သူ့အတွက် ပိုအံ့ဩစရာ ကြုံတွေ့ရလေ ဖြစ်မည်ကိုမူ သူ မရိပ်စားမိ။

နံနက်စောစောမို့ အနည်းငယ် ဆာသဖြင့် ၃၈ လမ်းနှင့် ၃၉ လမ်းကြား ရှိ ဘေဂဲလ် (ပေါင်မုန့် လက်ကောက်) ဆိုင်ကို ဝင်ကာ ဘေဂဲလ်ကို ဒိန်မလိုင်သုတ်၊ အပေါ်မှ ဆယ်လ်မွန်ငါး ကြက်သွန် ပုံထားသည်ကို ဝယ်စားလိုက်သည်။ ဆေးဘက်ဆိုင်ရာ သေမှုစစ် ဆရာဝန်ရုံး အဆောက်အအုံ နှစ်ခု တည်ရှိရာသို့ ရောက်ချိန်တွင် နံနက် ခြောက်နာရီ ထိုးပြီးစသာ ရှိသေးသည်။

ဗင်နီရော လက်ရှိ တာဝန်မှူးကျသူ ဂျနီဗာ ဟာနန်ဒက်တို့လည်း ၅၂၀ တွင် ရှိမည် မဟုတ်သဖြင့် ကော်ဖီပူပူလည်း သောက်ရမည် မဟုတ်မှန်း သိနေရာ ၄၂၁ ဘက်သို့ ဆက်လာခဲ့သည်။ ရထားပေါ် သေဆုံးမှုနှင့် ပတ်သက်ပြီး ဆေးဘက်ဆိုင်ရာ မှုခင်း စုံထောက် ဌာန (အမ်အယ်လ်အိုင်) ကလည်း ဘာမျှ မသိရသေး။ သိသိချင်း ပြောပါမည်ဟု ဘတ် ပြောထားခဲ့သော်လည်း နှုတ်ကတိ။ မရေရာသည်ကို သူ မအံ့ဩမိ။

mgyoe.com

mgyoe.com SAMPLE BOOK

အဆောက်အအုံ တစ်ခုလုံး လူသူ ကင်းရှင်းနေသည်။ ဂျက် လူမရှိသော ဓာတ်လှေကားဆီသို့ သွားလိုက်သည်။ အပေါက်ဝ စားပွဲတွင် လုံခြုံရေး တစ်ယောက်သာ တွေ့ရ၏။ ဂျက် ဝင်သွားသည့် အခါ လုံခြုံရေးက အံ့သြသလို ကြည့်နေသည်။ အမြဲတမ်း လူစည်နေလေ့ ရှိသော အထပ် တစ်ထပ်လုံး လူသူ ကင်းလျက် ရှိ၏။ ဂျန်းနစ် ဂျေါဂါကို အတော် ရှာယူရသည်။ ညဘက် တာဝန်ကျ ဆေးဘက် ဆိုင်ရာ မှူခင်း စုံထောက် ဖြစ်သည်။ ကင်တင်းတွင် ညတာဝန်ကျ ဆက်သွယ်ရေး တာဝန်ခံနှင့် အတူ တွေ့ရခြင်း ဖြစ်သည်။

ဂျန်းနစ်က ဂျက်ကို တွေ့သဖြင့် တအံ့တသြ လှမ်းခေါ်သည်။

'ဒေါက်တာ၊ မနက် အစောကြီး ဘာလာလုပ်တာလဲ'

'အိပ်မရလို့ဗျာ' ဂျက်က ခပ်လွယ်လွယ် ပြောလိုက်သည်။ လုပ်ငန်းသဘော အရ ဂျက်မှာ ဂျန်းနစ်နှင့် အကျွမ်းတဝင် ရှိသည်။ သူမမှာ ကျွမ်းကျင်သော ဆေးဘက် ဆိုင်ရာ မှူခင်း စုံထောက် ဖြစ်သည်။ သူမနှင့် အတူ အမှုပေါင်း များစွာ တွဲကိုင်လာခဲ့ဖူးသည်။ အားကိုး စိတ်ချရသူလည်း ဖြစ်သည်။ ဆက်သွယ်ရေး အခန်းမှ အမျိုးသမီးက ဂျက် ထိုင်လိုက်တော့ ထပြီး ဆက်သွယ်ရေး အခန်းသို့ ပြန်သွားသည်။

'ညက အလုပ် များသလား' ဂျက်က မေးလိုက်သည်။

'မများပါဘူး၊ နည်းတောင် နည်းသေးတယ်' ဂျန်းနစ်က ဆက်၍ 'ဘာကိစ္စလဲ'

'မနေ့က ကျွန်တော် ကိုင်တဲ့ ကေ့စ် အကြောင်း ပြောချင်လို့' ဂျက်က ရှင်းပြသည်။

'မြေအောက် ရထား ကေ့စ် မဟုတ်လား' ဂျန်းနစ်က မသွယ်မဝိုက် မေးသည်။

'သိပ်ဟုတ်ပေ့ါဗျာ၊ အဲဒီ အမျိုးသမီး ဘယ်သူ ဆိုတာ သိသိချင်း ကျွန်တော့်ကို အကြောင်းကြားမယ် ဆိုလို့'

'ကျွန်မ ကြားပြီးပါပြီ၊ ညနေ ကျွန်မ ဂျူတီ ဝင်တော့ ကျွန်မကို ပြောကြပါတယ်'

'မသိရသေးဘူးလို့တော့ မပြောနှင့်ဗျာ'

'မပြောရလောက်ပါဘူး'

'တော်ပါသေးရဲ့၊ ဘတ်က ကျွန်တော့်ဆီကို ဖုန်းဆက်မယ်လို့ အသေအချာ ပြောထားတာ၊ ဝတ်ကောင်းစားလှနှင့် ခပ်ငယ်ငယ် အမျိုးသမီးလေ၊ သူ

mgyoe.com

mgyoe.com SAMPLE BOOK

ဝတ်ထားတဲ့ ကုတ်အင်္ကျီကတောင် ဘားဒေါ့ဖ် အမျိုးအစား၊ အတော် ဈေးကြီး မယ်'

ဂျန်းနစ်က တဟားဟား ရယ်လျက် ပခုံး တွန့်လိုက်ပြီး 'ဘယ်လို ပြော ရမလဲ၊ အဲဒီ မိန်းမက ဒီမြို့က မဟုတ်ဘူး၊ ဒီကို သူ တစ်ယောက်တည်းလာ တာ'

'အဲဒါတော့ ကျွန်တော်လည်း တွက်မိပါတယ်' ဂျက်က ထို့ထက် ထူး သည်ကို ပြောမည်ဟု တွက်ထားသည်။ သည်မြို့မှ မဟုတ်သူ အာရုံ ရထား ကို ဘရုတ်ကလင်းကနေ ဘယ်နှယောက် စီးမည်နည်း။ ထိုသည်ကတော့ ခန့် မှန်းရန် မလွယ်။

'ကျွန်မ ဒါ့ထက် ပိုမပြောနိုင်တာ စိတ်မကောင်းပါဘူး၊ ဖုန်း ဝင်လာ တယ် ဆိုတာနှင့် ကျွန်မ ဆရာ့ဆီကို ဖြစ်တဲ့ နည်းနှင့် အသိပေးဖို့ပါပဲ၊ ဒါပေမဲ့ ဝင်မလာဘူး'

ဂျက်က အားမလို အားမရ ဖြစ်ကာ ဆံပင်ထဲသို့ လက်ကို ထိုးသပ် လိုက်သည်။ မိမိ၏ ကိုယ်ရေးကိုယ်တာ ပြဿနာတွေကို ရှောင်လွှဲရန် အတွက် ယခု ကေ့စ်ကို ဘာမျှ မထူးခြားဘဲ မိမိ မည်မျှကြာကြာ အသုံးချနိုင်ပါမည် နည်း။

'အဲဒီ မိန်းမက ဘာဖြစ်လို့ သေတာလဲ'

'ပြင်းထန်တဲ့ အဆုတ် ဝေဒနာ တစ်မျိုးကြောင့်ပါ၊ ကျွန်တော် ပထမ ထင်လိုက်တာက ၁၉၁၈ ခုနှစ်က ဖြစ်တဲ့ ကမ္ဘာ့ ကူးစက် ရောဂါ (ပင်ဒင်းမစ်) လိုမျိုး တုပ်ကွေး ရောဂါ အသစ်လို့ ထင်ခဲ့တယ်၊ တုပ်ကွေးနှင့်လည်း တူနေ တယ်၊ နောက်တော့ မဟုတ်ဘူး ဖြစ်နေတယ်၊ အသားစ နမူနာ အားလုံးကို စမ်းသပ်ကြည့်တော့ နက်ဂတစ် ပြနေတယ်'

'ဒီနေ့တော့ ဖုန်း တစ်ချက်တော့ ဝင်လာနိုင်တယ်' ဂျန်းနစ်က သူ အား ရှိအောင် ပြောသည်။

'ဘတ် ဒီကို ဘယ်အချိန် ရောက်တတ်လဲ'

'စောစော ရောက်တတ်တယ်၊ သူ ပထမဆုံး ရောက်တတ်တာပဲ၊ ခုနစ် နာရီ မတ်တင်းနှင့် ခုနစ်နာရီ ကြားဆို သူရောက်ပြီ၊ သူ့ကို ဆရာ့ဆီ ဖုန်း ဆက်ခိုင်းလိုက်ရမလား'

'အလောင်းက ဘယ်သူ ဆိုတာ မသိရသေးရင်တော့ ဆက်ဖို့ မလိုပါဘူး၊ ရဲကြပ်ကြီး မာဖီရယ်၊ ဟန့် မွန်ရိုးတို့နှင့် တွေ့ဖို့ ကျွန်တော် တစ်ခါလောက်



mgyoe.com

mgyoe.com SAMPLE BOOK

ပြန်လာခဲ့ဦးမယ်၊ ရေခဲတိုက်ထဲမှာ ရှိတဲ့ ဒီအလောင်းဟာ အိမ်ခြေ ရာခြေမဲ့ တော့ မဟုတ်လောက်ဘူး၊ ဒါကို ခြေရာခံဖို့ ဒီလူတွေ လုပ်ရမှာ၊ အဲဒီ အချိန် ကျမှ ကျွန်တော် ဘတ်နှင့် တွေ့မယ်'

၄၂၁ မှ ၅၂၀ သို့ ဂျက် စက်ဘီး စီးကာ ပြန်လာခဲ့သည်။ သူ စက်ဘီးကို သိမ်းထားလိုက်သည့် အချိန်တွင် ခုနစ်နာရီ ထိုးလေပြီ။ ဤတွင် မနက် ယာဉ် ကြောကို ရှောင်ရန် စောစော ရောက်တတ်သူ တစ်ဦး သူ သိနေသဖြင့် ခြောက် ထပ်သို့ တန်းတက်လာခဲ့သည်။ ထိုသူကား အဆိပ်အတောက်ဗေဒ ပညာရှင် ဂျွန် ဒဲဗရီး ဖြစ်သည်။

အဆိပ်အတောက်ဗေဒ ဌာန အကြီးအကဲ ဖြစ်သူ ဒဲဗရီးကို အမှုကြီး တစ်ခု ကိစ္စဖြင့် ဂျက် စတင် ဆက်ဆံခဲ့ဖူးသည်။ ထိုဌာန အတွက် ရသည့် နေရာက ကျဉ်းလှသည်။ ဒါရိုက်တာ ထိုင်သည့် ရုံးခန်းသည်ပင် အဝတ် ဗီရိုသာသာ ရှိသည်။ သို့သော် ထိုဌာနက စုဆောင်း ထားရှိသော အချက်အလက်များမှာ ဂျက်၏ ကေ့စ် အမြောက်အမြားတွင် အသုံးကျခဲ့သည်။ ဌာနမှာလည်း ဘတ် ဂျက်က နည်းနေ၏။

ယမန်နေ့က ဒဲဗရီး၏ ဓာတ်ခွဲခန်းသို့ ရထားပေါ်က လူနာ အလောင်းမှ သွေးရည်ကြည် နမူနာ လာပို့ပေးခဲ့သည်။ ခန္ဓာကိုယ် အစားထိုးရာတွင် ပြန် ကန်သည့် ခုခံ စွမ်းအားကို တားဆီးသည့် ဆေး (အင်မျူနိုဆာပရက်ဆင့်) ရှိ မရှိ စစ်ဆေးပေးရန် ဖြစ်၏။ ညဘက်တွင် သူ စစ်ထားလိုက်မည်၊ မနက်တွင် လာယူရန် သူ ပြောထားသည်။

'အိုး ဟိုး၊ ကျုပ်တို့ကတော့ စောစော နိုးတဲ့ ငှက်တွေပေါ့နော်' ဂျက် ဝင်သွားတော့ ဂျွန်က မျက်ခုံးများ ပင့်ကာ ဟာသ နှောသည်။ 'ဆရာ့ကို ဒီ လောက် စောစော လာတာ တစ်ခါမှ မတွေ့ဖူးဘူး ထင်တယ်'

'အကြောင်း ရှိလို့ပေါ့ဗျာ၊ ကျွန်တော်လည်း တစ်ခါမှ မလာဖူးပါဘူး'

ဂျွန်က ခစ်ခနဲ ရယ်လျက် 'ဆရာ မနေ့က လာပို့တဲ့ နမူနာတွေ စစ် ဆေးတဲ့ အဖြေ လာယူတာလား'

'ဟုတ်ပါတယ်'

'အင်း အဲဒါက နဂ္ဂတစ် (မတွေ့ဘူး) ဗျ၊ ကျွန်တော် စောစောလေးကမှ ကြည့်လိုက်တာ'



mgyoe.com

mgyoe.com SAMPLE BOOK

ဂျက် ပါးစပ် အဟောင်းသား ဖြစ်သွားရသည်။

'မနောက်ပါနှင့်ဗျာ၊ ခင်ဗျား နောက်နေတာ မဟုတ်လား'

'ကျွန်တော်က ဒီလို ကိစ္စမျိုးကို နောက်စရာလား ဆရာရဲ့'

'စစ်ကြည့်တာ ဘယ်လောက် သေချာလဲ'

'အရမ်းကို တိကျတယ်၊ ဒါကြောင့် ဆရာ အံ့ဩသွားရတာလား၊ လူနာက ခုခံအား ပြန်ကန်မှု ငြိမ်ဆေး သောက်ထားလို့လား'

'လူနာ အမျိုးသမီးက ကျန်ခဲ့တဲ့ လအနည်းငယ်ကမှ နှလုံး အစား ထိုးထားတာ' ဂျွန် နောက်သည် အထင်နှင့် စိတ်တိုတိုနှင့် ပြောလိုက်သည်။ 'နှလုံးအစားထိုးတဲ့ လူနာတိုင်း ပြန်ကန် ငြိမ်ဆေး သောက်ကြရတာပဲ'

'ဒီတစ်ယောက်ကတော့ သောက်မထားဘူး၊ ဆော်ရီးနော်'

'ဒါ ခင်ဗျား အပြစ် မဟုတ်ပါဘူး၊ ကျွန်တော် စိတ်လောပြီး ပြောမိတာရှိရင် ခွင့်လွှတ်ပါ၊ ကျွန်တော် ဒီကေ့စ်ကို ကိုင်ရတာ အတော် စိတ်လေတယ်၊ ဒီကေ့စ်က ကျွန်တော့်ကို လှောင်ပြောင်နေသလိုပဲ'

'မှန်သားပြင်ပေါ်မှာ တစ်ခု တက်လာတော့ ရှိတယ်၊ ဆရာ စိတ်ဝင်စားမလားတော့ မသိဘူး' ဂျွန်က ဆိုသည်။

'ဘာများလဲ'

'ဆေးခြောက်၊ စိတ် အပန်းပြေအောင် သောက်တဲ့ ဆေးခြောက်၊ အဲဒါက ငွေ့ငွေ့လေးပဲ ပေါ်လာတာ၊ ဆရာ လိုချင်ရင်တော့ ဓာတ်ငွေ့ ခွဲခြား စစ်ဆေးစက်ကို သုံးပြီး စစ်ပေးပါ့မယ်'

'အဲဒီလောက် အထိတော့ မလိုပါဘူး၊ ဆေးခြောက် နည်းနည်းလေးကြောင့်တော့ ဒီမိန်းမ ရထားပေါ်မှာ မသေလောက်ဘူး'

'ဟုတ်ပါတယ်၊ ဒါပေမဲ့ စစ်ပေးစေချင်ရင် ပြောပါ'

ရထားပေါ်တွင် သေသူ အပ္ပုက ဂျက် အံ့ဩစရာ နောက်တစ်ခုဖြင့် တိုးပြန်လေပြီ။ ထို့နောက် ဂျက် ဓာတ်ခွဲခန်းမှ ထွက်ကာ ဓာတ်လှေကားဖြင့် ပထမထပ်သို့ ဆင်းလာခဲ့သည်။ ဗင်နီနှင့် ဂျနီဖာတို့တော့ ရောက်လောက်ပေပြီ။ သူ ထွက်သည့် အတိုင်း ရောက်နေကြပေပြီ။ သို့သော် မူးယစ်ဆေးလွန်အလောင်း နှစ်လောင်း ရောက်နေသဖြင့် သူ စိတ်ကူးထားသည့် စာရွက် စာတမ်းနေ့ လုပ်မည် ဆိုသည်မှာ မဖြစ်နိုင်တော့ချေ။

ရထားပေါ်မှ အလောင်းမှာလည်း မည်သူမည်ဝါမှန်း မသိသေးသရွေ့ ဘာမျှ ဆက်လုပ်၍ ရမည် မဟုတ်သေး။



mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ၉

အင်္ဂါနေ့ နံနက်၊ ၉း၁၀ နာရီ၊

ဗင်နီ၏ အကူအညီဖြင့် မူးယစ်ဆေးလွန် အလောင်း နှစ်လောင်းကို ဂျက် တစ်နာရီခွဲ သာသာလောက်နှင့် ရင်ခွဲ စစ်ဆေးရသည်။ ကာလော့စ်ကတော့ အားမကိုးရ။ သို့သော် အနှောင့်အယှက် မဖြစ်၍ တော်သေးသည်။ သည်လူသစ်ကို ဆက်သုံး၍ ရမည် မရမည်ကတော့ မပြောနိုင်သေး။ သည်ကောင်က သုံးမရသည်သာမက နှုတ်ထွက် ကြမ်းသည်ကိုလည်း ဂျက် မကြိုက်။

ဒုတိယ အလောင်းမှာ ဦးခေါင်း ဝေဒနာ ဖြစ်သည်။ ဆေးဘက်ဆိုင်ရာ သေမှုစစ် ဆရာဝန် အတွေ့အကြုံ အရ ထိုလူနာမှာ ဖန်တန်နိုင်းနှင့် ဘိန်းဖြူ ရောနှော သုံးစွဲခဲ့သူဟု ဂျက် အတပ် ပြောနိုင်သည်။ ဖန်တန်နိုင်းမှာ တရုတ်ပြည်ဘက်မှ လာသည်။ ထိုလူငယ်များမှာ မူးယစ်ဆေးဝါးသာ မသုံးလျှင် အရွယ်ကောင်း အားကောင်းမောင်းသန်ကလေးတွေ ဖြစ်ချေမည်။

ဒုတိယ အလောင်းကို ခွဲပြီးနောက် ဂျက် ဖုန်းကို ထုတ်ကာ မက်ဆင်ဂျာကို ဖွင့်ကြည့်သည်။ ဘတ်ထံမှ စာတွေ အသံဖိုင်တွေ ဝင်နေမည်ဟုတော့ သိပ်မထင်။ ထို့နောက် အပြင်သွား အဝတ်အစားများ လဲလိုက်သည်။ နောက်ထပ် ရင်ခွဲ စစ်ဆေးမှုလည်း မလုပ်လိုတော့။ ယခုတော့ မြေအောက် ရထား အမှုကိုသာ အာရုံစိုက်တော့ရန် ဆုံးဖြတ်လိုက်သည်။ သူ နောက်ဆုံး သိလိုက်ရသည့် လူနာမှာ ပြန်ကန် ငြိမ်ဆေး သောက်ထားခြင်း မရှိ ဆိုသည်နှင့် ပတ်သက်၍ အရမ်း အံ့ဩမိသည်။ သို့ဆိုလျှင် ပြန်ကန်မှု ရှိရမည်။ သို့သော် နှလုံးတွင် ရောင်ရမ်းနေသည်မျိုးလည်း ကွန်ပျူတာတွင် မပေါ်။ သည်သို့ဖြင့် ဂျက်မှာ ကူးစက် ရောဂါ ဖြစ်နိုင်သည် ဟူသော အယူအဆ ပြန်ဝင်လာသည်။ ထိုအတွေးဖြင့် အာရီသာ ဂျက်ဖာဆင်အား ဖုန်းဆက်ရင်း မိမိ ရုံးခန်းသို့ တက်လာခဲ့သည်။



mgyoe.com

mgyoe.com SAMPLE BOOK

'ဒေါက်တာ စတေပဲလ်တန်ပါလား' အာရီသာက ဖုန်း ကိုင်ကိုင်ချင်း နှုတ်ဆက်သည်။

'တလေးတစား အသုံးအနှုန်းတွေ ထားလိုက်စမ်းပါ၊ ဂျက်လို့ ခေါ်ရင် ရပါပြီ၊ မနေ့ညကတည်းက ကျွန်တော်တို့ နာမည်ရင်းတွေ စခေါ်ကြရမှာ'

'ဟုတ်ပါပြီ၊ ဆရာ့ မိတ်ဆွေတွေနှင့် မိတ်ဆက်ပေးတဲ့ အတွက်ရော ကျွန်မ ဝင်ကစားလို့ ရအောင် စီစဉ်ပေးတဲ့ အတွက်ရော ကျေးဇူးတင်ကြောင်း ထပ်ပြောပါရစေ၊ ကစားရတာ တကယ် ပျော်တယ်'

'ခင်ဗျားကို သူတို့ တော်တော် သဘောကျသွားကြတယ်၊ နောင်ဆိုရင် ကျွန်တော့် အကူအညီတောင် မလိုတော့ဘူး'

'ဘယ်ဟုတ်ရမှာလဲ ဆရာရယ်၊ ကျွန်မလည်း အတွေ့အကြုံ အရ ဘတ် စကက်ဘော လူမှု ဆက်ဆံရေးကို နားလည်ပါတယ်၊ ဒါထက် ဆရာ ဖုန်း ဆက်တာ ညက ကစားတဲ့ ပွဲအကြောင်း ပြောမလို့ မဟုတ်လောက်ပါဘူး၊ ဆရာ စစ်ခိုင်းထားတဲ့ အဖြေတွေ သိချင်လို့ မဟုတ်လား'

'ဖြစ်နိုင်ရင် သိချင်ပါတယ်'

'ကျွန်မ ပြောနိုင်တာကတော့ ကိုယ်ခံအား ဆဲလ်တွေမှာ အဆိပ်သင့်မှု ရှိတယ် ဆိုတာ ဆရာ ပေးတဲ့ တစ်ရှူး နမူနာတွေထဲမှာ တွေ့နေရတယ်၊ အဲဒါ က လူသား ကျောက်ကပ် ဆဲလ်တွေပဲ၊ ကျွန်မ တစ်ရှူး အမျိုးမျိုးကို စစ်ကြည့် တော့ ဗိုင်းရပ်စ် ဆိုတာ စဉ်းစားစရာ ဖြစ်လာတယ်၊ ဆရာ့ကို ကျွန်မ ဖုန်း မဆက်တာက သိပ်မသေချာသေးလို့၊ ဒါပေမဲ့ ကျွန်မ စိတ်ထဲမှာတော့ အဲဒီ အတိုင်း ထင်နေတယ်၊ ဒီနေ့လယ်လောက် ဆိုရင် ပိုသိရမယ်၊ ကိုယ်ခံအား ဆဲလ် အဆိပ်သင့်မှု ဖြစ်တယ်သာ မှန်ရင် ရုတ်ခြည်း တုံ့ပြန်မှုလို့ ပြောနိုင် မယ်၊ ဆိုလိုတာက ဗိုင်းရပ်စ် အနေနှင့် ရောဂါ ဖြစ်တာလား၊ ဒါမှမဟုတ် ဗိုင်းရပ်စ်က အဆင့်မြင့် ဓာတ်ပြုမှု ပြုလို့ ဖြစ်တာလား၊ နှစ်ခုစလုံးလည်း ဖြစ် နိုင်တယ်'

'ကျွန်တော့်ကို အိတ်သွန်ဖာမှောက် ရှင်းပြပေးပါလား' ဂျက် စိတ်လော ကာ ပြောမိသည်။

'ဗိုင်းရပ်စ်နှင့် အလုပ် လုပ်ရတာ ဦးနှောက်လည်း စားတယ်၊ ပျော်စရာ လည်း ကောင်းတယ်၊ ဒါကြောင့် ကျွန်မ ဒီဘာသာကို ယူခဲ့တာ၊ လူတွေက ဗိုင်းရပ်စ်ဟာ ကမ္ဘာဦးက ပေါ်တာလို့ ထင်ကြတယ်၊ မဟုတ်ဘူး၊ ရှေးနှစ် သန်းပေါင်း သန်းချီကတည်းက ပေါ်ခဲ့တာ'



mgyoe.com

mgyoe.com SAMPLE BOOK

'အာရီသာ ခုလို စိတ်ဝင်စားတယ် ဆိုတော့ ဝမ်းသာမိတယ်၊ ဒါပေမဲ့ လောလောဆယ်တော့ ဗိုင်းရပ်စ်ဟာ ကျွန်တော့် ရန်သူ ဖြစ်နေတယ်၊ ကျွန်တော် သိချင်တာက ဒီမိန်းမ ဗိုင်းရပ်စ်ကြောင့် သေတာလား၊ အဲဒါ မှန်ရင် ဘယ်လို ဗိုင်းရပ်စ်မျိုးလဲ၊ ဒီဗိုင်းရပ်စ်ဟာ နောက်ထပ် လူတွေကိုရော ဒုက္ခ ပေးဦးမှာ လား ဆိုတာပဲ'

'ကျွန်မလည်း ဆရာ ပြောတာကို လက်ခံတယ်၊ ကျွန်မ အဲဒီ တစ်ရှူးတွေ ကို ပုံမှန် စစ်ဆေးသွားမယ်၊ ထူးခြားမှု တစ်ခုခု တွေ့တာနှင့် ဆရာ့ဆီကို ဖုန်း ဆက်လိုက်မယ်၊ ဗိုင်းရပ်စ် ဆိုတာ မှန်ရင် နောက်တစ်ဆင့်က ဘာ ဗိုင်းရပ်စ် မျိုးလဲ ဆိုတာ သိအောင် လုပ်ရမယ်'

'အရမ်းကို ကျေးဇူးပါဗျာ'

'ဆရာ ဒီည ကစားဦးမလား'

'အဲဒါတော့ မပြောနိုင်သေးဘူး၊ အိမ်တွင်း စစ်မျက်နှာက ဘာဖြစ်ဦးမယ် မသိသေးဘူး'

'ဆရာ့သမီး နေကောင်းသွားမယ် ထင်ပါတယ်'

'အဲဒါကတော့ မပြောတတ်သေးဘူး' ပြောပြီး ဂျက် ဖုန်းချလိုက်သည်။

ဂျက် သူ့ရုံးခန်းသို့ ရောက်သွားသည်။ အလုပ် ကြွေးကျန်တွေကို ရှင်း မည်ဟုလည်း စိတ်ကူးထားသည်။ သို့သော် အာရီသာနှင့် စကား ပြောခဲ့ရသည့် အတွက် ပြန်အားတက်လာမိသည်။ ဗိုင်းရပ်စ်ကြောင့် ဆဲလ်၏ ဖွဲ့စည်း ပုံစံ ပြောင်း မပြောင်းကို တစ်ရှူးများ စစ်ဆေးမှု အရ နှစ်ဆယ့်လေးနာရီ မတိုင်မီ သိရမည်ဟု သိခဲ့ရသည်။ ထိုအတိုင်း မှန်လျှင် ဗိုင်းရပ်စ် ပါဝင်သည့် သဘော ဖြစ်သည်။ တုပ်ကွေးတော့ ဟုတ်ကောင်းမှ ဟုတ်မည်။ ဗိုင်းရပ်စ်ကြောင့် ဖြစ် သည်မှာ တုပ်ကွေး ရောဂါ တစ်မျိုးတည်း မဟုတ်။

ထို့ကြောင့် အနည်းငယ် အေးသဖြင့် မိမိ၏ သားရေ ဂျာကင်ကို ယူကာ မြေအောက်ထပ်သို့ ဆင်းကာ စက်ဘီးကို ယူပြီး ၂၆ လမ်းဘက်သို့ ထွက်ခဲ့ သည်။ ရောက်တော့ ငါးထပ်သို့ တန်းတက်ခဲ့သည်။

'ခင်ဗျားကို ကြည့်ရတာ တက်ကြွ လန်းဆန်းနေပါလား' ဂျက်ကို တွေ့ သည်နှင့် ဘတ်က ဆီးပြောသည်။

'ဟုတ်တယ်' ဂျက်က ပြောပြီး မြေအောက် ရထား၌ သေဆုံးမှုတွင် ဗိုင်းရပ်စ် ဖြစ်နိုင်ခြေ ရှိကြောင်း ရှင်းပြလိုက်၏။ 'နောက်အံ့သြမိတာ တစ်ခု ရှိသေးတယ်၊ အဆိပ်အတောက်ဗေဒ ဌာနက ဂျွန် ဒဲဗရီးကလည်း ညက စစ်

mgyoe.com

mgyoe.com SAMPLE BOOK

ကြည့်တော့ (ကိုယ်ခံ စွမ်းအား) ပြန်ကန်မှု ငြိမ်ဆေး ထိုးထားတာ မတွေ့ဘူး တဲ့'

'မကြာခင်ကမှ နှလုံး အစားထိုးထားတယ် ဆိုရင် ဒါ ဘယ်ဖြစ်နိုင်မလဲ၊ ဒါဆိုရင် နှလုံး အစားထိုးထားတယ် ဆိုတာရော ဟုတ်ရဲ့လား'

ဂျက် သူ ရယ်များ ရယ်လေမည်လားဟု ဘတ်ကို စိုက်ကြည့်နေမိသည်။ သည်မေးခွန်းက မေးရမည့် မေးခွန်း မဟုတ်။ အထူးသဖြင့် နယူးယောက်မြို့၏ ကျွမ်းကျင်သော ဆေးဘက်ဆိုင်ရာ သေမှုစစ် ဆရာဝန် တစ်ယောက်ကို မေးနေသောကြောင့် ဖြစ်သည်။ ကန့်လန့်တိုက်ကာ ပြန်ပြောချင်စိတ်ကို မျိုသိပ်ကာ စားပွဲ အနီးရှိ ခွေးခြေ တစ်လုံးကို ယူထိုင်လိုက်သည်။

'လိုရင်း ပြောရရင် ကျွန်တော် ဒီနေ့ အလုပ်ကို လာရင်း ဒီကို ဝင်တော့ ဂျန်းနစ်နှင့် တွေ့တယ်၊ မနေ့က တစ်ညနေလုံးလည်း ကျွန်တော့်ကို မေ့ပြီး ဖုန်းမဆက်ကြတာလို့ ထင်ခဲ့တယ်၊ ဒါပေမဲ့ မဟုတ်ဘူး၊ ဝတ်ကောင်းစားလှနှင့် ခပ်ချောချော အမျိုးသမီး တစ်ယောက် ပျောက်နေတာကို ဘယ်သူကမှ ဖုန်းမဆက်ကြဘူးတဲ့၊ သူနှင့် နီးစပ်တဲ့ ဟယ်လင် ဆိုတဲ့ အမျိုးသမီးကတောင် ဖုန်းမဆက်ဘူးတဲ့'

'ဂျန်းနစ် ကျွန်တော့်ကို ပြောပြီးပါပြီ၊ အချိန်လည်း သူက ပြောတယ်၊ ခင်ဗျားက အစောကြီးပဲ'

'အဲဒီက ကျွန်တော် ပြန်သွားပြီးတဲ့နောက် ဘာထူးသေးလဲ၊ ခြေရာခံလိုက်မယ့် ဖုန်းမျိုး ဆက်သွယ်ရေး ဌာနကို မဝင်ဘူးလား'

'မဝင်ပါဘူးဗျာ' ဘတ်က ဆိုသည်။

'အတော် စိတ်ပျက်စရာ ကောင်းတာပဲ၊ ဒါဆိုရင် ဒီကိစ္စကို ခင်ဗျား ဘယ်လို ရှင်းမလဲ' ဂျက် စကားကို ချိုချိုသာသာ မပြောချင်တော့။ 'ခင်ဗျား ပြောတော့ ရှစ်နာရီ မတိုင်ခင်တော့ ဘယ်သူမှ သိမှာ မဟုတ်သေးဘူးဆို၊ နှစ်ဆယ့်လေးနာရီ အထိလည်း စောင့်ရနိုင်တယ်ဆို၊ အခုလည်း ခင်ဗျား ပြောတဲ့ နှစ်ဆယ့်လေးနာရီ ရောက်တော့မယ်၊ ဘယ်သူဘယ်ဝါ ဆိုတာ သိရမှ ဖြစ်မယ်၊ အထူးသဖြင့် ဒီကေ့စ်ဟာ ဗိုင်းရပ်စ်ကြောင့် ဆိုရင် ဒါကို မပျံ့အောင် လုပ်ဖို့က အရေးကြီးတယ်၊ အဲဒီလို လုပ်ဖို့ကလည်း သူ ဘယ်သူဘယ်ဝါ ဆိုတာ သိရမှ ဖြစ်မယ်၊ ရဲကြပ်ကြီး မာဖီနှင့် ဟန့် မွန်ရိုးတို့ကို တွေ့ပြီးပလား' မာဖီမှာ နယူးယောက် ရဲဌာန လူပျောက် ရှာဖွေရေး တပ်ဖွဲ့မှ ရဲအရာရှိ ဖြစ်ပြီး ဟန့် မွန်ရိုးကလည်း နိုင်ငံသား စိစစ်ရေး ဌာန၏ ဒါရိုက်တာ ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

'မတွေ့ရသေးဘူး' ဘတ်က ဆိုသည်။

'ဒီအင်န်အေ ဌာနကရော၊ အဲဒီက လူတွေနှင့် ဒီမနက် ခင်ဗျား တွေ့ပြီး ပလား၊ ဘာထူးလဲ'

'ဟင့်အင်း၊ သူတို့ကို မမေးရသေးဘူး၊ အဖြေ သိရဖို့ကလည်း သိပ် စောနေသေးတယ်ဗျ'

'သက်ဆိုင်မယ့် လူမှန်သမျှကို ဖုန်းဆက်ပြီး မီးထိုးပေးဗျာ' ဂျက်က ပြောပြီး ထရပ်ကာ 'ကျွန်တော် အပေါ် တက်ပြီး မာဖီနှင့် မွန်ရိုးတို့ကို ကိုယ်တိုင် သွားတွေ့လိုက်မယ်၊ အခု အချိန်လောက် ဆိုရင် တစ်ခုခုတော့ ထူးမှ ဖြစ်တော့မယ်'

ပြန်အပြောပင် မစောင့်တော့ဘဲ ဂျက် ဓာတ်လှေကားဆီသို့ လျှောက်လာ သည်။

သေသူ၏ ဓာစ်မြစ်ကို သိရေးမှာ ဘတ်တို့၏ အမ်အယ်လ်အိုင် ဌာနတွင် တာဝန် ရှိသည်။ သို့သော် ယခု အမှုကမူ မိမိတို့၏ ဆေးဘက်ဆိုင်ရာ သေမှုစစ် ဆရာဝန်ချုပ်ရုံး (အိုစီအမ်အီး) တစ်ခုလုံးတွင် တာဝန် ရှိသည်ဟု ဂျက် မြင်သည်။

ရဲကြပ်ကြီး မာဖီ၊ အများ အခေါ် မာဖ်ကို အိုစီအမ်အီးသို့ တွဲဖက် ပို့ထား ခြင်း ဖြစ်သည်။ အသက်မှာ ပင်စင် သက်ကျော်နေပြီ ဖြစ်သော်လည်း ထို အတွက် မည်သူကမျှ မကျေမနပ် မရှိကြ။ သူကလည်း အလုပ်ကို ခင်တွယ် သည်။ လူတိုင်းကလည်း သူ့ကို ချစ်သည်။

ဂျက်က မာဖီကို လိုက်ရှာသည်။ အသား နီနီ၊ ဆံပင် ဖြူဖြူနှင့် အိုင်းရစ် လူမျိုး။ မာဖီမှာ အသစ် ရထားသည့် သူ၏ စားပွဲကြီးတွင် ထိုင်ကာ လူငယ် ရုံးအဖွဲ့သား နှစ်ယောက်နှင့် စကားလက်ဆုံ ကျနေသည်။ ထုံးစံ အတိုင်း လက်ထဲမှာလည်း ကော်ဖီ မတ်ခွက်နှင့်။ ဂျက် ဝင်သွားတော့ သူ့မျက်နှာ ပိုမို ပြုံးရွှင်သွားသည်။

သူက ဂျက်ကို လူငယ် နှစ်ဦးနှင့် မိတ်ဆက်ပေးသည်။ သူတို့ သုံးယောက် စလုံး ယူနီဖောင်းတွေနှင့်။

'မနေ့က ဝင်လာတဲ့ အလောင်းနှင့် ပတ်သက်ပြီး ခင်ဗျားကို ပြောစရာ ရှိလို့' ဂျက်က အချိန်ကုန် မခံဘဲ တိုက်ရိုက် ပြောချလိုက်သည်။

'ဘယ်လီပူးက ကော့စ်ကို ခင်ဗျား ပြောချင်တာ မဟုတ်လား၊ ၂၃ လမ်း ဘူတာက သယ်လာတဲ့ လူနာလေ' မာဖီက ကြားဖြတ် မေးလိုက်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

'ဟုတ်တယ်၊ အဲဒါပဲ၊ သူ ဘယ်သူ ဆိုတာ မသိရသေးဘူး၊ ဒီကေ့စ်ဟာ အရေးကြီးနိုင်တယ်၊ စုံစမ်းရေး ဌာနကိုလည်း ဖုန်း မဝင်ဘူးတဲ့၊ ခင်ဗျားတို့ ရော ဘာသတင်း ရထားလဲ'

'မရဘူး၊ ဘယ်လီဗူး အရေးပေါ်ခန်းမှာ တာဝန်ကျတဲ့ ရဲက လူပျောက် ရှာ ရဲတပ်ဖွဲ့ကို ပို့တဲ့ အစီရင်ခံစာ မိတ္တူ တစ်စောင် ကျုပ်ဆီ ပို့ထားတယ်၊ ကျုပ် သိသလောက်တော့ အဲဒီ မြေအောက် ရထားထဲမှာ သေတဲ့ အလောင်း ဘယ်သူ ဆိုတာ မသိရသေးဘူး၊ တခြား နေရာတွေက အစီရင်ခံစာ တချို့လည်း ကျုပ် ရထားတယ်' မာဖီက စားပွဲ ဘေးအံဆွဲကို ဆွဲဖွင့်ပြီး ရှုပ်ပွနေသော စာရွက်များ အတွင်း မွှေကာ ရှာနေသည်။

'လူပျောက်ရှာ ရဲတပ်ဖွဲ့ကရော သိအောင် ဆက်ရှာဖို့ အစီအစဉ် ရှိသလား'

'အဲဒါတော့ ကျုပ် မသိဘူး၊ ရှိရင် ကျုပ်ကို အကြောင်းကြားမှာပေါ့' မာဖီက စာရွက် တစ်ရွက်ကို ဆွဲထုတ်ရင်း ပြောနေသည်။ သူက စာရွက်ကို အမြန် ဖတ်လိုက်ပြီး 'ဟုတ်ပြီ၊ ဒီအမှုကို အမှတ် ဆယ့်သုံး တရားရေး နယ်မြေ က လူပျောက်ရှာ ရဲတပ်ဖွဲ့ကို တာဝန် ပေးထားတယ်၊ ကိုင်တဲ့ ကောင်က ပေါ်လီ ကော်ဆန်ဇာတဲ့၊ သူက အဖွဲ့ ခေါင်းဆောင်ပါ၊ သူ့ဆီကလည်း အစီ ရင်ခံစာ မိတ္တူတွေ ပို့တယ်၊ သူ့ ဖုန်းနံပါတ် ယူမလား'

'ဟုတ်ကဲ့၊ လိုချင်တယ်၊ သူနှင့် စကား ပြောဖြစ်သေးလား' ဂျက်က ပြန်မေးလိုက်သည်။

'ဟင့်အင်း၊ ပြောစရာလည်း အကြောင်း မရှိဘူးလေ၊ ဒီကေ့စ်က စော သေးတယ်၊ နှစ်ဆယ့်လေး နာရီတောင် မရှိသေးတာ' မာဖီက မှတ်စု စာအုပ်ကို ထုတ်ကာ တစ်စုံတစ်ရာ ရေးခြစ်ပြီး 'သူနှင့် အရင်တုန်းကတော့ ပြောဖူးပါ တယ်၊ ခင်ဗျား သိအောင်တော့ ပြောထားမယ်၊ ဒီကောင်က တက်တက်ကြွကြွ ရှိလှတဲ့ ကောင်တော့ မဟုတ်ဘူး'

ဂျက်က ရေးပေးလိုက်သော စာရွက်ကို ယူကာ ဖုန်းနံပါတ်ကို မှတ်ထား လိုက်သည်။ မာဖီ၏ လက်ရေးမှာ ဖတ်မရလောက်အောင် ဆိုးသည်။ ဂျက်က စာရွက်ကို မပျောက်အောင် ပိုက်ဆံအိတ်ထဲသို့ ထည့်ထားလိုက်သည်။

မာဖီက 'ဒီကေ့စ်နှင့် ပတ်သက်ပြီး ကျုပ် သိပ်အံ့သြမိတာ ဘာလဲ သိ လား၊ ကျန်ခဲ့တဲ့ လေးငါးခြောက်နှစ်လောက်က ဒေါက်တာ မောင်ဂိုမာရီ ကိုင် ခဲ့တဲ့ ကေ့စ် တစ်ခုနှင့် တူနေလို့၊ အဲဒီတုန်းကလည်း အလောင်းကို ငါးဆယ့် ကိုးလမ်း ဘူတာရုံက သယ်လာတော့ လူနာ ဘယ်သူဘယ်ဝါ ဆိုတာ မသိဘူး၊



mgyoe.com

mgyoe.com SAMPLE BOOK

အသက် ငယ်တာလည်း တူတယ်၊ ကျကျနန ဝတ်စားထားတာလည်း တူတယ်၊ ဖုန်းဆက်မေးမယ့်လူ မရှိတာလည်း တူတယ်၊ နောက်တော့ မတူတာက အမှုဟာ လူသတ်မှု ဖြစ်ပြီး သေသူက ဂျပန် လူမျိုး အမျိုးသား ဖြစ်နေတာ၊ ကျုပ် ပြောတဲ့ အမှုကို မှတ်မိလား ဒေါက်တာ'

'မှတ်မိပါတယ်' ဂျက်က ဆက်၍ 'ဟုတ်တယ်၊ ကျွန်တော် မေ့တောင် နေတယ်' ချက်ချင်းပင် အသေးစိတ်များ ပြန်မှတ်မိလာသည်။ ကေ့စ် နှစ်ခုမှာ အတော်လေး တူသည်။ ပြန်စဉ်းစားကြည့်တော့ ထိုကေ့စ်ကို ကိုင်စဉ်က လော်ရီ အတော်ပင် ကျွမ်းကျင် လိမ္မာသည်ကို ဂျက် သတိရမိသည်။ ထိုစဉ်ကတော့ မိမိ လှောင်ပြောင်မိခဲ့သေးသည်။ ယခု စဉ်းစားမိတော့မှ မိမိ၏ လိုအပ်ချက်တွေကို သတိထားမိလာသည်။ ထိုသို့ တွေးမိကာ မာဖီအား တစ်ခုလောက် ကူညီနိုင်ပါမည်လားဟု မေးလိုက်သည်။

'ရပါတယ် ဆရာရယ်၊ ပြောပါ'

'အလောင်းကို နှစ်ဆယ့်သုံးလမ်း ဘူတာရုံကနေ သယ်လာတုန်းက ပါခဲ့တဲ့ ရဲအရာရှိရဲ့ နာမည်နှင့် ဖုန်းနံပါတ် လိုချင်တယ်၊ အရေးပေါ် ကယ်ဆယ်ရေး ဆေးအဖွဲ့မှာ အဲဒါမျိုး တစ်ယောက်တော့ ပါရမယ် ထင်တယ်'

'ပါရမှာပေါ့၊ ပြဿနာ မရှိပါဘူး၊ ကျုပ် ကောင်လေး တစ်ယောက်ကို အခု ရှာခိုင်းလိုက်မယ်'

ဂျက်က ပေါ်လီ ကော်ဆန်ဇာ၏ ဖုန်းနံပါတ် ပေးသည့် အတွက်ရော လော်ရီ ကိုင်ခဲ့သည့် ကေ့စ်ကို ပြန်သတိပေးသည့် အတွက်ရော ကျေးဇူးတင်ကြောင်း ပြောလိုက်သည်။ ပြီးတော့ ယခု အလောင်း မည်သူမည်ဝါ ဆိုသည်ကို တစ်ယောက် သိသည်နှင့် ကျန်တစ်ယောက်ကို အသိပေးရန် ကတိ ပြုကာ ဂျက် ထိုရုံးမှ ပြန်လာသည်။ သူ ဆက်သွားရမည်မှာ အသစ် တိုးချဲ့ ဖွဲ့စည်းထားသည့် မနုသဗေဒ ဌာန ဖြစ်သည်။ ထိုဌာနမှာလည်း ထိုအထပ်တွင်ပင် ဖြစ်သည်။ ထို့ကြောင့် ထိုဌာန၏ ဒါရိုက်တာ ရုံးခန်းသို့ ခဏနှင့် သူ ရောက် သွားသည်။

ထိုအခန်း ဘေးတစ်လျှောက်တွင် ဖော်မိုက်ကာကပ် စားပွဲများ တန်းစီ ချထားပြီး ယင်းတို့ အပေါ်တွင်လည်း လူအရိုး အမျိုးမျိုး တင်ထားသည်။

'ကဲ ဘာလုပ်ပေးရမလဲ ဆရာ' ဟန့် မွန်ရိုးက မေးသည်။ သူလည်း ဘတ် အာနိုးလိုပင် ဝဝဖိုင့်ဖိုင့် ဖြစ်သည်။ သူက ခေါင်းတွင် ဆံပင် အပြည့် ရှိနေသည်သာ ကွာသည်။ မျက်နှာ သွင်ပြင်ချင်းကတော့ မတူ။



mgyoe.com

mgyoe.com SAMPLE BOOK

ဂျက် အလုပ် သဘော အရ သူနှင့် မကြာခဏ ဆုံဖူးသော်လည်း သိပ်ရင်းနှီးသည်တော့ မဟုတ်။

အတူ တွဲလုပ်ရသည်မျိုးလည်း မရှိသည့်ပြင် မိမိတို့ ရုံးခန်းများမှာလည်း အဆောက်အအုံ တစ်ခုစီတွင် ဖြစ်နေကြသည်။

'မနေ့က ဝင်တဲ့ မြေအောက် ရထားထဲမှာ သေတဲ့ အမှုနှင့် ပတ်သက်ပြီး ဘာသိထားပြီလဲ' ဂျက်က မေးလိုက်သည်။

ဟန့်က ရီဘက်ကာ မာရှယ်ထံကတော့ ကြားထားကြောင်း၊ အသေးစိတ်တော့ မသိသေးကြောင်း ပြောတော့ ဂျက်က အကြမ်းဖျင်း ရှင်းပြလိုက်သည်။

'ဒီလို အမှုမျိုးက ကျွန်တော်တို့နှင့် သိပ်မပတ်သက်ဘူး' ဟန့်က အရိုးပုံများကို လက်ညှိုး ထိုးပြလျက် 'ဒါတွေက သေတာ အတော် ကြာပြီ၊ နောက်ပြီး စက်တင်ဘာ အကြမ်းဖက် တိုက်ခိုက်မှုမျိုးလို အစုလိုက် အပြုံလိုက် သေဆုံးမှုတွေက အရိုးတွေလေ'

'ကျွန်တော် သဘောပေါက်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့မှာ ဘယ်သူဘယ်ဝါ ဆိုတာ သိဖို့ လိုနေလို့၊ ဒီကေ့စ်ဟာ ကူးစက် ရောဂါ ဖြစ်နိုင်ပြီး ဒီကေ့စ်က ကနဦး ဖြစ်နိုင်တယ်လို့ ကျွန်တော် ထင်နေလို့၊ ရောဂါ မပျံ့အောင် ဆိုရင် အမြန်ဆုံး လုပ်မှ ဖြစ်မှာမို့ပါ၊ ရနိုင်သမျှ အကူအညီတွေ ရမှ ဖြစ်မယ်၊ ထူးဆန်းတာက ဗိုင်းရပ်စ်ကြောင့်လို့ ကျွန်တော် ထင်နေတာကို မယုံသလိုလည်း ဖြစ်နေကြတယ်' ဂျက်က ပြောလိုက်သည်။

'ဆရာ ဒီလောက် အသည်းအသန် လုပ်နေရတာ သိရလို့ စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ တစ်ခု ပြောပါရစေ၊ အခုလို လူတစ်ယောက် ပျောက်သွားတာကို မိသားစုတွေ မိတ်ဆွေ အပေါင်းအသင်းတွေ လုပ်ဖော်ကိုင်ဖက်တွေက မစုံစမ်းဘူး ဆိုတာ ကြားတောင် မကြားဖူးဘူး၊ ဘယ့်နှယ် မပြတ် ဆက်သွယ်လို့ ရနေတဲ့ ဖုန်းတွေလည်း လက်ထဲမှာ ရှိနေကြတာပဲဗျာ'

'ဟုတ်ပါတယ်၊ ဒါပေမဲ့ မဆက်ကြတာက ခက်နေတယ်၊ အခု ဆိုရင် သတ်မှတ်ထားတဲ့ နှစ်ဆယ့်လေးနာရီတောင် စေ့တော့မယ်'

'အဲဒါက ဖြစ်နေကျပဲဗျ' ဟန့်က နှုတ်ခမ်းများကို စေ့ကာ ဆံပင်ကို လက်နှင့် သပ်လိုက်ရင်း 'အခုလိုမျိုး နှစ်ဆယ့်လေးနာရီ ကြာလို့မှ စုံစမ်းမယ့်သူ ပေါ်မလာရင် ဘယ်သူဘယ်ဝါ ဆိုတာ လုံးဝ ဖော်ထုတ်လို့ မရတော့ဘူး၊ အထူးသဖြင့် ဒီအင်န်အေ နည်းပညာ ခေတ်မှာ'

'အားရှိစရာ မကောင်းလိုက်တာ'



mgyoe.com

mgyoe.com SAMPLE BOOK

'ဒီလိုလည်း မဟုတ်ပါဘူး၊ ဖြစ်နိုင်ခြေကို စဉ်းစား ကြည့်ကြတာပေါ့၊ နှလုံး ခွဲစိတ်ထားတယ် ဆိုတာကို ခြေရာ ကောက်ကြည့်နိုင်မလား'

'ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမဲ့ ဘယ်လောက် ရှိလဲ ဆိုတာ ကျွန်တော် မသိဘူး၊ ဒီမြို့ တစ်ခုတည်းမှာတောင် နှလုံး အစားထိုးပေးတဲ့ နေရာတွေ အများကြီး၊ နှစ်စဉ် သူတို့ အစားထိုးပေးတာကလည်း ကော့စ် ရာနှင့် ချီပြီး ရှိနိုင်တယ်၊ နောက်ပြီး သူ အစားထိုးခဲ့တာက ဒီမြို့မှာ ဟုတ်ချင်မှ ဟုတ်ဦးမှာ'

'ဟုတ်ပြီ၊ ကျွန်တော် နားလည်ပါပြီ၊ ကျွန်တော့် အနေနှင့် လုပ်ပေးနိုင်တာကတော့ ကျွန်တော့် ဌာနကနေ တတ်နိုင်သမျှ ကူညီပေးမယ်၊ ဒီအင်န်အေ ဌာနကိုလည်း လုပ်ခိုင်းထား၊ ဒါမှ အဲဒီကနေ တစ်ဆင့် အက်ဖ်ဘီအိုင် ဌာနရဲ့ နိုင်ငံသား ရှာဖွေ စိစစ်ရေး ဌာနကို ပို့ပြီး ရှာလို့ ရမယ်၊ အဲဒီမှာ ကျွန်တော် လုပ်ပေးနိုင်တာက နယူးယောက် ရဲဌာန လူပျောက်ရှာ ရဲတပ်ဖွဲ့မှာ ကျွန်တော့် အဆက်အသွယ်တွေ ရှိတယ်၊ ဒီကောင်တွေကို နည်းနည်း ဖိခိုင်းလိုက်မယ်'



mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ၁၀

အင်္ဂါနေ့၊ နံနက် ၁၀း၄၀ နာရီ၊

ရဲကြပ်ကြီး မာဖီ ရေးပေးလိုက်သည့် စာရွက်ကို အကုန် မြင်ရအောင် ကွန်ပျူတာ ဖန်သားပြင်တွင် ကပ်လိုက်ရသည်။ ပြီးတော့ ပေါ်လီ ကော်ဆန်ဇာထံ ဖုန်းခေါ်လိုက်၏။ ယခု သူ့ရုံးခန်းထဲ ပြန်ရောက်နေပြီ ဖြစ်ရာ စိတ်ရှည်စွာ ဆက်သွယ် မေးမြန်းရတော့မည် ဖြစ်သည်။ ဖုန်းခေါ်ထားစဉ် ခြေထောက်များကို စားပွဲပေါ် တင်ကာ ကော်ဖီကို မတ်ခွက်ဖြင့် မြှုံနေ၏။

စာရေး စက္ကူပေါ်တွင် ဘောပင် တစ်ချောင်းဖြင့်လည်း တစ်ဖက်တွင် ဖုန်းသံ တစ်ချက် မြည်တိုင်း အမှတ်မထင် တစ်ချက် တို့မှတ်နေမိသည်။ တစ်ဖက်တွင် ဖုန်းခေါ်သံ အချက် နှစ်ဆယ်ခန့် မြည်ပြီးသော အခါ သူ ဆက်သည့် လိုင်းခွဲဖုန်းတွင် ကိုင်မည့်သူ မရှိဟု သဘောပေါက်လိုက်သည်။ အချက် သုံးဆယ်ခန့် မြည်ပြီးလျှင်တော့ ဌာန၏ ပင်ရင်း ဖုန်းနံပါတ်ကို ဆက်၍ ကော်ဆန်ဇာ ရှိမည့် နေရာကို မေးရန်သာ ရှိတော့သည်။ ထိုသည်မှာလည်း အတွေ့အကြုံ အရ အဆင်မပြေတတ်ကြောင်း သူ သိနေသည်။

တစ်ဖက်တွင် ဖုန်းခေါ်သံ ၃၆ ကြိမ် မြည်အပြီး ဂျက်လည်း လက်လျှော့တော့မည့်ဆဲဆဲ တစ်ဖက်မှ ဖုန်းကိုင်လာတော့သည်။ ကိုင်သူမှာလည်း မိမိ ဆက်ချင်သည့် ရဲစုံထောက် ကိုယ်တိုင် ဖြစ်နေသဖြင့် အံ့သြမိသည်။

စစချင်း ပြောချင်လွန်း အားကြီးကာ ဂျက် စကားတွေ အထစ်ထစ် အငေါ့ငေါ့ပင် ဖြစ်နေသည်။ မိမိ မြန်မြန် မပြောလျှင် တစ်ဖက်မှ ဖုန်းချသွားမည်ကိုလည်း စိုးရိမ်နေ၍ ဖြစ်သည်။ ထို့နောက်မှ မိမိကိုယ်ကို မိတ်ဆက်ကာ အကျိုးအကြောင်း ရှင်းပြလိုက်သည်။

'အဲဒီ ကေ့စ် ကျွန်တော် သိပါတယ်' သူ့အသံက စိတ်မပါသည့် အသံနှင့်။



mgyoe.com

mgyoe.com SAMPLE BOOK

'ဟုတ်ကဲ့ပါဗျာ၊ အဲဒီကေ့စ်ကို ဆရာ ကိုင်ရတယ်လို့ သိထားလို့ပါ'

ပြန်အပြောကို ဂျက် စောင့်နေစဉ် တစ်ဖက်မှ ဖုန်းသံ ပျောက်သွားသည်။ ဂျက်က 'ဟဲလို' ဟု အကြိမ်ကြိမ် ထပ်ခေါ်သော်လည်း ပြန်ပေါ်မလာ။ ဖုန်းကို ဖြတ်လိုက်သည် ထင်၏။

'ဟဲလို' အသံ ပြန်ပေါ်လာသည်။

'ကျွန်တော် ပြောတာ မဟုတ်ဘူးလားဗျာ၊ အဲဒီ ကေ့စ် ဆရာ ကိုင်ရလား၊ မကိုင်ရဘူးလား' ဂျက်က မေးလိုက်သည်။

'ကျွန်တော် ကိုင်ရပါတယ်' ပေါ်လီက ပြန်ပြောသည်။

'ကောင်းပါပြီ၊ ဒါဆိုရင် အခု အထိ ဘာထူးလဲ၊ ကျွန်တော်တို့ သေမှုစစ် ဆရာဝန်ရုံးက အလောင်း မည်သူမည်ဝါ ဆိုတာ မသိရသေးလို့၊ အဲဒါကို သိရဖို့ အရေးကြီးနေလို့ပါ'

'အခု အထိ ဘာထူးလဲ ဆိုတာ ဘာပြောချင်တာလဲ၊ ဘယ်လီဖူး အရေးပေါ် ဌာနက ကျုပ်ဆီကို အစီရင်ခံစာ တက်လာတယ်၊ ကျုပ်က ထုံးစံအတိုင်း လူပျောက်ရှာ ရဲတပ်ဖွဲ့ဆီ ဆက်ပို့တယ်၊ ဆေးဘက်ဆိုင်ရာ သေမှုစစ် ဆရာဝန်ရုံး (အိုစီအမ်အီး) ကိုလည်း မိတ္တူ ပို့လိုက်တယ်၊ အဲဒီက ဘယ်သူ ဆိုလဲဗျာ'

'ရဲကြပ်ကြီး မာဖီကို ပြောတာလား' ဂျက်က ပြန်မေးလိုက်သည်။

'ဟုတ်တယ်၊ ဟုတ်တယ်၊ အဲဒီလူပဲ'

'ဟုတ်ပါပြီ၊ ဒါဆိုရင် လူပျောက်ရှာ ရဲတပ်ဖွဲ့က အခု ဘာလုပ်ထားလဲ'

'လူပျောက် စာရင်းထဲ မှတ်ထားတာထက်တော့ ပိုလုပ်ထားမယ် မထင်ဘူး၊ ကျွန်တော်တို့ဆီမှာ နေ့စဉ် လူပျောက် တိုင်တာ သုံးဆယ့်ငါးယောက် ပတ်ဝန်းကျင်လောက် ရှိတယ်၊ တစ်နှစ်မှာလည်း သုံးရာခြောက်ဆယ့်ငါးရက် ရှိတယ် ဆိုတော့ အဖွဲ့မှာ အမှုပေါင်းက သောင်းသုံးထောင်နီးပါး ရှိနေတာ'

'အခု ကေ့စ်မှာ ဆရာက တာဝန်ကျတယ် ဆိုတော့ ဘာတွေ လုပ်ရလဲ' ဂျက်က အငေါ်တူးချင်စိတ်ကို ချိုးနှိမ်ကာ မေးလိုက်သည်။

အသံ အနည်းငယ် တိတ်နေပြီးမှ ပေါ်လီက 'ဒီမယ် ဒေါက်တာ၊ ကျွန်တော် ပို့ရမယ့် စာရွက်စာတမ်းတွေ သက်ဆိုင်ရာ နေရာတွေကို ပို့ပြီးပြီ၊ အဲဒီကတည်းက ကျွန်တော် စောင့်နေတာပဲ'

'ဘာကို စောင့်နေတာလဲ'

'နောက် ဘာထပ်သိရမလဲ ဆိုတာပေါ့၊ အခု အထိ ဘာမှ မလာဘူး၊ ပတ္တရောင် ရဲအရာရှိဆီက အကြမ်းဖျင်း သိရတာလောက်ပဲ ရှိသေးတယ်၊ စာ

mgyoe.com

mgyoe.com SAMPLE BOOK

ရှက်စာတမ်း၊ ဓာတ်ပုံ၊ အမာရွတ်၊ မင်ကြောင် ထိုးထားတာ ရှိ မရှိ၊ ရဖို့ ကျုပ် လိုတယ်၊ အဲဒါတွေ ရရင် ပြည်နယ် အဆင့် ကျွန်တော် လုပ်စရာ ရှိတာတွေ လိုက်လုပ်ရမယ်၊ အဲဒီ အပြင် ဒီအင်န်အေ ဌာနက သတင်းကိုလည်း စောင့်ရဦးမယ်၊ နောက်ပြီး ကျွန်တော့်မှာ ဒီကေ့စ် အပြင် လူပျောက် တိုင်ထားတဲ့ အမှု တစ်ရာ့ခုနစ်မှု ရှိနေသေးတယ်'

ထို့နောက် ဂျက်က သူ့ကို ကျေးဇူးတင်ကြောင်း ပြောလိုက်သည်။ နောက်ပြီး တစ်စုံတစ်ခု သိရလျှင် မိမိအား အကြောင်းကြားနိုင်စေရန် ဖုန်းနံပါတ်လည်း ပေးလိုက်သည်။ မိမိကလည်း အကြောင်းထူး သိရလျှင် ပြောပါမည်ဟု ကတိ ပေးကာ ဖုန်းချလိုက်သည်။

မိမိလည်း ပြည်သူ့ ဝန်ထမ်းပင်။ သို့တစေ ဌာန ဆိုင်ရာ ဝန်ထမ်းတွေနှင့် ဆက်ဆံရသည်မှာ စိတ်ညစ်ရသည်။ ရဲစုံထောက် ကော်ဆန်ဇာလည်း ထိုနည်း လည်းကောင်းပင်။ သည်လူ အလုပ်ကို တာဝန် ကျေရုံသာ လုပ်သည်ဟု ဂျက် ခန့်မှန်းမိသည်။ ထို့နောက် ရဲကြပ်ကြီး မာဖီထံ ဖုန်းဆက်လိုက်သည်။ အလောင်း ဓာတ်ပုံများ၊ မင်ကြောင် ဓာတ်ပုံများ၊ လက်ဗွေများ ရ မရ မေးရန် ဖြစ်သည်။

ထို့နောက် ပြည်သူ့ လုံခြုံရေးဆိုင်ရာ စုံစမ်းရေး ဌာနတွင် လော်ရီ၏ အသိ တစ်ယောက် ရှိကြောင်း သွားသတိရမိသည်။ ထိုအမျိုးသမီး အကြောင်းကို မိမိနှင့် လော်ရီတို့ မကြာသေးခင်ကပင် ပြောဖြစ်ကြသေးသည်။ ပထမ တွင် ဘရုတ်ကလင်းရှိ သူတို့၏ ဌာန ၁ တွင် လုပ်နေခဲ့ရာမှ ဘရွန့်ရှိ ဌာန ၂ သို့ ပြောင်းသွားခဲ့သည်။ ဂျပန် လူမျိုး တစ်ယောက် လူသတ်မှုကို လော်ရီ စုံစမ်းရာတွင် ထိုအမျိုးသမီး အတော်ပင် အကူအညီ ပေးခဲ့သည်။ မိမိကိုလည်း အလားတူ အကူအညီ ပေးနိုင်လိမ့်မည်ဟု ဂျက် တွက်သည်။ သူမ၏ နာမည်ကို မှတ်မိဖို့တော့ လိုသည်။ လော်ရီအား ဖုန်းဆက်မေးလျှင် ကောင်းမည်လားဟု တွေးသည်။ သို့ဆိုလျှင် မိမိ ဘာကြောင့် မေးသည်ကို လော်ရီ သိချင်နေဦးမည်။ မိမိ လုပ်နေသည်ကို လော်ရီ မသိစေချင်။

သူ၏ ရုံးဖုန်း မြည်လာသဖြင့် ဂျက် အာရုံ ပြတ်သွားရသည်။

ဆက်သူမှာ ရဲကြပ်ကြီး မာဖီတည်း။

'အလောင်း သယ်တဲ့ အဖွဲ့ထဲက တာဝန်ကျ ရဲရဲ့ နာမည်၊ ကိုယ်ပိုင် အမှတ်နှင့် ဖုန်းနံပါတ်တွေ ရထားပြီ၊ စာရွက်နှင့် ခဲတံ ရှိရင် ယူလိုက်၊ ဒါမှမဟုတ် ဖုန်း မက်ဆေ့ချ်နှင့် ပို့လိုက်ရမလား' မာဖီက ပြောသည်။



mgyoe.com

mgyoe.com SAMPLE BOOK

'စာရွက်နှင့် ခဲတံ ရှိပါတယ်၊ ပြောပါ'

'သူ့နာမည်က ဒိုးမနစ် ဂိုလက်ကီတဲ့' မာဇီက နာမည် စာလုံးပေါင်းကို ပေါင်းပြပြီး ထိုရဲ၏ ကိုယ်ပိုင် အမှတ်နှင့် ဖုန်းနံပါတ်များကိုပါ ပြောပြပြီး 'ပိုလန် လူမျိုးလို့တော့ ပြောတာပဲ'

ဂျက်က ထိုဖုန်းနံပါတ်ကို ဆက်မည် ပြုပြီးမှ နိုင်းဝမ်းဝမ်း၏ ကြီးကြပ်ရေးမှူး၏ အမည်ကို သွားသတိရသည်။ စင်သီယာ ဘဲလိုး ဖြစ်၏။ ဂျက်တွင် ဘရုတ်ကလင်း နိုင်းဝမ်းဝမ်း၏ ဖုန်းနံပါတ် ရှိသော်လည်း ဘရွန့် နိုင်းဝမ်းဝမ်း၏ ဖုန်းနံပါတ်က မရှိ။ ထို့ကြောင့် မာဇီထံ ဖုန်းပြန်ဆက်ရသည်။ ခဏ ကြာတော့ ဂျက်မှာ ပြည်သူ့ လုံခြုံရေး ဆိုင်ရာ စုံစမ်းရေး ဌာနနှင့် ဆက်မိသွားသည်။ သူက စင်သီယာ၏ လိုင်းခွဲ ဖုန်းကို ဆက်ပေးရန် ပြောလိုက်သည်။

စိတ်ထဲတွင် သိပ်မထင်သော်လည်း ထိုအမျိုးသမီးနှင့် တိုက်ရိုက် ဆက်မိလိုက်သည်။ ဂျက်က မိမိ မည်သူ ဖြစ်ကြောင်း၊ အထူးသဖြင့် ဒေါက်တာ လော်ရီ မောင်ဂိုမာရီ၏ ခင်ပွန်း ဖြစ်ကြောင်း အပြင် လော်ရီမှာ ယခု ဆေးဘက်ဆိုင်ရာ မှုခင်း ဆရာဝန် ရုံးတွင် တာဝန်ခံ ဆရာဝန်ကြီး ဖြစ်သွားပြီ ဖြစ်ကြောင်း ပြောပြလိုက်သည်။ ထိုသတင်းကို စင်သီယာ မသိသေးသဖြင့် သူမ ဝမ်းသာအားရ ဖြစ်သွားသည်။

'ကျွန်တော် အကူအညီ တစ်ခု တောင်းချင်လို့ ဖုန်းဆက်တာပါ၊ အဲဒါမျိုး လော်ရီကိုလည်း ခင်ဗျား တစ်ခါက လုပ်ပေးခဲ့ဖူးပါတယ်၊ နိုင်းဝမ်းဝမ်းကို ဖုန်းဆက်တဲ့ လူတစ်ယောက်ရဲ့ နာမည်ကို သိချင်တာပါ၊ ဆက်တာက မနေ့ကပါ၊ မြေအောက် အာရ် ရထားက လှမ်းဆက်တာ၊ ခရီးသည် တစ်ယောက် နေမကောင်းလို့ ဆိုပြီး ဖုန်းဆက်တာလေ' ဂျက်က မေးလိုက်သည်။

'ဘယ်အချိန်လောက်က ဆက်တာလဲ ဆရာ၊ ကျွန်မတို့ဆီကို အရေးပေါ် ကိစ္စနှင့် တစ်နေ့ကို ဖုန်း အကြိမ် တစ်ရာ့ရှစ်ဆယ်လောက် ဝင်လို့ပါ'

'အချိန်·အတိအကျတော့ ကျွန်တော် မပြောတတ်ဘူးဗျ၊ ဒါပေမဲ့ သယ်ယူရေး အဖွဲ့ထဲမှာ တာဝန်ကျမယ့် ရဲအဖွဲ့သားကို ဘယ်အချိန်လောက် ဖုန်းဆက် အသိပေးလဲ ဆိုတာတော့ ရှာလို့ ရမယ် ထင်တယ်'

'ခန့်မှန်းချိန်လောက်ရော သိမလား'

'အာ သိတယ်၊ မနက် ဆယ်နာရီ ဝန်းကျင်လောက်ပဲ'

'အဲဒီလောက် ဆိုရင် ရပါပြီ၊ ကျွန်မ ရှာကြည့်ပေးမယ်၊ ဖုန်းနံပါတ် ပေးခဲ့ပါလား၊ ပြန်ဆက်ပေးမယ်'



mgyoe.com

mgyoe.com
SAMPLE BOOK

စင်သီယာအား မိမိ၏ မိုဘိုင်းဖုန်း နံပါတ် ပေးပြီးနောက် ဂျက် ဖုန်း ချလိုက်သည်။

ဖုန်းချပြီးကာမှ မိမိထံ ဘယ်အချိန်လောက် ပြန်အကြောင်းကြားမည်လဲဟု မေးရန် မေ့သွားကြောင်း သတိရတော့သည်။

ဒိုးမနစ် ဂိုလက်ကီ၏ ဖုန်းနံပါတ်ကို ကြည့်ပြီး ယင်းမှာ မိမိ နောက်ထပ် ဆက်ရမည့် ဖုန်းပါလားဟု သိလိုက်သည်။ သို့သော် သူက မဆက်သေး။ လော်ရီတုန်းက ကြားစခန်း ဆက်သွယ်ရေး ရဲအဖွဲ့၏ အထူး စုံစမ်း ထောက်လှမ်း ရဲတပ်ဖွဲ့၏ အကူအညီ များစွာ ရခဲ့ဖူးသည်။ ထိုစဉ်က ဗီဒီယိုခွေပါ ရခဲ့သဖြင့် လူသတ်မှုမှန်း လော်ရီ သိခဲ့ရသည်။ မြေအောက် ရထားထဲတွင်လည်း စီစီတီဗီ ရိုက်ထားသည် ဖြစ်၍ ထိုအခွေများ ရရန် သူ စိတ်ကူးမိသည်။ ထိုအခွေ ရလျှင် သေသူ၏ ဖုန်းနှင့် ပိုက်ဆံအိတ် မည်သူ ယူသွားသည်ကို တွေ့ရမည်။ ထိုမှ တစ်ဆင့် ခြေရာခံ၍ ရနိုင်မည် ဖြစ်သည်။

သို့သော် စဉ်းစားကြည့်လေ မဖြစ်နိုင်လေကို တွေ့ရသည်။ ယူသွားသူများကို တွေ့သည်ပဲထား၊ ထိုသူခိုးများကို ရှာရန်မှာ မလွယ်။ အချိန်လည်း အများကြီး ကုန်မည်။ အချိန်က တန်ဖိုး ရှိနေသည်။

ထို့ကြောင့် ဂိုလက်ကီ၏ ဖုန်းနံပါတ် ပါသော စာရွက်ကို လုံးခြေကာ အမှိုက်ခြင်းထဲသို့ ဘတ်စကက်ဘော ဂိုးသွင်းသည့် ဟန်ဖြင့် လှမ်းပစ်လိုက်သည်။

ဖုန်းဆက်ရ၊ အမှု အကြောင်း စဉ်းစားရနှင့် လူလည်း ငြီးငွေ့လှပြီ။

ထိုစဉ် သူ့ မိုဘိုင်းဖုန်းမှ မီးသတ် ဥသြသံဖြင့် ထမြည်ပြန်သည်။

ဖုန်းခေါ်သံကို ပြန်ပြောင်းမထားမိခဲ့ပြန်။

'တွေ့ပြီ ဆရာ' စင်သီယာ၏ အသံ ဖြစ်သည်။ 'ဆရာ ပြောတဲ့ အချိန်က အတော်လေး နီးစပ်တယ်၊ ပထမ တစ်ကော ဝင်တာက မနက် ဆယ်နာရီ နှစ်မိနစ်၊ နောက်ထပ် နှစ်ကြိမ်လည်း ဝင်သေးတယ်၊ အဲဒါတွေက အရေးပေါ် ဆေးအဖွဲ့ကို အကြောင်းကြားပြီး သွားနေကြပြီ ဆိုတာ ဆက်ပြောတာ၊ ဆက်တဲ့ လူ နာမည်နှင့် ဖုန်းနံပါတ် ရပြီ၊ ဆရာ ယူမလား'

'ယူမှာပေါ့' ဆက်သူ အမည်က တက်စ် အဂ္ဂန် ဟူ၏။ 'ကျေးဇူး အထူးပဲ'

'ရပါတယ် ဆရာရယ်၊ လော်ရီကိုလည်း ပြောလိုက်ပါ ရာထူး တက်တာ ဝမ်းသာတယ်လို့'

mgyoe.com

mgyoe.com SAMPLE BOOK

'ပြောလိုက်ပါ့မယ်၊ ကျေးဇူးပါ' ဂျက် မှသား သုံးလိုက်သည်။ ယခု ကဲ့သို့ တွေ့သည့် ကိစ္စကို ဂျက် လော်ရီအား ပြောမည် မဟုတ်။ မိမိအား ဟိုမေး သည်မေး လုပ်လာဦးမည်။

စင်သီယာနှင့် ဖုန်း ဖြတ်လိုက်ပြီးနောက် မစ္စ အဂ္ဂန်ထံ ဆက်လိုက်သည်။ ထင်သည့် အတိုင်း ထိုအမျိုးသမီးမှာ အလုပ် လုပ်နေသဖြင့် အသံဖိုင်ဖြင့် မှာ ထားခဲ့ရသည်။ မိမိ မည်သူမည်ဝါ ဖြစ်ကြောင်းလည်း တိတိကျကျ ထည့်ပြော ထားခဲ့သည်။ ယမန်နေ့က သူမ နိုင်းဝမ်းဝမ်းသို့ ဖုန်းခေါ်ထားသည်နှင့် ပတ် သက်၍ မေးလိုကြောင်းလည်း ပြောထားခဲ့၏။ မိမိ၏ မိုဘိုင်းဖုန်း နံပါတ်လည်း ပေးခဲ့သည်။

ထိုသည်များပြီးတော့ ဂျက် ကုလားထိုင်တွင် နောက်မှီ ထိုင်ကာ မျက်နှာ ကြက်ကို ကြည့်နေပြန်သည်။ လောလောဆယ်တွင် မိမိ ဘာမျှ ဆက်မလုပ်နိုင် သေး။ နောက်ပြီး သေသူ မည်သူမည်ဝါ ဖြစ်သည်ကို သိအောင် လုပ်ရန်မှာ လည်း မိမိ အလုပ် မဟုတ်။ မနေနိုင်သဖြင့် ဝင်လုပ်နေခြင်း ဖြစ်သည်။ အိမ် တွင်း စိတ်ညစ်စရာများကို အစားထိုးနေခြင်းမျှသာ ဖြစ်သည်။

'ဟဲလို၊ ဒေါက်တာ စတေပဲလ်တန်' ထိုအသံနှင့် အတူ ဟထားသော မိမိ အခန်းတံခါးအား ခေါက်သံ ပေါ်လာသည်။

ဂျက် ကြည့်လိုက်တော့ အမျိုးသမီး တစ်ယောက်၏ မျက်နှာ ဖြစ်နေ သည်။ ကျောင်းပြီးထားသည့် အရွယ်နှင့် မတူ၊ ဆယ်ကျော်သက် အရွယ် မျက်နှာနှင့် တူနေသည်။ ယင်းမှာ ဆေးဘက်ဆိုင်ရာ မှူခင်း စုံစမ်း ထောက် လှမ်းရေး ဌာနတွင် အသစ် ဝင်လာသူမှန်း ခပ်ဝါးဝါး မှတ်မိလိုက်သည်။ မိမိ တို့၏ အိုစီအမ်အီး ဌာနမှာ အဆောက်အအုံ နှစ်ခုတွင် နှစ်ခြမ်း ကွဲနေသည် ဖြစ်၍ ယခုကဲ့သို့ မမှတ်မိတမိ ဖြစ်နေရခြင်း ဖြစ်သည်။

'မစ္စတာ ဘတ် အာနိုးက ကျွန်မကို ဒီဆလိုက်တွေ စစ်ခိုင်းပြီး ဆရာ့ဆီ လာပေးဖို့ ခိုင်းထားလို့ပါ' ဆေးဘက်ဆိုင်ရာ မှူခင်း စုံထောက်က ဆိုသည်။ သူမက အဏုကြည့် မှန်ဆလိုက်များ ထည့်ထားသော ဗန်းကို ဂျက်အား ကမ်း ပေးနေသည်။ ပြီးတော့ ခေါင်းကို လှဲကာ ကုပ်ဝဲ ဆံပင်တို့ကို ဝေ့တင်လိုက်ပြီး ပြန်ထွက်သွားတော့သည်။

ဂျက် မျက်စိ ပေကလတ် ပေကလတ် ဖြစ်သွားသည်။ တွေ့လိုက်သည်မှာ ရုတ်ခြည်း ဖြစ်၍ ဆလိုက်ဗန်းကိုသာ ကိုင်မထားမိလျှင် မိမိစိတ်၌ ထင်ယောင် မြင်ယောင် ဖြစ်ခြင်းမျှဟု ထင်မိမည်။ ဆလိုက်များကို ကြည့်လိုက်တော့မှ ဘတ်



mgyoe.com

mgyoe.com SAMPLE BOOK

အဘယ်ကြောင့် လူကိုယ်တိုင် ပေးခိုင်းလိုက်သည်ကို သဘော ပေါက်လိုက်သည်။ ယင်းတို့မှာ ဂျိန်း ဒိုး၏ ဆလိုက်များ ဖြစ်သည်။ ဘတ်မှာ ကလာပ်စည်းဗေဒ ဌာနအား စွမ်းဆောင်ရည် မြင့်အောင် လုပ်ထားဟန် ရှိသည်။

ထို့နောက် ဘီးတပ်ထားသော မိမိ ကုလားထိုင်ကို ထိုင်လျက် မိုက်ကရိုစကုတ် ရှိရာသို့ ရွေ့လာသည်။ ပြီးတော့ မီးဖွင့်လိုက်သည်။ ပထမဆုံး ဆလိုက်များမှာ အဆုတ်ပုံများ ဖြစ်ပုံ ရသည်။ တစ်ရှူးများတွင် ဖူးရောင် နီရဲနေသည်များ တွေ့နေရသည်။ အကျယ် ချဲ့ကြည့်တော့ ပိုသိသာသည်။ ယင်းမှာ ကိုယ်ခံအားက အဆုတ်ကို တိုက်ခိုက်သည့် ဆိုက်တိုကိုင်း မုန်တိုင်း ပုံစံနှင့် တူနေသည်။ အကယ်၍သာ ယင်းမှာ ဗိုင်းရပ်စ်ကြောင့် ဖြစ်သည် ဆိုလျှင် ထို ဗိုင်းရပ်စ်သည် ကိုယ်ခံအားကို အလွန်အကျွံ တိုက်ခိုက်လာအောင် နှိုးဆွပေးသည့် အန္တရာယ် များသော ဗိုင်းရပ်စ် ဖြစ်ပေမည်။

ထို့နောက် နှလုံး ဆလိုက်များကို ယူကာ ပထမ တစ်ခုကို မိုက်ကရိုစကုတ် အောက်သို့ သွင်းမည် အပြု သူ့ မိုဘိုင်းဖုန်း မြည်လာသဖြင့် လန့်သွားရပြန်သည်။ သည်တစ်ခါလည်း ဖုန်းခေါ်သံကို ပြန်မပြောင်းမိသေး။ သို့ဖြင့် ဖုန်းကို ကောက်ယူကာ နားထောင်လိုက်သည်တွင် 'ဒေါက်တာ စတေပဲလ်တန်ပါလား' နွဲသံ ပါပါ အသံ တစ်သံက မေးသည်။

'ဟုတ်ပါတယ်' သူက ပြန်ပြောရင်း ဖုန်းမြည်သံကို ပြန်ပြောင်းနေလိုက်သည်။

'ကျွန်မက တက်စ် အဂ္ဂန်ပါ၊ မနေ့က ကျွန်မ နိုင်းဝမ်းဝမ်းကို ဖုန်းခေါ်မှုနှင့် ပတ်သက်ပြီး ဆရာ့ကို ဖုန်း ပြန်ဆက်ဖို့ ဆရာ အသံဖိုင် ထားခဲ့တယ်လေ'

'ဩော် ဟုတ်ပါတယ်'

'ဆရာက ဆေးဘက်ဆိုင်ရာ သေမှုစစ် ဆရာဝန် ဆိုတော့ ကျွန်မ ဆက်ရတဲ့ မိန်းမ ကိစ္စဟာ ဆရာနှင့် မဆိုင်ဘူး ထင်တယ်'

'ဟုတ်ပါတယ်၊ မဆိုင်ပါဘူး၊ ဒါပေမဲ့ အဲဒီ မိန်းမက ဘယ်လီဗူး ဆေးရုံကို ရောက်ရောက်ချင်းပဲ သေသွားခဲ့လို့ပါ'

'ဟာ စိတ်မကောင်းစရာဘဲ' တက်စ်က ဆက်၍ 'ငယ်ငယ်ပဲ ရှိသေးတယ်၊ သူ ကျွန်မ အသက်လောက်ပဲ ရှိဦးမယ်၊ လှလည်း လှတယ်၊ ဆံပင် ပုံစံကလည်း ကျွန်မ အတိုင်းပဲ၊ စောစောပိုင်းက ကျွန်မ သူနှင့်တောင် စကားပြောဦးမလို့ စိတ်ကူးလိုက်သေးတယ်'

'ဒါဆိုတော့ အဲဒီ ရထားပေါ်မှာ ခင်ဗျားလည်း ပါလာတာပေါ့နော်'



mgyoe.com